မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၀၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက်၊ စနေနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဘက်စုံပို့ဆောင်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ အမှတ်၊ ၃၃/၂၀၁၄

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ဘက်စုံပို့ဆောင်ရေးဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း

ဘက်စုံပို့ဆောင်ရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်)နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၈/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)တို့အရ နိုင်ငံတော်သမ္မတရုံးက ၃၀-၃-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ်(၂၃/၂၀၁၁)နှင့် အမိန့်အမှတ်(၂၆/၂၀၁၁) တို့ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ရေးဆွဲနိုင်ခြင်းဖြင့် သာသနာတော်ကြီးသန့်ရှင်းစင်ကြယ်ကာ ရေရှည်တည်တံ့မည်

နေပြည်တော် မေ ၂၅

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းရှိပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများကို ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ကျင်းပခဲ့ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သာသနာတော် အဆုံးအမအောက်တွင် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်။

ရှပ်ပြေးရေယာဉ်များပြေးဆွဲ၍ ခရီးသည်များအဆင်ပြေ

ဗန်းမော် မေ ၂၅

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ သုံးပေခန့်တက်လာသဖြင့် ရှပ်ပြေးရေယာဉ်များ မြို့မဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားနိုင်သဖြင့် ရေယာဉ်စီးခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ပူပြင်းခြောက်သွေ့ရာသီကာလတွင် ဆည်မြောင်း၊ ကန်ချောင်းနှင့် မြစ်များ ရေလျော့နည်းချိန်ဖြစ်သည်။ နှစ်စဉ်မတ်လအကုန်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာ၍ ရေယာဉ်များခုတ်မောင်းသွားလာမှု အဆင်ပြေကြသော်လည်း ယခုနှစ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှု နောက်ကျခဲ့သည်။

"ဗန်းမော်-ကသာ-မန္တလေး ပြေးဆွဲလျက်ရှိသော မနောဇေယျာ မန္တလာ ခရီးသည်ပို့ဆောင်ရေး

စာမျက်နှာ ၁၃ ကော်လံ ၅ ✪

[illegible]

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အနာဂတ်တွင် ဦးဆောင်ဦးရွက်ပြုမည့်လူငယ်များ

“ယနေ့ လူငယ် နောင်ဝယ်လူကြီး”ဆိုသော စကားရှိပါသည်။ လူငယ်များသည် နောင်သောအခါ တိုင်းပြည်၏ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ကြရမည့်သူများဖြစ်ပါသည်။ လူငယ်လူရွယ်တိုင်းသည် ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ဉာဏစွမ်းရည်ထူးချွန်ထက်မြက်သူများဖြစ်ကြရပါမည်။ အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်ရပါမည်။ မိတ္တဗလပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူများဖြစ်ရပါမည်။ ဗဟုသုတပြည့်စုံသူများ ဖြစ်ရပါမည်။ ဤသို့ဗလငါးတန်နှင့် ပြီးပြည့်စုံသူများဖြစ်မှသာလျှင် အနာဂတ်ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်ကို ထူထောင်ရာတွင် များစွာအထောက်အကူပြုနိုင်ကြမည်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့အနေဖြင့် ထူးချွန်ထက်မြက်သော လူငယ်များ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို အထူးအာရုံစိုက်လုပ်ဆောင်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့်ကင်းထောက်လူငယ်မောင်မယ်များကို လာမည့် မေ ၃ ရက်တွင် နေပြည်တော်၌ တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားကြီးတစ်ရပ်ပြုလုပ်သွားရန် စီစဉ်လျက်ရှိပါသည်။ ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး၊ ထူးချွန်ကြက်ခြေနီ ၁၄၆ ဦးနှင့် ကင်းထောက်လူငယ် ၄၉၀ တို့အား သက်ဆိုင်ရာ စခန်းအသီးသီး၌ စခန်းချလေ့ကျင့်ခြင်း၊ ဒေသန္တရဗဟုသုတများ ရှာမှီးခြင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝများကို ကွင်းဆင်းလေ့လာခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းနှင့်အပန်းဖြေအနားယူခြင်းတို့ကို စခန်းဝင်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ဘက်စုံပညာထူးချွန်လူငယ်များကို ငွေဆောင်၊ အင်းလေးနှင့် ပုဂံတို့တွင်လည်းကောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များကို ရန်ကုန်တွင်လည်းကောင်း၊ ကင်းထောက်လူငယ်များကို ပြင်ဦးလွင်တွင်လည်းကောင်း စခန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် လူငယ်ပေါင်း ၁၆ သန်းကျော်ရှိရာ ဤကဲ့သို့ ထူးချွန်လူငယ်များကို ဂုဏ်ယူအားကျကြိုးစားအားထုတ်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့နိုင်ငံတွင် လူတော်လူကောင်း လူရည်ချွန်ပညာတတ်များ ပေါများလာပြီး ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်ထူထောင်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ လူငယ်လူရွယ်သည် တိုင်းပြည်၏ အနာဂတ်ဖြစ်ပါသည်။ အနာဂတ်တိုင်းပြည် ထူထောင်ရေးတွင် လူတော် လူကောင်း များ လိုအပ်လျက်ရှိရာ ထူးချွန်ထက်မြက်ပြီး ဗဟုသုတကြွယ်ဝ၍ အကျင့်စာရိတ္တကောင်းသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိပါသည်။ လူငယ်များကိုယ်တိုင်ကလည်း ဤကဲ့သို့ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် အစဉ်ကြိုးစားအားထုတ်နေကြရမည်ဖြစ်ပါသည်။ ဤကဲ့သို့ ထူးချွန်လူငယ်များ မွေးထုတ်ပေးနိုင်ခြင်းဖြင့် အနာဂတ်တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်ဦးရွက်ပြုလာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေး

စစ်တွေ မေ ၂၅

ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည်။

ထောက်ပံ့ပေး

မေ ၂၄ ရက်က စစ်တွေမြို့နယ်ခေတ္တကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်ကြည်သာ၊ ကျန်းမာရေးမှူး (၁) ဦးစောဝင်းမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် စစ်တွေမြို့ ဓာတ်ဆီတန်းကယ်ဆယ်ရေးစခန်းရှိ အသက် ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် အထွေထွေလူနာများကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စုစုပေါင်းလူနာ ၃၆ ဦးရှိကြောင်း သိရသည်။ ဤသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ခရိုင်မြို့ဂုဏ်အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူဆောင်ရွက်ပေးမှ ပြည်သူများအဆင်ပြေမည်

ထင်သာမြင်သာပြုပြင်စရာ

ဖျာပုံခရိုင် ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားသည့်အပြင် မြို့နယ်လမ်းများတွင် လမ်းမကြီးများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသွယ်များကို ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ထားရှိနိုင်ပြီဖြစ်သဖြင့် ခရီးသွားဧည့်သည်များ၏ ကိုယ်ပိုင်ကားများ၊ ကုန်တင်ယာဉ်ကြီးများ၊ မြို့နေပြည်သူများ၏ကားများ၊ ဆိုင်ကယ်များ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်၊ အနေးယာဉ်ဆိုက်ကားများ၊ ဆိုင်ကယ်ကယ်ရီများ ပိုမိုများပြားစွာ နေ့စဉ်အသုံးပြု၍ ဖြတ်သန်းသွားလာနေကြရာတွင် အဓိကလမ်းဆုံ၊ လမ်းခွများတွင် မီးပွိုင့်များတပ်ဆင်ထားနိုင်ခြင်း မရှိခြင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အချက်ပြမှုများကို လိုက်နာရန် အားနည်းခြင်း၊ စည်းကမ်းမဲ့စွာ ကျော်တက်မောင်းနှင်ခြင်းတို့ကြောင့် နေ့စဉ်ယာဉ်တိုက်မှုများဖြစ်ပေါ်နေသည်မှာ အချိန်ကာလအတန်ကြာပြီဖြစ်သည်။

“ကျွန်တော်တို့ဖျာပုံမြို့မှာ အဝေးပြေးကားလမ်းမကြီးတွေနဲ့ ဖျာပုံတံတားကြီးကြောင့် ခရီးသွားဧည့်သည်တွေရဲ့ ကားတွေ နေ့နေ့ညည လာရောက်နေတဲ့အပြင် မြို့နေပြည်သူတွေရဲ့ ကိုယ်ပိုင်ကားတွေ၊ ဆိုင်ကယ်ကယ်ရီတွေကလည်း ခရီးသည်နှစ်ဦးကနေ သုံးဦးတင်ပြီး စည်းကမ်းမဲ့အရှိန်ပြင်းပြင်းမောင်းတော့ ပိတ်ဆို့နေတဲ့ယာဉ်ကြောတွေမှာ ယာဉ်တိုက်မှုတွေဖြစ်နေတာ နေ့စဉ်ပါပဲ၊ ယခုအချိန်ထိတော့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို ထိရောက်စွာ အရေးယူတာတွေမရှိတော့ ယာဉ်တိုက်မှုတစ်ခုဖြစ်လာရင် မတန်တဆလျော်ကြေးပေးပြီး ကျေအေးလိုက်ကြတာလည်းရှိတဲ့အပြင် လူသေသွားရင်တော့ ဥပဒေအရအရေးယူခံရတာပေါ့။ ဒါကြောင့် ဒီလိုဖြစ်စဉ်တွေ မဖြစ်ရအောင် ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်သင့်ပါပြီဗျာ” ဟု စိုးရိမ်စကား ပြောကြားသည်။

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးမှုများကို မြို့အဝင် မြို့အထွက် ဂိတ်ကြေးကောက်ခံသည့် နေရာများတွင်သာ ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးအရေးယူမှုများရှိနေပြီး မြို့တွင်းစည်းကမ်းမဲ့ယာဉ်များကို ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာစေရန် ယခုအချိန်ထိထိရောက်စွာအရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည်ကို ကျောင်းသားကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ၊ သက်ကြီးရွယ်အိုများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ခရိုင်မြို့၏ဂုဏ်အင်္ဂါနှင့်ညီညွတ်၍ ပြည်သူများလက်ခံနိုင်သည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း စစ်ဆေးအရေးယူမှုများကို ခရိုင်နှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များနှင့်သက်ဆိုင်ရာ ဌာနဆိုင်ရာများက လက်တွေ့ထိရောက်စွာ အရေးယူဆောင်ရွက်မှသာ ပြည်သူများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ (ဝ၇၁)

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်းကြီးတစ်ခုလုံး စည်းလုံးညီညွတ်မှုရရှိရေး ဝိုင်းဝန်းဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၂၅

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေး တက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေးသို့ တက်ရောက်ခဲ့သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Ms. Retmo Astrini၊ ဘရူနိုင်းနိုင်ငံမှ Lt- Col (Rtd) Pg Md Sazali Bin Pg Hj Yakob၊ ကမ္ဘောဒီးယားနိုင်ငံမှ Brig- Gen. Pen RATANA၊ အင်ဒိုနီးရှားနိုင်ငံမှ Col Helda Risman၊ လာအိုနိုင်ငံမှ Lt- Col Chantha THAMMATHEVA၊ မလေးရှားနိုင်ငံမှ Mr. Mohamed Akmal Bin Dahalan၊ ဖိလစ်ပိုင်နိုင်ငံမှ Mr- ALEXANDER T GONZALES၊ စင်ကာပူနိုင်ငံမှ Mr. Teo Koon Kiat Danny၊ ထိုင်းနိုင်ငံမှ Maj- Gen CHAAWBOON KONGPOOLSLIPA နှင့် ဗီယက်နမ်နိုင်ငံမှ Col. Ton Cong Hung တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ADIC အစည်းအဝေးကို ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခြင်းအတွက် များစွာဝမ်းမြောက်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် 3rd Workshop on ASEAN Defence Industry Collaboration(ADIC)အစည်းအဝေးတက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

အသိုက်အဝန်းကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတိုင်းသည် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်စွမ်းပကားများ ရှိရန်လိုကြောင်း၊ နိုင်ငံအလိုက်လည်း ထိုက်သင့်သည့် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုများရှိပါကြောင်း၊ လက်ရှိအာဆီယံနိုင်ငံများ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတွင်လည်း အပိုင်းနှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ အာဆီယံလုံခြုံမှု အသိုက်အဝန်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ကျန်တစ်ပိုင်းမှာ သက်ဆိုင်ရာနိုင်ငံ၏ အကျိုးစီးပွားနှင့် ပတ်သက်၍ အာဆီယံ၏ သဘောထားနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံအလိုက် သဘောထားအမြင်များ၊ အကြံပြုချက်များ လွတ်လပ်စွာ ပြောဆိုဆွေးနွေး နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်စေရန် စနစ်တကျ ဆောင်ရွက်မည်ဖြစ်ပြီး မိမိတို့လျှောက်လှမ်းနေသည့် လမ်းကြောင်းမှ သွေဖည်ရန် အကြောင်းမရှိပါကြောင်းပြောကြားခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကလည်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

၂၀၁၄ ခုနှစ် လူရည်ချွန်စခန်းဝင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ်များ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

ပဲခူး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ဧပြီ ၂၃ ရက် ညနေ ၄ နာရီက ၂၀၁၄ ခုနှစ် လူရည်ချွန်စခန်းဝင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်ပြီး သြဝါဒစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ကျန်းမာသန်စွမ်းသည့် ဘက်စုံပညာထူးချွန်သည့်လူငယ်များကို ရွေးချယ်ပြီး လူရည်ချွန်စခန်းများသို့ ပြည်သူ့ဘဝလေ့လာရန်၊ အပန်းဖြေရန်၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုလူငယ်တွေ့ဆုံပွဲများ ပြုလုပ်ရန် စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း။ တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန်မှီခိုအားထားယုံကြည်မှုစသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရရှိပြီး ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ

သုခ၊ ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် အတူတကွလက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျင့်ကြံနေထိုင်ပြောဆို ဆောင်ရွက်ကြရန်၊ လူငယ်များသည် စာရိတ္တ၊ ပညာရေး၊ အတွေးအခေါ်၊ အလေ့အကျင့်၊ အပြုအမူများ မြင့်မားနေဖို့ လိုအပ်ကြောင်း မှာကြားခဲ့သည်။

သွားရောက်ကြမည်

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၉၆၀၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပေးအပ်ခဲ့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ နှစ်ထပ်ကွမ်း လူရည်ချွန် ၁၂ ဦးနှင့်အတူ လူရည်ချွန် ၃၆ ဦး စုစုပေါင်း ၄၈ ဦးသည် နွေရာသီ အပန်းဖြေစခန်းများ သို့လည်းကောင်း၊ ကင်းထောက် မောင်/မယ် လေးဦးသည် လူငယ်တွေ့ဆုံပွဲ (ပြင်ဦးလွင်)သို့ လည်းကောင်း သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

မိုးလေဝသ အခြေအနေ

၂၅ - ၄- ၂၀၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မော်လိုက်မြို့၊ ကလေးဝမြို့၊ မုံရွာမြို့နှင့် ချောက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကလေးမြို့၊ ရွှေဘိုမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ပျောက်ဆုံးကြောင်း

ကျော်သက်ခိုင် ၁၂/ဥကတ(နိုင်) ၁၅၇၇၇၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၁၉၂၂၀

ပျောက်ဆုံးကြောင်း

ကေခိုင်စိုး ၁၂/ခရန(နိုင်)၀၉၉၂၆၄၏ နိုင်ငံကူးလက်မှတ် M-623181 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၃၁၅၁

ဗလင်းတန်ပွဲ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့





နိုင်ငံတကာသတင်း

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ယူကရိန်းကို ချီးမွမ်းပြောကြားခဲ့ပြီး ရုရှားကို စွပ်စွဲပြစ်တင်

ကီယက်ဗ် ဧပြီ ၂၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ယူကရိန်းအရှေ့ပိုင်းဒေသအရေးနှင့်ပတ်သက်ပြီး ရုရှားတို့သည် စိတ်အနှောင့်အယှက်ပေးမှုများ၊ လိမ်လည်လှည့်ဖြားမှုများနှင့် အာဏာယိမ်းယိုင်စေမှုများ ပြုလုပ်လျက်ရှိကြောင်း စွပ်စွဲပြောကြားလိုက်သည်။

ဝန်ကြီးဂျွန်ကယ်ရီက မော်စကိုအား အဆိုပါဒေသတွင်းပြဿနာများ အခြေအနေထိန်းပေးရန် သို့မဟုတ်ပါက ပိတ်ပင်အရေးယူတားဆီးမှုများ ရင်ဆိုင်ရမည်ဟု သတိပေးပြောကြားခဲ့သည်။

ယူကရိန်းအရှေ့ပိုင်း အရေးအခင်းနှင့်ပတ်သက်ပြီး ရုရှားနှင့် အမေရိကန်တို့ကြား တင်းမာမှုဖြစ်ချိန် ဝန်ကြီးဂျွန်ကယ်ရီက ယင်းကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

အစောပိုင်းကမူ ရုရှားတို့ဘက်က အဆိုပါနယ်မြေဒေသတွင် ရုရှားလိုလားသူ ခွဲထွက်ရေးဝါဒီများအား ကီယက်ဗ်တို့မှ စီးနင်းတိုက်ခိုက်မှု ရပ်တန့်ပေးရန် အမေရိကန်ကို ပြောကြားခဲ့ပြီး ၎င်းစီးနင်းတိုက်ခိုက်မှု နောက်ဆက်တွဲအဖြစ် အဆိုပါ နယ်စပ်ဒေသတွင် ၎င်း၏တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှုပြုရန် ရုရှားတို့က အမိန့်ထုတ်ခဲ့သည်။

ရုရှားလိုလားသူ ခွဲထွက်ရေးဝါဒီသမားများသည် ယူကရိန်းအရှေ့ပိုင်းမြို့များရှိ အရေးကြီးအဆောက်အအုံများကို သိမ်းပိုက်ထားလျက်ရှိသည်။

အရေးအခင်း ပြဿနာများလျော့ပါးစေရေးအတွက် ဧပြီ ၁၇ ရက်က ဂျီနီဗာတွင် ချမှတ်ခဲ့သော သဘောတူညီမှုများ လိုက်နာသည့်အတွက် ဂျွန်ကယ်ရီက ကီယက်ဗ်အာဏာပိုင်များအား ချီးမွမ်းပြောကြားခဲ့ပြီး ရုရှားတို့ကိုမူ သူတစ်ပါးအား စိတ်အနှောင့်အယှက်ပေးမှု၊ လိမ်လည်လှည့်ဖြားမှုနှင့် အာဏာယိမ်းယိုင်စေမှု ပြုလုပ်လျက်ရှိသည်ဟု စွပ်စွဲပြောကြားလိုက်သည်။

(ဘီဘီစီ)

ပါလက်စတိုင်း ငြိမ်းချမ်းရေးအမှန်တကယ်လိုလားလျှင် ဟားမားစ်နှင့်ချုပ်ဆိုသော စာချုပ်ဖျက်ရမည်ဟု အစ္စရေးပြောကြား

တဲလ်အဗစ် ဧပြီ ၂၅

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်သည် ငြိမ်းချမ်းရေး လိုလားလျှင် ဟားမားစ်နှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဘီဘီစီသို့ ပြောကြားလိုက်သည်။

အစ္စရေးက စောစောပိုင်းတွင် နှစ်ဖက်အကြား စည်းလုံးညီညွတ်ရေးစာချုပ်ကို လက်တုံ့ပြန်သည့်အနေဖြင့် ပါလက်စတိုင်းနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆိုင်းငံ့ထားသည်။ အမေရိကန်ကလည်း ယင်းသဘောတူညီချက်ကို လက်မခံနိုင်ဟုဆိုသည်။

သို့သော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အသင့်မဖြစ်သေးကြောင်းလည်း အမေရိကန်ကပြောကြားလိုက်သည်။ ဖာတာနှင့် ဟားမားစ်တို့သည် လာမည့် သီတင်းပတ်များအတွင်း စုစည်းညီညွတ်သော အစိုးရဖွဲ့ရန် ဧပြီ ၂၃ ရက်က သဘောတူညီလိုက်သည်။ ယင်းကဲ့သို့ အစိုးရဖွဲ့ပြီး ခြောက်လအကြာတွင် ရွေးကောက်ပွဲကျင်းပသွားမည်ဟု ဆိုသည်။

ဟားမားစ်အဖွဲ့သည် ၂၀၀၆ ခုနှစ်က ပါလီမန်ရွေးကောက်ပွဲ အနိုင်ရပြီးနောက် မာမွတ်အဘတ်စ်ကို ထောက်ခံသော သစ္စာခံများနှင့် အဓိကရုဏ်းဖြစ်ပွားခဲ့ရာ စင်ပြိုင်အစိုးရဖြစ်ပေါ်လာခဲ့သည်။

ပါလက်စတိုင်းတို့အနေဖြင့် ဟားမားစ်တို့နှင့် ချုပ်ဆိုထားသော စာချုပ်ဖျက်သိမ်းမည်ဟု ဆုံးဖြတ်လိုက်လျှင် ပါလက်စတိုင်းတို့နှင့် ဆွေးနွေးပွဲပြန်စမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။

(ဘီဘီစီ)

အာဖဂန်ဆေးရုံလုံခြုံရေး၏ လက်ချက်ကြောင့် အမေရိကန်ဆရာဝန် သုံးဦးသေဆုံး

ကဘူးလ် ဧပြီ ၂၅

ကဘူးလ်မြို့ဆေးရုံတစ်ရုံ၌ အာဖဂန်လုံခြုံရေးအစောင့်တစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် အမေရိကန်ဆရာဝန်သုံးဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ကဘူးလ်မြို့ Cure ဆေးရုံခြောက်ထပ်မြောက်ရှိ သီးသန့်ခန်းတွင် လုံခြုံရေးအစောင့်တစ်ဦး၏ ပစ်ခတ်မှုကြောင့် နိုင်ငံခြားသားဆရာဝန်သုံးဦးသေဆုံးပြီး အမျိုးသမီးကျန်းမာရေးဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ပြောကြားချက်ကို ဖော်ပြခဲ့သည်။ သေဆုံးသူများသည် အမေရိကန်နိုင်ငံသားများဟု ဆိုသော်လည်း အတိ အကျမပြောနိုင်သေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ပြီးဆုံးပါက အသေးစိတ်အချက်အလက်များကို ပြည်သူသို့အသိပေးဖော်ပြမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာကို ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၅၀ တွင် အစောင့်အကြပ်များ ချထားခဲ့ပြီး ပိတ်ထားခဲ့သည်။

အဆိုပါတိုက်ခိုက်ရေးသမားသည်လည်း ဒဏ်ရာရရှိခဲ့ပြီး မည်သည့်အကြောင်းပြချက်ကြောင့် ယခုကဲ့သို့တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်းကို တိတိကျကျမသိရသေးပေ။ နိုင်ငံခြားအေဂျင်စီ အကူအညီဖြင့် ဖွင့်လှစ်ထားသော ၎င်းဆေးရုံသည် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလကျော်ကျော်ကတည်းက အဆုတ်နာ၊ မြစ်ခြောက်နာ၊ တီဘီရောဂါခံစားနေရသော လူနာများကို အခမဲ့ကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။

(ဆင်ဟွာ)

ယူကရိန်းတပ်များက ခွဲထွက်ရေးသူပုန်များအားပစ်သတ် ရုရှားကနယ်စပ်အနီး စစ်ရေးလေ့ကျင့်မှုစတင်

ယူကရိန်းတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

ကီယက်ဗ် ဧပြီ ၂၅

ယူကရိန်းတပ်များက အရှေ့ပိုင်းရှိ ခွဲထွက်ရေးသမားများ၏ စစ်ဘက်ခံတပ်ကို ပိတ်ဆို့ထားပြီး ဧပြီ ၂၄ ရက်က မော်စကိုလိုလားသူ သူပုန်ငါးဦးကို ပစ်သတ်လိုက်ကြောင်း၊ ယင်းကိုလက်တုံ့ပြန်သည့်အနေဖြင့် ရုရှားက အဆိုပါနယ်စပ်အနီး စစ်ရေးလေ့ကျင့်မှု စတင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ယူကရိန်းတပ်ဖွဲ့ဝင်များက နိုင်ငံအရှေ့ပိုင်း သိမ်းပိုက်ထားသော နယ်မြေများကို ပြန်လည်ရယူရေး ပထမအကြိမ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မော်စကို လိုလားသူ သူပုန်များက ဧပြီ ၆ ရက်တွင် နိုင်ငံထူထောင်ရေး တောင်းဆိုပြီး အရှေ့ပိုင်းဒေသကို သိမ်းပိုက်ထားခဲ့သည်။

ယူကရိန်းယာယီသမ္မတက ရုရှားနိုင်ငံအား အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုလုပ်နေကြောင်း စွပ်စွဲပြောကြားလိုက်သည်။ စစ်တပ်ကျောထောက်နောက်ခံများ ဖြစ်ကြသည့် ယူကရိန်းတပ်များက ခွဲထွက်ရေးသမားများ တပ်စွဲထားသည့် ဆလာဗီယန်မြို့၌ စစ်ဆေးရေး ဂိတ်သုံးခုကို ဖယ်ရှားလိုက်သည်။

ခွဲထွက်ရေးသမား လက်နက်ကိုင်များနှင့် ယူကရိန်းတပ်များတိုက်ပွဲဖြစ်ပွားခဲ့ရာ အနည်းဆုံးငါးဦး သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ထိုအတောအတွင်း ကရင်မလင်က ရုရှားအမတ်များကို ကာကွယ်ပေးရန် ယူကရိန်းကို ကျူးကျော်ခွင့်ရှိကြောင်း ပြောကြားလိုက်သည်။ ယူကရိန်းနယ်စပ်အနီး နေတိုးက တပ်ဖွဲ့ဝင် ၄၀၀၀၀အထိ ဖြန့်ကြက်ချထားသည်။ **(ရိုက်တာ)**

မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုအား စိုးရိမ်ဖွယ်ရှိသော်လည်း အိုဘားမား တောင်ကိုရီးယားသို့သွားရောက်

ဆိုးလ် ဧပြီ ၂၅

မြောက်ကိုရီးယားတို့၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှု အစီအစဉ်သည် စိုးရိမ်ဖွယ်ရှိသော်လည်း အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ တောင်ကိုရီးယားခရီးစဉ်ကို စတင်လိုက်ပြီဖြစ်သည်။

မစ္စတာ အိုဘားမားသည် ၎င်း၏အာရှခရီးစဉ်တွင် ဂျပန်နိုင်ငံမှ တောင်ကိုရီးယားသို့ ထွက်ခွာလာခြင်းဖြစ်ပြီး တောင်ကိုရီးယားခေါင်းဆောင် ပတ်ဂွန်ဟေးနှင့် ဆွေးနွေးပြောဆိုကြမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် စနေနေ့တွင် မလေးရှားသို့ သွားရောက်မည်ဖြစ်သည်။

တောင်ကိုရီးယားခရီးစဉ်တွင် အိုဘားမားသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ကူးတို့သင်္ဘောနစ်မြုပ်မှုမှ လူဦးရေ ၃၀၀ ကျော်သေဆုံးမှုနှင့် ပတ်သက်ပြီး ဝမ်းနည်းကြောင်းပြောဆိုမည်ဟု သိရသည်။

(ဘီဘီစီ)

❋ ရှေ့ဖုံးမှ

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲငယ် (၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၅

နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များ တွင် တက်ရောက်သင်ယူနိုင်စွမ်းရှိပြီး ထူးချွန်သည့် မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိစေ၍ လက်တွေ့ကျသည့် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် ကဏ္ဍစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အရည်အချင်းရှိသည့်လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာသင်ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များက ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ရွေးချယ်ရေးဆိုင်ရာမူဝါဒများကို ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

ယခုပညာသင်ဆု ရွေးချယ်ချီးမြှင့်နိုင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မကြာမီ အစည်းအဝေးများ ဆက်လက်ခေါ်ယူကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **အောင်နိုင်**

ရေရှားပါးချိန်တွင် ဖြူးချောင်းရေများလွှတ်ပေး၍ ကျေးလက်နေပြည်သူများဝမ်းသာ

ဖြူး မေ ၂၅

ယခုအချိန်တွင် အနယ်နယ်အရပ်ရပ်၌ နေ့အပူချိန်များ မြင့်တက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မတ်လမှစ၍ နေ့အပူချိန်များ မြင့်တက်လျက်ရှိရာ ဧပြီလ၏ ပျမ်းမျှအပူချိန်မှာ ၁၀၇ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့သဖြင့် သောက်သုံးရေများ ရှားပါးလျက်ရှိ၍ ကျေးလက်များမှ ကျွဲ၊ နွား တိရစ္ဆာန်များသည် သောက်ရေ၊ ချိုးရေ ရှားပါးမှုနှင့် ကြုံတွေ့ခဲ့ကြရသည်။

တောင်ငူခရိုင် ဖြူးမြို့အနောက်ဘက် ခြောက်မိုင်ခန့် ပဲခူးရိုးမတောင်ပေါ်မှ မြစ်ဖျားခံ၍ စီးဆင်းခဲ့သော သဘာဝဖြူးချောင်းရေသည် ရိုးမတောင် အရှေ့ဘက် ၁၈ မိုင်ခန့်ရှိ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်လျက်ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံတော်မှ လိုအပ်ချက်အရ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှ ပဲခူးရိုးမတောင်ပေါ်ရှိ ဖြူးချောင်းကို ပိတ်ဆို့၍ တာတမံဖြင့် ရေများသိုလှောင်ခဲ့ရာမှ နွေ၊ မိုး၊ ဆောင်းရာသီမရွေး စီးဆင်းနေသော သဘာဝဖြူးချောင်းရေမှာ လုံးဝစီးဆင်းမှုမရှိတော့ဘဲ ရေများခန်းခြောက်ခဲ့ပြီး သဲသောင်များ ပေါ်ထွန်းခဲ့သည်။

ယခုအခါ နေ့အပူချိန်များ လွန်ကဲပြီး ပူပြင်းခြောက်သွေ့သော အချိန်နှင့် တိုက်ဆိုင်စွာပင် ဖြူးချောင်းရေလှောင်တမံမှ မေ ၂၀ ရက်က စတင်ပြီး ရေများလွှတ်ပေးခဲ့ပြီး ဖြူးချောင်းအလယ်တွင် ရေအနက် လေးပေမှ ငါးပေအထိ ရေများစီးဆင်းလျက်ရှိသဖြင့် ဖြူးချောင်းဝဲယာရှိ မင်းဂံရိုးအုပ်စု၊ ရေသျှံကြီးအုပ်စု၊ သာခုကန်အုပ်စု၊ တံခွန်တိုင်အုပ်စု၊ ဇီးကုန်းအုပ်စု၊ ကျားသောင်အုပ်စု၊ ဝဲကြီးအုပ်စု၊ အုတ်ဖြတ်အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်တို့မှ ကျေးလက်နေပြည်သူများ၏ ခိုင်းကျွဲ၊ ခိုင်းနွားနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် သောက်ရေ၊ ချိုးရေများ ဖူလုံစွာ သုံးစွဲခွင့်ရရှိလျက် သီးနှံစိုက်ခင်းများအတွက်ပါ ပူပင်စရာမရှိတော့သဖြင့် အထူးဝမ်းသာလျက်ရှိကြသည်။

ထို့ပြင် ဖြူးမြို့ပေါ် ရပ်ကွက်များရှိ လက်လုပ်လက်စား အဝတ်အထည်အငှားလျှော်ဖွပ်ကြသူများမှာလည်း ဖြူးချောင်းရေလွှတ်ပေးသဖြင့် ဖြူးချောင်းတံတားရေဆိပ်တွင် နေ့စဉ်သီချင်းသံစီညံစွာဖြင့် အဝတ်အထည်များ အငှားလျှော်ဖွပ်နေလှုန်းနေကြသည်ကိုပါ တွေ့ရှိနေရသည်။

ဖြူး-မြင့်ဦး

ရုပ်မြင်သံကြား အစီအစဉ်

၂၆-၄-၂၀၁၄ (စနေနေ့)
နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၃၀ အနာဂတ်နိုင်ငံတော်ကို ပုံဖော် ထုဆစ်မည့်လူငယ်များ၊ ယနေ့လူငယ် နောင်ဝယ်လူကြီး (၁၉၆၄-၁၉၈၈)
၉း၄၅ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး
၁၀း၁၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၂၀း၂၀ အနာဂတ်နိုင်ငံတော်ကိုပုံဖော် ထုဆစ်မည့်လူငယ်များ၊ ယနေ့လူငယ်နောင်ဝယ်လူကြီး
၂၀း၃၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု သက်စွန့်ကြိုးပမ်းစွမ်းဆောင်သူဆု လူမှုရေးအသင်းအဖွဲ့ဆု
၂၁း၀၀ ပျော်ရွှင်စေသောနေ့ရက်များ **ရင်ခုန်ကျွန်း** (အပိုင်း-၃) မြင့်မြတ်၊ အေးမြတ်သူ (ဒါရိုက်တာ- မောင်မျိုးမင်း-ရင်တွင်းဖြစ်)

❖ ကျောဖုံးမှ

ဒါကြောင့် အခြေခံကျောင်းတွေမှာ ဓာတုဆိုးဆေးတွေ အသုံးပြုထားတဲ့ အသင့်စား မုန့်တွေ၊ အာလူးကြော်တွေ၊ အချိုရည်တွေ၊ ရေခဲထုတ်တွေရောင်းချတာကို အမြန်ဆုံး ထိထိရောက်ရောက်နဲ့ တားဆီးရမယ်။ မသိကျိုးကျွန်ပြုနေလို့ မရတော့ဘူး။ ကျွန်မတို့လို လွှတ်တော်ကိုယ်စားလှယ်တွေလည်း သက်ဆိုင်ရာကော်မတီတွေ၊ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်” ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ညိုညိုသင်းက ပြောပြသည်။

မြန်မာနိုင်ငံတွင် အချို့မြို့နယ်များတွင် လူမှုရေးအဖွဲ့အစည်းများက ဆိုးဆေးသုံး စားသောက်စရာများ၊ သကြားအစား ပါဝါသကြားဟုခေါ်ဆိုနေသည့် ဓာတုပစ္စည်းများသုံး ရေခဲထုပ်များစသည့် အစားအသောက်များကို မစားသုံးရန် မုန့်တိုက်ပွဲများ ပြုလုပ်လျက်ရှိသည်။

“ဖြစ်နိုင်ရင် အခြေခံကျောင်းတွေမှာ မြန်မာမုန့်တွေ ပြုလုပ်ရောင်းချသင့်တယ်။ ဈေးနှုန်းလည်းသက်သာပြီး အန္တရာယ်လည်းကင်းတယ်။ မြန်မာမုန့်တွေစားပြီး မြန်မာအစားအစာကို စားသုံးတတ်၊ နှစ်ခြိုက်တတ်တဲ့ အလေ့အကျင့်လည်း ကျောင်းသားကျောင်းသူ အရွယ်ကတည်းက စွဲမြဲသိရှိသွားမယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ ပထမအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (တတိယနေ့)သို့တက်ရောက်နေသည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်းကလည်း “ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ တမံကြီးကျေးရွာအုပ်စု စစ်တန်းကျေးရွာမှာရှိတဲ့ လယ်ယာမြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ မေးခွန်းမေးခဲ့တာပါ။ လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတွေက ဖြေရှင်းပေးမှုနဲ့ မေးခွန်းပါ အချက်အလက်တွေကို တိတိကျကျ ဖြေဆိုဖို့တော့ တောင်းဆိုထားပါတယ်။ အမှန်အတိုင်းဖြစ်စေချင်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဆိုတာ ပြည်သူတွေရဲ့ အကျိုးကို ဦးစားပေး ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်” ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ဖတ်ကြားရှင်းလင်း

မေ ၂၅ ရက်က ကျင်းပသည့် ပထမအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အဌမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးတို့က မေးခွန်းများ မေးခဲ့ကြပြီး တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။ အဆိုတင်သွင်းမှုနှစ်ရပ်နှင့်အဆိုကို လွှတ်တော်တွင် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကာ “၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း” အား ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ လေ့လာစိစစ်သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခဲ့သည်။

မလေးရှားလေယာဉ်ရှာဖွေမှု နှစ်နှင့်ချီကြာမြင့်နိုင်သည်ဟုဆို

ဘာသာပြန်-ထန်နီး

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ ပျောက်ဆုံးမလေးရှားလေယာဉ်၏ အပိုင်းအစရှာဖွေမှု မအောင်မမြင်ဖြစ်နေချိန်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပျောက်ဆုံးလေယာဉ်ရှာဖွေမှုသည် နှစ်နှင့်ချီကြာမြင့်နိုင်သည်ဟု သောကြာနေ့တွင် ပြောကြားလိုက်သည်။

အိန္ဒိယသမုဒ္ဒရာ ကြမ်းပြင်၌ အမေရိကန်ရေတပ်၏ မောင်းသူမဲ့ ရေငုပ်သင်္ဘောဖြင့် သီတင်းပတ်နှစ်ပတ်ကြာ ပိုက်စိပ်တိုက်ရှာဖွေမှုပြုလုပ်ရာတွင် မည်သည့်လေယာဉ်အပိုင်းအစတစ်ခုမျှ တွေ့ရှိခြင်းမရှိကြောင်း အမေရိကန်အရာရှိက ပြောကြားသည်။ အမေရိကန်အရာရှိအနေဖြင့် လေယာဉ်ရှာဖွေမှုအပေါ် မှတ်ချက်ပေးပိုင်ခွင့်မရှိသည့်အတွက် အမည်မဖော်ဘဲ ပြောကြားခြင်းဖြစ်သည်ဟု ဆိုသည်။

မိမိတို့သည် အရွယ်အစားကျဉ်းသောဧရိယာတစ်ခုလုံးတွင် ရှာဖွေမှုပြုလုပ်သော်လည်းလေယာဉ်အပိုင်းအစတစ်ခုမျှမတွေ့ရှိကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ပိုမိုကျယ်ပြန့်သောဧရိယာအတွင်း ရှာဖွေမှုပြုလုပ်ရမည်ဖြစ်သည့်အတွက် နှစ်နှင့်ချီကြာမြင့်မည်ဖြစ်ကြောင်း အဆိုပါ အမေရိကန်အရာရှိက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆုံးသတ်တော့မည်

မောင်းသူမဲ့ ရေငုပ်သင်္ဘော Bluefin -21 သည် ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်း ပတ်သ်မြို့မှ ကီလိုမီတာ ၃၂၀၀ ခန့် အကွာရှိ ၁၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော သမုဒ္ဒရာကြမ်းပြင်၌ ၎င်း၏ နောက်ဆုံး အကြိမ် ၁၆ နာရီကြာ ရှာဖွေမှုလုပ်ငန်းကို သောကြာနေ့တွင် အဆုံးသတ်တော့မည်ဟု မျှော်လင့်ရသည်။

အဓိကထားရှာဖွေမှု ဧရိယာအတွင်း ရှာဖွေမှု ၉၅ ရာခိုင်နှုန်းပြီးစီးသော်လည်း အဝေးထိန်းစနစ်ပါ ရေငုပ်သင်္ဘောသည် ပျောက်ဆုံးလေယာဉ်၏ သဲလွန်စတစ်စုံတစ်ခုမျှ မတွေ့ရှိကြောင်း ဩစတြေးလျရှာဖွေရေးအရာရှိများက ပြောကြားသည်။

(ရိုက်တာ)

အနာဂတ်လူငယ်များ၏ပညာရေးအခန်းကဏ္ဍအတွက်အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မြန်မာ့နှစ်သစ်ကူး အချိန်အခါသမယတွင် TOKYO UNIVERSITY OF SOCIAL WELFARE MYANMAR JAPANESE LANGUAGE OFFICE Building No.A-3-2, Room (102), Upper Pansodan Road, Myanma Gonyl Housing, Mingalar Taung Nyunt Township, Yangon, Myanmar. Tel: (95-1) 393370, 09-421147070 Email: tokyo.fukushi.myanmar@gmail.com ကျောင်းမှ ၂၀၁၄ ဧပြီလတန်းခွဲအတွက် ဂျပန်နိုင်ငံသို့ပညာတော်သင်သွားရောက်ရန် အသက်(၁၈) နှစ်မှ (၃၅) နှစ်အတွင်းလျှောက်ထားသူ ကျောင်းသား၊ ကျောင်းသူများအားလုံး ဂျပန်နိုင်ငံသို့ပညာသင် သွားရောက်ခွင့်ရရှိသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး၊ မိဘများ၊ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါ်ကြူကြူနိုင် နှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးဖေယျ (Shwe Myint Mo Aung Trading Co.Ltd.,) ဦးဝဏ္ဏ (Pearl Daewi Co. Ltd.,) ဒေါ်သီတာထွန်း (KMA Co.Ltd., Singapore)
ဒေါ်အေးအေးမြင့် (ASIA DUTY FREE YANGON INTERNATIONAL AIRPORT) ဦးဝင်းသန်း+ဒေါ်အေးအေးမြတ်(Ever Collection)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

"လူရည်ချွန်"မှ "ဘက်စုံပညာထူးချွန်"

လွင်စန်းဦး(ပညာရေး) အငြိမ်းစားပညာရေးဝန်ထမ်း

ပုစွန်ဆီရောင်ဆမ်းထားသော နေမင်းကြီးသည် သတ္တလောက၊ ဩကာသလောကတို့အား တစ်နေ့တာ အလင်းရောင်နှင့် အနွေးဓာတ်ပေးသော တာဝန်ကို ထမ်းဆောင်ပြီးနောက် သင်္ခါရလောကသဘောအရ အနောက်ဂေါ်ယာပင်လယ်အတွင်းသို့ တဖြည်းဖြည်းငုပ်လျှိုးလျက် နှုတ်ဆက်နေပုံကား တစ်သက်တာ မမေ့စရာမြင်ကွင်းတစ်ခုဖြစ်ပါသည်။

ပင်လယ်ဘက်မှ တိုက်ခတ်လာသော ဆားနံ့သင်းသည့် လေပြည်ညင်းကို ရှူရိုက်ရင်း လေအသွဲ့မှာ ယိမ်းနွဲ့လှုပ်ရှားနေသည့် အုန်းပင်ပျိုတို့၏ အလှနှင့် အပြိုင် နှုပျိုရည်မွှန် လူရည်ချွန်တို့ အပန်းဖြေရာ ငပလီရွှေဝါချိုင်စခန်းတွင် လူရည်ချွန်ကြီးကြပ်အဖြစ် တာဝန်ထမ်းခဲ့ရသည်က စာရေးသူဘဝ အမှတ်တရတစ်ခုဖြစ်ခဲ့ပါသည်။

"၁၉၈၈ ခုနှစ် ငွေရတု လူရည်ချွန် စီမံကိန်း" တစ်နည်းအားဖြင့် ၁၉၆၄ ခုနှစ်မှ စတင်ခဲ့သော လူရည်ချွန်စီမံကိန်းသည် သက်တမ်းအားဖြင့် ၂၅ နှစ်တာ ကြာရှည်ခဲ့သည်။ နောက်ထပ် ၂၅ နှစ်အကြာ ၂၀၁၃ ခုနှစ်တွင် "လူရည်ချွန်" အစား "ဘက်စုံပညာထူးချွန်"စီမံကိန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

အဆိုပါ ၂၅ နှစ်တာကာလအတွင်း၌ ခုနစ်ထပ်ကွမ်း လူရည်ချွန်နှစ်ဦး၊ ခြောက်ထပ်ကွမ်းလူရည်ချွန် ၁၉ ဦး၊ ငါးထပ်ကွမ်းလူရည်ချွန် ၄၃ ဦး၊ လေးထပ်ကွမ်းလူရည်ချွန် ၂၃၇ ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် ၆၂၃ ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် ၁၃၉၃ ဦးနှင့် ထပ်ကွမ်းမရသော လူရည်ချွန် ၅၅၉၁ ဦး စုစုပေါင်း လူရည်ချွန် ၇၉၀၈ ဦးကို လေ့ကျင့်မွေးထုတ်နိုင်ခဲ့ပါသည်။ အဆိုပါ လူရည်ချွန်များထဲမှ ယနေ့အခါတွင် နိုင်ငံ့အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသား လူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန် ရည်ရွယ်ပြီး "လူရည်ချွန်စီမံကိန်း"ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ယခု "ဘက်စုံပညာထူးချွန်လူငယ်များ"ကို ရွေးချယ်ချီးမြှင့်ခြင်းအတွက် ရည်ရွယ်ချက်များကို အောက်ပါအတိုင်းသတ်မှတ်ခဲ့ပါသည်-

(က) ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်
(ခ) ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်
(ဂ) မှန်ကန်သော အကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်
(ဃ) အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိလာစေရန်
(င) ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြ လူငယ်များ ပေါ်ထွန်းလာစေရန်တို့ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်မှစခဲ့သော ဘက်စုံပညာထူးချွန်လူငယ်များ ရွေးချယ်ရာတွင် (အဌမတန်း၊နဝမတန်း၊ဒသမတန်း) သုံးတန်းကို စတင်ဆောင်ရွက်ရန် ပညာရေးခရိုင် ၅၄ ခရိုင်မှ အတန်းတစ်တန်းချင်းအလိုက် ကျား/မဦးရေ အချိုးညီရွေးချယ်ရန်၊ ခရိုင်အလိုက်တွင်လည်း မြို့နယ်ဦးရေအပေါ် မူတည်၍ ငါးမြို့နယ်နှင့်အောက်ရှိခရိုင်တွင် တစ်တန်းလျှင် နှစ်ဦးနှုန်း၊ ၁၂ မြို့နယ်နှင့် အောက်ခရိုင်အတွက် လေးဦးနှုန်းနှင့် ၁၃ မြို့နယ်နှင့်အထက် ခရိုင်အတွက် ခြောက်ဦးနှုန်းစီရွေးချယ်ရန်၊ အထက်အဆင့်တွင် ဝိဇ္ဇာနှင့်သိပ္ပံကျောင်းသားဦးရေအရ ရွေးချယ်ရန်နှင့် ဝိဇ္ဇာတွဲမှ အနည်းဆုံးတစ်ဦးပါဝင်ရန် စီစဉ်ခဲ့ကြပါသည်။

ပညာရေးခရိုင် ၅၄ ခရိုင်တွင် ငါးမြို့နယ်နှင့်အောက် ၂၅ ခရိုင်တွင် တစ်တန်းလျှင် ၅၀ စီဖြင့် သုံးတန်းအတွက် ၁၅၀၊ ၁၂ မြို့နယ်နှင့်အောက် ၂၇ ခရိုင်အတွက် တစ်တန်းလျှင် ၁၀၈ ဦးစီဖြင့် ၃၂၄ ဦး၊ ၁၃ မြို့နယ်နှင့်ထက် ခရိုင်နှစ်ခရိုင်အတွက် တစ်တန်းလျှင် ၁၂ ဦးစီဖြင့် ၃၆ ဦး စုစုပေါင်း ၅၁၀ ရွေးချယ်ချီးမြှင့်နိုင်ခဲ့ပါသည်။ ကြီးကြပ် ဆရာ ဆရာမအဖြစ် ဘက်စုံပညာထူးချွန်လူငယ် ၁၀ ဦးလျှင် တစ်ဦးနှုန်းဖြင့် ၅၁ ဦး ရွေးချယ်တာဝန်ထမ်းဆောင်စေနိုင်ခဲ့ပါသည်။

ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ သုံးဘာသာရေးဖြေ ဖြေကြရပါသည်။ အထွေထွေဗဟုသုတဘာသာရပ်တွင် အထွေထွေဗဟုသုတ ၇၀ ရာခိုင်နှုန်း၊ ဉာဏ်စမ်းသချာ ၃၀ ရာခိုင်နှုန်းပါဝင်ပါသည်။ "လူတွေ့ နှုတ်ဖြေ၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှု" ဘာသာရပ်ကို လက်တွေ့ဖြေကြရပါသည်။ လူတွေ့နှုတ်ဖြေတွင် ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့်လောကနီတိ၊ အသင်းအဖွဲ့လုပ်ငန်းများတွင်ပါဝင်မှု၊ နေ့စဉ်ထုတ်သတင်းစာပါ အချက်အလက်များ ပါဝင်သော မေးခွန်းများဖြစ်ပါသည်။

ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှုဘာသာရပ်တွင် သက်လုံကောင်းမှု၊ လျင်မြန်မှု၊ ပျော့ပျောင်းမှုနှင့် ကြံ့ခိုင်မှုတို့ပါဝင်ပါသည်။ ဘာသာရပ်ဆိုင်ရာ အရည်အချင်းစစ်မေးခွန်းများပြုစုရာတွင် အလွတ်ကျက်မှတ်ဖြေဆိုရသည့် မေးခွန်းပုံစံမျိုးမဖြစ်စေဘဲ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုအတိုင်းအတာတို့ကို ဖော်ထုတ်နိုင်သည့်မေးခွန်းပုံစံများဖြစ်ရပါသည်။

၂၀၁၃ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ၅၁၀ အနက် ၂၀၁၄ ခုနှစ်၌ နှစ်ထပ်ကွမ်းဘက်စုံပညာထူးချွန်ဆုရ အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၆၇ ဦး စုစုပေါင်း ၁၄၂ ဦးပေါ်ထွန်းခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်ဆုရွေးချယ်ချီးမြှင့်ပွဲတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ၁၇၄ ဦး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ၃၀၀၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ၅၄ ဦး စုစုပေါင်း ၅၂၈ ဦး ရှိသည့်အနက် ၅၂၅ ဦး စခန်းဝင် အပန်းဖြေကြမည်ဖြစ်ပါသည်။ ကြီးကြပ် ဆရာ ဆရာမ ၅၄ ဦးပါဝင်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအနက် ဒသမတန်း ကျောင်းသား ကျောင်းသူ ၁၇၄ ဦးသည် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းတွင်လည်းကောင်း၊ နဝမတန်း ကျောင်းသား ကျောင်းသူ ၁၇၅ ဦးသည် အင်းလေးအပန်းဖြေစခန်းတွင်လည်းကောင်း၊ အဌမတန်းကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် ပုဂံအပန်းဖြေစခန်းတွင် ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ အပန်းဖြေလေ့လာပညာရယူကြမည်

■ ၂၅ နှစ်တာထွန်းလင်းခဲ့သော လူရည်ချွန်စီမံကိန်းကြီးသည် ငပလီရွှေဝါချိုင်စခန်း၌ ပင်လယ်တွင်း ငုပ်လျှိုးပျောက်ကွယ်ခဲ့သည်မှာ ၁၉၈၈ ခုနှစ်မှစတင်ခဲ့ပြီး နောက်ထပ် ၂၅ နှစ်အကြာ ၂၀၁၃ ခုနှစ်တွင် အသစ်တစ်ဖန်ပေါ်ထွန်းခဲ့သည့် "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"သည် တဖြည်းဖြည်း အသက်ဝင်လှုပ်ရှားလာနေပြီဖြစ်

ဖြစ်ပါသည်။ ထို့နောက် မေ ၃ ရက်မှ ၄ရက်အထိ နေပြည်တော် စုပေါင်းအပန်းဖြေ လေ့လာရင်းလူငယ်ထုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ပါသည်။ ထိုပွဲသို့ ထူးချွန်ကြက်ခြေနီလူငယ် ၁၅၀ လည်း တက်ရောက်ဆင်နွှဲကြမည်ဖြစ်ပါသည်။

တစ်ခါတစ်ရံ အမှတ်တမဲ့များသည် အမှတ်တရများအဖြစ် ကျန်ရှိနေတတ်မြဲဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် လူရည်ချွန်စီမံကိန်းတွင် ကြီးကြပ်ဆရာအဖြစ် တာဝန်ပေးခံရစဉ်က ပခုက္ကူဆရာအတတ်သင်ကျောင်းတွင် နိုင်ငံရေးသိပ္ပံဆရာအဖြစ် တာဝန်ထမ်းဆောင်ဆဲကာလဖြစ်ပါသည်။ ထိုအချိန်က လူရည်ချွန်စခန်းထောက်အဖြစ် ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် စုစည်းထားရှိကာ လူရည်ချွန်ဝတ်စုံများ၊ ဦးထုပ်၊ ကင်းဘတ်ဖိနပ်၊ ခါးပတ်စသည်တို့ကို ဝေငှရပါသည်။ နောက်တစ်နေ့တွင် အင်းလေးခေါင်တိုင်စခန်း၊ ငပလီရွှေဝါချိုင်စခန်း၊ သုံးကြိမ်နှင့်အထက် လူရည်ချွန်များအတွက် မြစ်မင်းဧရာစခန်းများ ဖွင့်လှစ်ဆောင်ရွက်အပန်းဖြေစေခဲ့ပါသည်။

စာရေးသူမှာ ငပလီရွှေဝါချိုင်စခန်းတွင် ကြီးကြပ်တာဝန်ယူခဲ့ရာ စခန်းမှူး ဒေါက်တာကျော်သိန်း၊ တွဲဖက်စခန်းမှူး ဦးကျော်ဇောအောင်တို့ဦးဆောင်လျက် ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ သံတွဲမြို့မဇင်းလေဆိပ်သို့ UBA လေယာဉ်စီးပြီးသွားရသည်မှာလည်း အမှတ်တရပင်ဖြစ်ပါသည်။ မဇင်းလေဆိပ်၌ လူရည်ချွန်များအား ရခိုင်လှပျိုဖြူကျောင်းသူများက ပန်းစည်းဆက်၍ ကြိုဆိုခဲ့ကြပါသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ရွှေဝါချိုင်စခန်းသို့ဆက်လက်ထွက်ခွာကြပါသည်။

ရွှေဝါချိုင်စခန်းသို့ ရောက်ရှိပြီး စခန်းချကာလအတွင်း ပြည်သူ့ဘဝလေ့လာရေးခရီးစဉ်၊ ပညာပေးဟောပြောပွဲများ၊ အားကစားယှဉ်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပွဲများ၊ ဂီတပဒေသာဖျော်ဖြေပွဲ၊ ရုပ်ရှင်ပွဲများဖြင့် တစ်နှစ်တာပညာဆည်းပူးခဲ့သမျှ ပင်ပန်းမှုများအား ပျော်ရွှင်စွာအပန်းဖြေမှုရရှိစေခဲ့ပါသည်။ အထူးသဖြင့် ညနေပိုင်း ရေချိုးချိန်၌ လူရည်ချွန်များ လှိုင်းစီး၊ ရေကူးမှုများတွင် ရေမနစ်စေရေးအတွက် ကိုယ့်လူကိုယ်ကြည့်ရင်း စိတ်မောခဲ့ရသည်မှာလည်း အမှတ်တရပင်ဖြစ်ပါသည်။ နောက်ဆုံးညတွင် သဲသောင်ပြင်၌ ကျင်းပသည့် မီးပုံပွဲကိုလည်း အမှတ်တရမမေ့မရနိုင်ဖြစ်မိပါသည်။

အထူးသဖြင့် စာရေးသူအတွက် အမှတ်တရဖြစ်စေခဲ့သောအချက်မှာ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်ကျောင်းသားများဖြစ်သော သူငယ်ချင်းများဖြစ်သည့် ကိုခင်မောင်အေး (ပဲခူး)၊ ကိုမြင့်ဆွေ (အီးမေဂျာ)တို့နှင့် ငပလီကမ်းခြေ သဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်ခဲ့ရသည်ကလည်း အမှတ်တရပင်ဖြစ်ပါသည်။ ငပလီရွှေဝါချိုင်စခန်းတွင် ဆုံကြတော့ ကိုခင်မောင်အေးက ဗိုလ်ကြီးခင်မောင်အေး (DSA အပတ်စဉ် ၁၇ အကောင်းဆုံးဗိုလ်လောင်းဆုရ)၊ ကိုမြင့်ဆွေက မြန်မာ့အသံ ပြန်ကြားရေးဝန်ကြီးဌာနတွင် အင်္ဂလိပ်ပိုင်းအစီအစဉ်ကြေညာသူ၊ စာရေးသူက ပခုက္ကူဆရာအတတ်သင်ကျောင်းမှ နိုင်ငံရေးသိပ္ပံဆရာဖြစ်နေပြီဖြစ်ပါသည်။ သူငယ်ချင်းများ ပြန်လည်တွေ့ဆုံချိန်တွင် ဘဝပေးအခြေအနေအရ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေရခြင်းဖြစ်ပါသည်။

ငပလီရွှေဝါချိုင်စခန်းတွင် တစ်ပတ်ကြာအပန်းဖြေပြီးနောက် ရန်ကုန်စုပေါင်းလူရည်ချွန်စခန်းတွင် ပြည်၊ တကောင်း၊ ပုဂံတို့မှလူရည်ချွန်အားလုံး ပြန်လည်ပေါင်းဆုံကြရပြီး ရန်ကုန်သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ရသည်မှာလည်း အမှတ်တရဖြစ်ရသလို နေရာဟောင်းမှခြေရာဟောင်းများကိုလည်း ပြန်လည်မှန်းဆတမ်းတသတိတရဖြစ်ခဲ့ရပါသည်။ စခန်းမှူးမှာလည်း လုပ်သားများကောလိပ်ကျောင်းအုပ်ကြီး ဦးကျော်မြသိန်းဖြစ်ပါသည်။ ရန်ကုန်စုပေါင်းစခန်းပြန်ရောက်ပြီး ညနေပိုင်း၌ သတင်းစာဖတ်စဉ် နာရေးကြော်ငြာကဏ္ဍ၌ သူငယ်ချင်း ဗိုလ်ကြီးခင်မောင်အေး ရဟတ်ယာဉ်ပျက်ကျပြီး ကွယ်လွန်သွားကြောင်း ဖတ်ရသည်မှာလည်း သူငယ်ချင်းအတွက် စိတ်မကောင်းခြင်းဖြစ်ရသလို မမြင်ရနိုင်သော လူ့ဘဝအတွက် သင်္ခါရသဘောကို ဆင်ခြင်ခဲ့ရသည်ကလည်း အမှတ်တရပင်ဖြစ်ပါသည်။ ယခုဆိုလျှင် ၂၅ နှစ်တာ ရှည်ကြာခဲ့သလို ငပလီကမ်းခြေမှာ နေမင်းကြီး ပင်လယ်အတွင်းငုပ်လျှိုးဆင်းသွားသလိုပင်ဖြစ်ခဲ့ပါသည်။

ကံကောင်းထောက်မစွာပင် ၁၉၉၇ ခုနှစ်၌ ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း၊ အိုဘီဟီးရိုးမြို့၌ သုံးလတာသင်တန်းတက်ရောက်ခွင့်ရခဲ့ပါသည်။ သင်တန်းအမည်မှာ "Special Training on science Experiments in primary Education"ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သင်တန်းသား သင်တန်းသူနှစ်ဦးစီပါဝင်တက်ရောက်ခဲ့ကြရပါသည်။ စာရေးသူနှင့်အတူ ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ မူလတန်းပြဆရာမဒေါ်ဇင်ဇင်မိုးတို့ တက်ခွင့်ရခဲ့ပါသည်။ Japan International Cooperation Agency(JICA) အစီအစဉ်ဖြစ်ပါသည်။

တစ်ရက်တွင် သင်တန်းသား သင်တန်းသူအားလုံးကို အိုဘီဟီးရိုးမြို့၏ ပင်လယ်ကမ်းစပ်ဖြစ်သော"ကူရှီရော့"ကမ်းခြေသို့ တစ်ညအိပ်ခရီးသွားကြရပါသည်။ ၄င်းကမ်းခြေသည် ပစိဖိတ်သမုဒ္ဒရာကမ်းခြေဖြစ်ပါသည်။ ညပိုင်းတွင် မီးပုံပွဲကျင်းပကြပါသည်။ စာရေးသူကစောစောအိပ်ရာဝင်ခဲ့ပြီး ရည်ရွယ်ချက်မှာ နံနက်စောစောထရန်ဖြစ်ပါသည်။ နောက်တစ်နေ့နံနက် ၅ နာရီခွဲခန့်တွင် "ဇင်ဇင်မိုး. . . ထထ"ဟု အော်ခေါ်မိပါသည်။ ရွက်ဖျင်တဲအတွင်းမှ "ဆရာ. . . ဘာဖြစ်လို့လဲ"ဟု မေးပါသည်။ "လာ ငါတို့နိုင်ငံမှာ မမြင်ရတဲ့မြင်ကွင်းသွားကြည့်ရအောင်"ဟု ပြောရင်း နှစ်ဦးသား သမုဒ္ဒရာကမ်းစပ်သို့ အပြေးလာပြီးနောက် ပစိဖိတ်သမုဒ္ဒရာရေလှိုင်းများကြားမှ သူရိယနေဝန်းကြီး တဖြည်းဖြည်းပေါ်ထွက်လာသောမြင်ကွင်းကို ကြည့်ရှုခွင့်ရခဲ့ခြင်းပင် ဖြစ်ပါသည်။

၂၅ နှစ်တာထွန်းလင်းခဲ့သော လူရည်ချွန်စီမံကိန်းကြီးသည် ငပလီရွှေဝါချိုင်စခန်း၌ ပင်လယ်တွင်းငုပ်လျှိုးပျောက်ကွယ်ခဲ့သည်မှာ ၁၉၈၈ ခုနှစ်မှစတင်ခဲ့ပြီး နောက်ထပ် ၂၅ နှစ်အကြာ ၂၀၁၃ ခုနှစ်တွင် အသစ်တစ်ဖန်ပေါ်ထွန်းခဲ့သည့် "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"သည် တဖြည်းဖြည်းအသက်ဝင်လှုပ်ရှားလာနေပြီဖြစ်ပါသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး သားထူးသားမြတ်" ဖြစ်သည်နှင့်အညီ မြေအုတ်တို့ပြိုရာ ကျောက်ဆစ်ကျောက်သားတို့ အစားထိုးတည်ဆောက်ရသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရေးဖြစ်စဉ်တွင် "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"သည် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ပါကြောင်း သုံးသပ်ယူဆတင်ပြအပ်ပါသည်။ ။

နေပြည်တော် တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်လွင်ဦး ဧပြီ ၂၃ ရက်က တပ်ကုန်းမြို့နယ် အတွင်းရှိ ရပ်မိ/ရပ်ဖများအား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ တွေ့ဆုံ၍ မှုခင်းကျဆင်းရေး၊ ပြည်သူလူထုပါဝင်သော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဆယ်အိမ်စုသတင်းပေးစနစ် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးစဉ်။

(ဝ၂၁)

မသင်္ကာသူကိုစစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ကသာ ဧပြီ ၂၅

ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်းနှင့် ၁၄ မိုင်ခန့်အကွာ ပေါက်နက်ကုန်းကျေးရွာလမ်းမပေါ်တွင် မသင်္ကာဖွယ်ရာ လူတစ်ဦးကို စစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဆီးရေးညွှန်ကြားချက်အရ ရုံးတောရဲကင်းမှူး ရဲတပ်ကြပ်ကြီး အောင်မြင့်နှင့်အဖွဲ့သည် ဧပြီ ၂၄ ရက် ညနေ ၃ နာရီက သက်သေများနှင့်အတူ ပေါက်နက်ကုန်းကျေးရွာသို့ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ပေါက်နက်ကုန်းကျေးရွာလမ်းမပေါ်၌ မသင်္ကာဖွယ်ရာ လူတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ အဆိုပါလူမှာ အင်းတော်မြို့နယ် ဟဲနုရွာသား ထွန်းဝင်းဖြစ်ပြီး ၄င်းကို ဆက်လက်ရှာဖွေရာ ခန္ဓာကိုယ်တွင်လွယ်ထားသော STONE တံဆိပ်ပါအိတ်အတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူအဝါစပ်ကျား အလေးချိန် ၀ ဒသမ ၂ ဂရမ်ပါ တစ်လုံး ကာလတန်ဖိုးငွေကျပ် ၂၀၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ရဲတပ်ကြပ်ကြီး အောင်မြင့်က တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ဒုရဲအုပ်ကျော်ဇင်ထွန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

လူငယ်ရေးရာကဏ္ဍ

မိတ္ထီလာလေကြောင်းလူငယ်သင်တန်း (၁/၂၀၁၄)မှ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့်တွေ့ဆုံခြင်း

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ် ကျောင်းသားကျောင်းသူများ ကျောင်းပညာ သင်ကြားချိန်ကို မထိခိုက်စေဘဲ နွေရာသီကျောင်းပိတ်ရက်ကာလတွင် လေကြောင်းနှင့် အာကာသပညာရပ်များ စိတ်ဝင်တစား လေ့လာသိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် တိုင်းကျိုးပြည်ပြုမျိုးဆက်သစ်လေကြောင်းနှင့် အာကာသပညာရှင်များအဖြစ် ပေါ်ထွက်လာနိုင်မည့် အခြေခံကောင်းများ တတ်ကျွမ်းနားလည်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မိတ္ထီလာမြို့ အထက(၁)တွင် ဖွင့်လှစ်လျက်ရှိသည့် လေကြောင်းလူငယ်သင်တန်း (၁/၂၀၁၄)မှ သင်တန်းတာဝန်ရှိသူနှင့် သင်တန်းသားသင်တန်းသူ အနာဂတ်မျိုးဆက်သစ်လူငယ်များအား တွေ့ဆုံမေးမြန်းခဲ့သည်များထဲမှ တချို့ကို တင်ပြလိုက်ပါသည်။

လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှု အခြေခံများ၊ လေယာဉ်စက်အုံတည်ဆောက်မှုအခြေခံများ၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ အခြေခံစစ်ပညာ (လက်နက်မဲ့) ဘာသာရပ်များကို သင်ထောက်ကူပြုပစ္စည်းကိရိယာများနှင့် သင်ကြားပေးနေစဉ်။

မေး။ ။ အမည်နဲ့ တာဝန်ကို သိပါရစေ။

ဖြေ။ ။ အရာခံဗိုလ်စန်းမြင့်ပါ။ တာဝန်ကတော့ သင်တန်းကြီးကြပ်သူဖြစ်ပါတယ်။ သင်တန်းတာဝန်ခံဗိုလ်မှူးအောင်မြင့်ဌေးအပါအဝင် သင်တန်းကြီးကြပ်သူ နည်းပြအဖွဲ့ဝင် ကိုးဦးက သင်တန်းပို့ချသင်ကြားပေးသွားမှာဖြစ်ပါတယ်။

အရာခံဗိုလ်စန်းမြင့်

မေး။ ။ သင်တန်းမှာ သင်ကြားပို့ချမယ့် ဘာသာရပ်တွေကို ပြောပေးပါဦး။

ဖြေ။ ။ သင်တန်းမှာ လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှု အခြေခံများ၊ လေယာဉ်စက်အုံ တည်ဆောက်မှုအခြေခံများ၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ အခြေခံစစ်ပညာ (လက်နက်မဲ့) စတဲ့ဘာသာရပ်တွေကို သင်ထောက်ကူပြုပစ္စည်း ကိရိယာများနဲ့အတူ စာတွေ့လက်တွေ့ အခြေခံကျကျ သင်ကြားပေးသွားမှာဖြစ်ပါတယ်။

မေး။ ။ သင်တန်းဖွင့်လှစ်တဲ့ ရည်ရွယ်ချက်နဲ့ သင်တန်းကာလ ဘယ်လောက်ကြာမြင့်မယ်၊ သင်တန်းသား သင်တန်းသူ ဘယ်နှဦး တက်ရောက်တယ်ဆိုတာလည်း သိလိုပါတယ်။

ဖြေ။ ။ အနာဂတ်လူငယ်များအနေနဲ့ လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များမှာ စိတ်ဝင်စားမှုတိုးပွားစေဖို့၊ လေယာဉ်ပျံသန်းမှုနှင့် ဆိုင်သော ပညာရပ်များ တတ်သိနားလည်ပြီး မျိုးဆက်သစ် လေကြောင်းနှင့် အာကာသပညာရှင်များ ပေါ်ထွက်လာစေဖို့၊ စိတ်ဓာတ်၊ စည်းကမ်းနဲ့ ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စတဲ့ ရည်ရွယ်ချက်တွေနဲ့ လေကြောင်းလူငယ်သင်တန်း (၁/၂၀၁၄)ကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ သင်တန်းကာလမှာ ဧပြီ ၂၃ ရက်ကနေ မေ ၃၀ ရက် အထိ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မန္တလေး၊ ပြင်ဦးလွင်၊ မတ္တရာ၊ မိုးကုတ်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ ပျော်ဘွယ်၊ ရမည်းသင်းစတဲ့ မြို့နယ်များမှ ကျောင်းသား ကျောင်းသူ သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၄၀ သင်တန်း တက်ရောက်သင်ယူနေပါတယ်။

မောင်စွမ်းပြည့်စုံ

မေး။ ။ ဖိုးသားနာမည်နဲ့ အသက်၊ ပြီးတော့ ဘယ်မြို့ကနေလာရောက်ပြီး သင်တန်းတက်တာလည်း ပြောပေးပါ။

ဖြေ။ ။ သားနာမည်က မောင်စွမ်းပြည့်စုံ အသက် ၁၄နှစ်ပါ။ ပြင်ဦးလွင်မြို့ကနေလာရောက်ပြီး လေကြောင်းလူငယ်သင်တန်းတက်တာပါ။

မေး။ ။သင်တန်းတက်ရောက်ဖြစ်ပုံကို ပြောပေးပါဦးဖိုးသား။

ဖြေ။ ။ သင်္ကြန်မတိုင်မီ ကျောင်းက ဆရာမက အိမ်ကိုအကြောင်းကြားတယ်။ မိတ္ထီလာမှာဖွင့်မယ့် လေကြောင်း လူငယ်သင်တန်း သားတက်ဖို့ နာမည်စာရင်းပေးထားတယ်တဲ့။ သားကိုယ်တိုင်ကလည်း လေကြောင်းနဲ့ အာကာသပညာရပ်ကို စိတ်ဝင်စားတာမို့ လာရောက်တက်ဖြစ်တာပါ။

မေး။ ။ လေကြောင်းနဲ့ အာကာသပညာရပ်ကို စိတ်ဝင်စားတယ်ဆိုတော့ သားက နောင်အနာဂတ်မှာ ဘယ်လိုအလုပ်မျိုးလုပ်မယ်လို့ စိတ်ကူးထားလဲ။

ဖြေ။ ။ သားကအခု နဝမတန်းတက်ရမှာ။ ဆယ်တန်း(တက္ကသိုလ်ဝင်တန်း) ရောက်ရင် ဘာသာစုံအမှတ်များများရအောင်ကြိုးစားပြီး လေကြောင်း အင်ဂျင်နီယာ ဖြစ်အောင်လုပ်မယ်။ လေယာဉ်ပျံတည်ဆောက်ရတဲ့ လေကြောင်းအင်ဂျင်နီယာပညာရှင်အဖြစ်နဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုတဲ့ နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားမယ် စိတ်ကူးထားပါတယ်။

မေး။ ။ သမီး နာမည်၊ အသက်၊ အတန်းပညာနဲ့ ကိုယ်စားပြုမြို့နယ်ကို ပြောပေးပါဦး။

ဖြေ။ ။ သမီးနာမည် ဆုလတ်မော်ပါ။ အသက် ၁၄ နှစ်၊ နဝမတန်းတက်ရောက်မှာပါ။ မိတ္ထီလာမြို့နယ် ကိုယ်စားပြုတက်ရောက်တာ ဖြစ်ပါတယ်။

မေး။ ။ သင်တန်းကို ဘာကြောင့် တက်တာလဲသမီး။

ဆုလတ်မော်

ဖြေ။ ။ လေကြောင်းနဲ့ အာကာသပညာရပ်ကို စိတ်ဝင်စားလို့ပါ။ လေယာဉ်ပျံသန်းတာနဲ့ လေယာဉ် တည်ဆောက်တဲ့ ပညာတွေကို သိချင်တတ်ချင်လို့ပါ။

မေး။ ။ အခုသင်တန်းမှာ ဘယ်ပညာရပ်တွေ စတင်သင်ယူနေရပြီလဲ။

ဖြေ။ ။ လေကြောင်း ပညာသမိုင်း လေယာဉ်ကို ဘယ်သူတွေ စတင်တီထွင်ခဲ့သလဲ ဆိုတာတွေကို စတင်သင်ယူနေရပါပြီ။ သင်ခန်းစာတွေက စိတ်ဝင်စားစရာကောင်းလို့ သင်တန်းတက်ရောက်ရတာ ပျော်ပါတယ်။

မေး။ ။ သားနာမည်၊ အသက်၊ အတန်းပညာနဲ့ ကိုယ်စားပြုမြို့နယ်ကို ပြောပေးပါဦး။

ဖြေ။ ။ သားနာမည်က မောင်မြင့်မိုရ်လင်း အသက် ၁၄ နှစ်ပါ။ အတန်းပညာကတော့ နဝမတန်းဖြစ်ပြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ကနေ သင်တန်းလာရောက်တက်တာဖြစ်ပါတယ်။

မေး။ ။ သင်တန်းတက်ရောက်ခွင့်ရတဲ့အတွက် ဘယ်လိုခံစားမိတယ်ဆိုတာ ပြောပါဦး။

ဖြေ။ ။ ကိုယ်သိချင်တတ်ချင်တဲ့ ပညာရပ်တွေကို သင်ယူခွင့်ရတဲ့သင်တန်းမို့ ပျော်ရွှင်မိပါတယ်။ အခြားသင်တန်းသား သင်တန်းသူတွေကလည်း ဒီလေကြောင်းနဲ့ အာကာသပညာကို စိတ်ဝင်စားသူတွေဖြစ်ပါတယ်။ အဲဒီလို လေကြောင်းနဲ့ အာကာသပညာရပ်ကို စိတ်ဝင်စားတဲ့ လူငယ်တွေသိခွင့်၊ သင်ယူခွင့်ရအောင် ဖွင့်လှစ်တဲ့ သင်တန်းမို့ အများကြီးအကျိုးရှိမယ်လို့ ထင်မိပါတယ်။

မေး။ ။အခုသင်တန်းမှာ သင်ယူနေရတဲ့ပညာရပ်တွေထဲမှာ စိတ်ဝင်စားတဲ့ ဘာသာရပ်ကို ပြောပါဦး။

မောင်မြင့်မိုရ်လင်း

ဖြေ။ ။ လေယာဉ်ပျံစက်ဖွဲ့စည်းပုံတွေနဲ့ လေယာဉ်ပျံပုံစံငယ် တည်ဆောက်တဲ့ဘာသာရပ်တွေကို ပိုပြီး စိတ်ဝင်စားပါတယ်ဗျ။

မေး။ ။သားအနေနဲ့ အနာဂတ်မှာ ဘယ်လိုလူဖြစ်ချင်သလဲ။

ဖြေ။ ။လေကြောင်းနဲ့ အာကာသ ပညာရပ်တွေကို ကျွမ်းကျင်တတ်မြောက်ပြီး အဲဒီပညာနဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်တဲ့သူ ဖြစ်ချင်ပါတယ်ဗျ။

ချမ်းသာ(မိတ္ထီလာ)

ကျောက်မဲမြို့နယ် ဘက်စုံထူးချွန်လူငယ်များ အပန်းဖြေခရီးသွားရောက်ရန် ပုဂံ၊ အင်းလေးနှင့် ငွေဆောင်သို့ထွက်ခွာ

ကျောက်မဲ ဧပြီ ၂၅

လားရှိုးမြို့ ရှမ်းပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)မှ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောက်မဲမြို့နယ်မှ ၂၀၁၄ ခုနှစ် ဘက်စုံထူးချွန် လူငယ်များသည် ကြီးကြပ်ဆရာ၊ ဆရာမများနှင့်အတူ အပန်းဖြေစခန်းအသီးသီးသို့သွားရောက်ရန် ဧပြီ ၂၄ ရက် ညပိုင်းက ကျောက်မဲမှ မန္တလေးသို့ တက်နေထွန်း မော်တော်ယာဉ်ဖြင့် ထွက်ခွာကြရာ မြို့နယ်ပညာရေးမှူးဒေါ်ချိုစီနှင့် ကျောင်းသား ကျောင်းသူများ၏မိဘများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

သွားရောက်

ဘက်စုံထူးချွန်လူငယ်များသည် မန္တလေးစုရပ်မှတစ်ဆင့် အဋ္ဌမတန်းက ပုဂံ၊ နဝမတန်းကအင်းလေးနှင့် ဒသမတန်းကငွေဆောင်စသည့် အပန်းဖြေစခန်းများသို့ သွားရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့နယ်တွင် ဘက်စုံထူးချွန်လူငယ်များအဖြစ် အထက(၁) အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းမှ ကျောင်းသား ကျောင်းသူလေးဦး၊ အထက (၂)ဒသမတန်းမှကျောင်းသားတစ်ဦးနှင့် အထက(ခွဲ)၊ အလက(၁) နဝမတန်းမှ ကျောင်းသားတစ်ဦးတို့ ရွေးချယ်ခံရကြောင်း သိရသည်။

ရွေးချယ်ခံရ

"အပန်းဖြေခရီးသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့နိုင်ငံတော်မှ တာဝန်ရှိ လူကြီးများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလိုဘက်စုံထူးချွန် ရွေးချယ်ခံရတာဟာ မိဘတွေရဲ့ အားပေးကူညီမှုနဲ့ ဆရာများရဲ့ သင်ကြားပြသမှုကြောင့်ပါ။ ဘက်စုံထူးချွန်လူငယ်ဖြစ်ဖို့ စာတော်တာတစ်ခုတည်းနဲ့မရပါဘူး။ အထွေထွေ ဗဟုသုတရှိရမယ်။ ကိုယ်ရည်ကိုယ်သွေးနဲ့ကြံ့ခိုင်သန်စွမ်းမှုရှိဖို့လည်းလိုအပ်ပါတယ်" ဟု နဝမတန်းကျောင်းသူ မဟန်နဒီဦးကပြောသည်။

ဆက်လက်ပြီး မိဘတစ်ဦးက "ကျောက်မဲအနေနဲ့ ဒီနှစ်မှာ ဘက်စုံထူးချွန် ခြောက်ဦးတောင်အရွေးခံရလို့ တော်တော်လေးပီတိဖြစ်ရပါတယ်။ ကလေးတွေရဲ့ ထူးချွန်ထက်မြက်မှုကိုလူကြီးတွေက အားပေးချီးမြှောက်မှသာ အခြားကလေးတွေလည်း အတုယူအားကျပြီး ကြိုးစားချင်စိတ် တွေဖြစ်လာမှာပါ"ဟု ပြောသည်။

အဆိုပါ ဘက်စုံထူးချွန်လူငယ် အပန်းဖြေစခန်းများသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၃၆ ဦး သွားရောက်ကြကြောင်း သိရသည်။

ကျောက်မဲမြို့နယ်မှ ၂၀၁၄ ခုနှစ် ဘက်စုံထူးချွန်လူငယ်များ ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ သက်ဆိုင်ရာဒေသအသီးသီးသို့ အပန်းဖြေခရီးသွားရောက်ရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြစဉ်။

ဓာတ်ပုံ-မလတ်

မလတ်(ကျောက်မဲ)

အရိပ်လည်းရ
ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

(၄)ကြိမ်စလုံးကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ဆဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်ကို သိရှိရပါကြောင်း။

ပထမအကြိမ် အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ်၊ ဒုတိယအကြိမ်ကို ၁၉၈၅ ခုနှစ်၊ တတိယအကြိမ်ကို ၁၉၉၀ ပြည့်နှစ်နှင့် စတုတ္ထအကြိမ်ကို ၁၉၉၅ခုနှစ်တို့မှာ ငါးနှစ်စီခြား၍ ကျင်းပခဲ့သည်ဟု သိရပါကြောင်း။

ယင်းအစည်းအဝေးကြီးများမှ နိုင်ငံတော်သြဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ သံဃာ့နာယကအဖွဲ့၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့နာယကအဖွဲ့ စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ဖွဲ့စည်းခဲ့ပြီး ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော် လုပ်ငန်းသုံးရပ်ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ဟု သိရပါကြောင်း။

ထို့အပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ သံဃာ့အဖွဲ့ အစည်းဆိုင်ရာဥပဒေ၊ သံဃာအဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ရဟန်းသာမဏေများလိုက်နာရန် စည်းမျဉ်းဥပဒေ စသည်တို့ကို အဆိုပါအစည်းအဝေးကြီးများမှ ရေးဆွဲအတည်ပြုပြဌာန်းနိုင်ခဲ့ကြောင်းကို သိရပါကြောင်း။

မြန်မာနိုင်ငံတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ပေါ်ပေါက်ခဲ့ပြီးနောက် သံဃာ့ကိစ္စများကို သံဃာတော်များကိုယ်တိုင် ဝိနည်းတော်နှင့်အညီ ဝိနည်းဓမ္မကံ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည့် အဓမ္မဝါဒများ ဖယ်ရှားနိုင်ခဲ့ခြင်း၊ ဝိနည်းနှင့် မညီညွတ်သည့် ကိစ္စများကို ဝိနိစ္ဆယခုံရုံးများမှ စစ်ဆေးဆုံးဖြတ်ခြင်းများ ချမှတ်ပြီး လုပ်ငန်းများ သာသနာတော်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရပါကြောင်း။

၁၉၉၅ ခုနှစ်မှ စတင်ကာ ယနေ့အထိ ၁၉ နှစ်ကြာ သံဃာ့အစည်းအဝေးကြီးကို မကျင်းပနိုင်ခဲ့သည့်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် မူဝါဒ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထပ်မံရေးဆွဲနိုင်ရန်လိုပါကြောင်း၊ ထို့အတွက် သာသနာတော်နှစ် ၂၅၅၈ ခုနှစ်ကို အစွဲပြုကာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တော် ၂၅၅၈ ပါးတို့ကို ပင့်ဖိတ်ကာ ပဉ္စမအကြိမ် သံဃာ့အစည်းအဝေးကြီး ကျင်းပသွားမည်ဖြစ်ပါကြောင်း။

၎င်းသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

သံဃာ့အစည်းအဝေးကြီး ကျင်းပခဲ့သည့်အတွက် သာသနာတော်ဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ သာသနာ့ရေးရာ၊ ပရိယတ္တိရေးရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့ကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ရေးဆွဲနိုင်ခြင်းအားဖြင့် သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်ကာ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း။

ထို့အတွက် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးတို့မှ စနစ်တကျစီမံဆောင်ရွက်ကြရန်နှင့် အကြံဉာဏ်များ ဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အနာဂတ်သာသနာတော်တွင် သာသနာတော် ရေရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် စံပြုဆောင်ရွက်ရေးဆိုင်ရာများ၊ သာသနာတော်အဆုံးအမအောက်တွင် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုးအတွက် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများအပေါ် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များအဆင်ပြေချောမွေ့စွာ သီတင်းသုံးနေထိုင်သွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်တိမ်းမှောက်မှုလျှော့နည်းရေး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လို

နေပြည်တော် ဧပြီ ၂၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှု အလွန်များပြားလျက်ရှိပါကြောင်း၊ အဆိုပါလမ်းတွင် ယာဉ်တိမ်းမှောက်မှု လျှော့နည်းရေးအတွက် ဗဟိုကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ အမြန်လမ်းမပေါ်တွင် ယာဉ်တိမ်းမှောက်မှုမှာလမ်း၊ အသုံးပြုယာဉ်နှင့် ယာဉ်မောင်းတို့၏ အားနည်းချက်ကြောင့် ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပါကြောင်း၊ အဓိကအားနည်းချက်မှာ လူ၏ ပေါ့ဆမှုကြောင့်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းများ သတ်မှတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်ရန်လိုကြောင်း၊ အဝေးပြေးယာဉ်အားလုံးတွင် ယာဉ်မောင်းနှစ်ဦး အလှည့်ကျမောင်းနှင်ရန်လိုကြောင်း၊ အရက်သေစာသောက်စားခြင်းနှင့် ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းများကိုင်ဆောင်ခြင်းများ မပြုလုပ်ရန်လိုကြောင်း၊ လမ်းပေါ်တွင် မောင်းနှင်သည့် ဘတ်စ်ကားနှင့် ကိုယ်ပိုင်ယာဉ်များကို သက်တမ်းသတ်မှတ်ပေးရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် စစ်ဆေးရေးဂိတ်များချထား၍ စတင်ထွက်ခွာသည့်နေရာမှ ယာဉ်ပိုင်ရှင်အမည်၊ ယာဉ်မောင်း အမည်၊ ယာဉ်အမှတ်နှင့် စတင်ထွက်ခွာချိန်တို့ကို စနစ်တကျစစ်ဆေးကြပ်မတ်ရန် လိုကြောင်း၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာတွင်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း နားလည်တတ်ကျွမ်းပြီး ယာဉ်ကိုကောင်းမွန်စွာ ထိန်းသိမ်းမောင်းနှင်နိုင်သည့် ယာဉ်မောင်းကောင်းများကိုသာ စိစစ်ကြပ်မတ်၍ ထုတ်ပေးရန်ဖြစ်ကြောင်း၊ ဗဟိုကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ၏ ရည်ရွယ်ချက်များအတိုင်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အကြံ ညှိနှိုင်းအစည်းအဝေး **(အောက်ဝဲပုံ)**တွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ပတ်သက်၍ လမ်းပိုင်းဆိုင်ရာ အားနည်းချက်များကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းပိုင်း၌ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများသည် ယာဉ်မောင်းများမှ လမ်းနှင့်ယာဉ်တို့၏အခြေအနေကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းမောင်းနှင်မှု မရှိခြင်းတို့ကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပါကြောင်း၊ လက်ရှိနှစ်လမ်းသွားမှာ ၁၀၀ ကီလိုမီတာ ၆၀ မိုင်နှုန်းထက် ပိုမိုမမောင်းနှင်ပါက ယာဉ်တိမ်းမှောက်မှု အန္တရာယ်မရှိနိုင်ပါကြောင်း၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်မောင်းများ သတိပြုလိုက်နာဆောင်ရွက်ရန် မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့် ဆိုင်းဘုတ်များကို လမ်းဘေးတွင် စိုက်ထူထားပေးလျက်ရှိပါကြောင်း၊ ညအချိန်တွင် တံတားရှည်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် Solar မီးများလည်း တပ်ဆင်ပေးထားပါကြောင်း၊ လမ်းဘေးဝဲယာရှိ ကျေးရွာများအနီးတွင် ကျွဲ၊ နွား တိရစ္ဆာန်များ မဖြတ်သန်းနိုင်ရန် ခြံစည်းရိုးများကာရံပေးထားပါကြောင်း၊ လမ်းဘေးကျေးရွာများမှ ယာဉ်ငယ်များ အမြန်လမ်းမပေါ်သို့ ဥပဒေမဲ့သွားရောက်နေမှုကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယာဉ်အသင်းအဖွဲ့များမှ တာဝန်ခံပုဂ္ဂိုလ်များက အကြံပြုဆွေးနွေး တင်ပြပြီးနောက် ၎င်းတို့၏ အကြံပြုတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

လာမည့်မေတွင် ကြက်ခြေနီစိတ်ဓာတ်မျှဝေမည်

ရန်ကုန် ဧပြီ ၂၅

ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များအား နိုင်ငံတော်သမ္မတကြီးက မေလဆန်းတွင် တွေ့ဆုံဂုဏ်ပြုပွဲ ကျင်းပမည်ဟု သိရသည်။ အဆိုပါဂုဏ်ပြုပွဲသို့ တက်ရောက်ကြမည့် တစ်နိုင်ငံလုံးရှိ ထူးချွန်ကြက်ခြေနီများသည် အကြိုစခန်းသွင်းလေ့ကျင့်မှုအဖြစ် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)တွင် ဧပြီ ၂၃ ရက်မှ မေ ၁ ရက်အထိ တွေ့ဆုံပွဲ ကျင်းပလျက်ရှိသည်။

ထူးချွန်သော ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် စေတနာ့လုပ်အားရှင်များအား ဂုဏ်ပြုချီးမြှင့်ရေး၊ အနာဂတ်တွင် ဦးဆောင်မည့် လူငယ်များအား ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားမှုရှိရေး၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား စုစည်းပေါင်းစုံစေခြင်းဖြင့် ကြက်ခြေနီလုပ်ငန်းများတွင် တစ်နိုင်ငံလုံး တစ်ပြေးညီရှိလာစေရေးနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးမှုနှင့်သွေးစည်းညီညွတ်မှုအစဉ်အလာကောင်းများ ပိုမိုခိုင်မာပါဝင်လာစေရေး စသည့် ရည်ရွယ်ချက်ဖြင့် တွေ့ဆုံပွဲကျင်းပရခြင်းဖြစ်ပြီး တွေ့ဆုံပွဲကာလအတွင်း ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်ရည်ရှိသူ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုဆုများ ချီးမြှင့်မည်ဖြစ်သည်။

ယခုတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိကြက်ခြေနီအသင်းများမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးစီဖြင့် ၃၄ ဦးနှင့် တက္ကသိုလ်၊ ကောလိပ် ၅၆ ခုမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးစီဖြင့် ၁၁၂ ဦး စုစုပေါင်းထူးချွန်ကြက်ခြေနီလူငယ် ၁၄၆ ဦး၊ အုပ်ချုပ်သူလေးဦး စုစုပေါင်း ၁၅၀ ပါဝင်ကြောင်း သိရသည်။

"ကြက်ခြေနီမှာ တစ်ယောက်ယောက်ကို ကူညီလိုက်ရင် သူ့ကိုကူလိုက်လို့ ဘာပြန်ရမလဲဆိုတဲ့ မျှော်လင့်ချက်မထားရဘူး။ ဒါကြက်ခြေနီစိတ်ဓာတ်ပဲ။ ဒီစိတ်ဓာတ်ကို လူငယ်တွေ့ဆုံပွဲမှာ ကင်းထောက်လူငယ်တွေ၊ ထူးချွန်ကျောင်းသား ညီငယ်၊ ညီမငယ်တွေကို မျှဝေပေးနိုင်အောင် အခုတွေ့ဆုံပွဲကနေ လေ့ကျင့်သင်ကြားပေးမယ်။ ဒါမှသူတို့အတုယူလေးစားအားကျလာပြီး ရပ်ရွာ၊ လူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်" ဟု တွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ပြောပြသည်။

အဆိုပါ တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က ကျင်းပခဲ့ပြီး စခန်းသွင်းလေ့ကျင့်မှုများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေးဆိုင်ရာများ၊ ခေါင်းဆောင်မှုအင်္ဂါရပ်များ၊ ဘေးဒုက္ခစီမံခန့်ခွဲမှုနှင့် ဘေးဒုက္ခလျှော့ပါးရေးအတွက် ဆောင်ရွက်နေမှုများ၊ ရှေးဦးပြုစုခြင်း အခြေခံသဘောတရားနှင့် လူနာဆန်းစစ်ခြင်းဆိုင်ရာများ၊ အရည်အသွေးနှင့်ဆိုင်သည့် စွမ်းရည်ပြိုင်ပွဲများ စသည်ဖြင့် ပါဝင်မည်ဖြစ်သည်။

"ထူးချွန်ကြက်ခြေနီလူငယ်တွေကို တစ်စုတစ်စည်းတည်း စခန်းသွင်းလိုက်တဲ့အတွက် လူငယ်အချင်းချင်း ပိုမိုခင်မင်ရင်းနှီးလာပြီး ကြက်ခြေနီစိတ်ဓာတ်ဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ ပေါ်ပေါက်လာမယ်၊ အနာဂတ်မှာ ကြက်ခြေနီလုပ်ငန်းများမှာ ပိုမိုတာဝန်ယူ ဆောင်ရွက်ပေးလိုတဲ့စိတ်ဓာတ်တွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ညွှန်ကြားရေးမှူး (စီမံ) ဦးမြင့်စိန်က ပြောပြသည်။

ထူးချွန် ကြက်ခြေနီများသည် လာမည့်မေလတွင် နေပြည်တော်၌ ကင်းထောက်လူငယ်၊ ဘက်စုံပညာထူးချွန်တို့နှင့် စုပေါင်းစခန်းဝင်ပြီး မိမိစခန်းအသီးသီးတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ဖလှယ်ကြမည်ဖြစ်သည်။

တွေ့ဆုံပွဲသို့ လားရှိုးမြို့နယ် ကြက်ခြေနီကိုယ်စားပြု ဒုတိယနှစ် မြန်မာစာကျောင်းသူ မရွှေဟန်ဦးက ကြက်ခြေနီအသင်းသို့ ၂၀၀၇ ခုနှစ်မှ စတင်ကာ ဝင်ရောက်ခဲ့ကြောင်း၊ လားရှိုးမြို့ မီးလောင်မှု၊ ရေကြီးမှုများ၊ မြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသွေးလှူဒါန်းမှုများ စသည့် လူမှုရေးလုပ်အားပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းပြသည်။

"လူမှု ကရုဏာလုပ်ငန်းတွေဟာ အင်မတန် မွန်မြတ်ပါတယ်။ ဒါကြောင့် အနာဂတ်မှာ ဦးဆောင်ကြမယ့် လူငယ်တွေကို လက်တွဲလုပ်ဆောင်ကြဖို့ ဖိတ်ခေါ်လိုပါတယ်။ မေလတွေ့ဆုံပွဲမှာ ပါဝင်ကြမယ့် ကင်းထောက်လူငယ်နဲ့ ဘက်စုံပညာထူးချွန်မောင်ငယ်၊ ညီမငယ်တွေဟာ အခြေခံပညာအလယ်တန်းနဲ့ အထက်တန်းအဆင့်အရွယ်တွေသာ ဖြစ်တဲ့အတွက် သူတို့ရဲ့ စံပြနမူနာအဖြစ် အတုယူနိုင်အောင် အခုဒီတွေ့ဆုံပွဲက သင်ကြားပေးမှုတွေကို အကောင်းဆုံး လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဆက်လက်ပြောပြသည်။

ကြက်ခြေနီလုပ်ငန်းကို မြန်မာနိုင်ငံတွင် အိန္ဒိယကြက်ခြေနီအသင်းခွဲအဖြစ် ၁၉၂၀ပြည့်နှစ်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းအဖြစ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက အသိအမှတ်ပြုခဲ့ရာ နှစ်ပေါင်း ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ မြို့နယ်ကြက်ခြေနီအသင်း ၃၃၀နှင့် တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်း ၁၂၀ ရှိကာ "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန်စသည့် လုပ်ငန်းစဉ် သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**ဝင်းဝင်းမော်၊ နန္ဒာဝင်း**

ထူးချွန်ကြက်ခြေနီလူငယ်မောင်မယ်များ စုပေါင်းလေ့ကျင့်ခန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

သမီးကလေးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ဝါးယားကုန်းကျေးရွာအနီး အသစ်ပြန်လည်ထူထောင်နေသည့် သမီးကလေးကျေးရွာသို့ သွားရောက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းအသစ်ဖောက်လုပ်နေမှု၊ အိမ်ရာများ တည်ဆောက်နေမှု၊ လျှပ်စစ်မီး အမြန်ဆုံးလင်းနိုင်ရေး အတွက် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းနေမှုနှင့် သောက်သုံးရေ ရရှိရေးအတွက် အဝီစိတွင်း အမြန် ဆုံးတူးဖော်နိုင်ရန် ဆောင်ရွက်နေမှု တို့ကို သွားရောက်ကြည့်ရှုခဲ့ကြ သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် လှည်းကူးမြို့နယ် သမီးကလေးကျေးရွာမှ ကျေးရွာပြည်သူများအား ပစ္စည်းများထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိုးမကျမီနေအိမ်များ ဆောက်လုပ်ပြီးစီးရေး၊ သမီးကလေး ကျေးရွာ ပြန်လည်ထူထောင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ သောက်သုံးရေ အလုံအလောက်ရရှိရန် အဝီစိတွင်း များကို အမြန်ဆုံးတူးဖော်ပေးရေး၊ လက်ရှိ ဝါးယားကုန်းကျေးရွာရှိ မူလ တန်းကျောင်းကို အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရေးနှင့် ကျောင်း ဆောင်သစ်များ တိုးချဲ့ဆောက်လုပ် ပေးရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က သမီးကလေးကျေးရွာ ပြည်သူများ အား ထောက်ပံ့ပေးအပ်ပြီး GRAND WYNN ENTERPRISES Ltd. မှ ဆန်၊ ဆီ၊ ငါးခြောက်နှင့် အရန်သင့် ချက်ပြုတ်စားသောက်နိုင် သည့် သား၊ ငါးများ တိုးအောင်ဇေယျ ကုမ္ပဏီမှ လက်နှိပ်ဓာတ်မီးများနှင့် အသင့် ချက်ပြုတ်လာသည့် ဟင်းများ ကို သမီးကလေးကျေးရွာ ပြည်သူ များအား ပေးအပ်လှူဒါန်းကြသည်။

လှည်းကူးမြို့နယ် ဝါးယားကုန်းကျေးရွာအနီးတွင် သမီးကလေးကျေးရွာပြည်သူများအတွက် အိမ်ရာများ ပြန်လည်ထူထောင်ဆောက်လုပ်ပေးထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးခင်မောင် စိုးတို့သည် လှည်းကူးမြို့နယ် ဖောင် ကြီးအရှေ့ စံပြကျေးရွာ စက်ကွက် သစ်ရပ်ကွက်၌ စက်ရေတွင်း တူးဖော် နေမှုကို ကြည့်ရှုကြပြီး ကျေးရွာ အတွင်း လမ်းခင်းရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

❀ *ကျောဖုံးမှ*

တည်ဆောက် အကောင်အထည် ဖော်နေမှု၊ ဒီမိုကရေစီစနစ်အရ လွှတ်တော်၊ အစိုးရအဖွဲ့နှင့် တရား ရေးအဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာမှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုး ဖြစ်ထွန်းစေမည့် ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းနေမှု၊ ပြည်သူများ၏ ဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ များ၏လိုလားချက်များကို လွှတ်တော် အတွင်း ဆောင်ရွက်နေမှု၊ ပြည် ထောင်စုလွှတ်တော်၌ တည်ဆဲဥပဒေ များကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန်စီစဉ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း မှာကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ လွှတ်တော်ကိုယ် စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုကော်မတီ ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ ဖြစ်ကြသော ဦးစံမြ၊ ဦးရွှေထွန်း၊ ဒေါ်အေးအေးမွန်၊ ဦးနိုင်ငွေးအောင်၊ ဦးဝင်းနိုင်ဦး၊ ဦးအေးလွင်၊ ဦးဇော် နိုင်ဦး၊ ဦးချမ်းမြင့်၊ ဦးအောင်၊ ဒေါ်မိမိ လှိုင်ချိုတို့က ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ် ဦးအုန်းမြင့်က တင်ပြချက်များ နှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည် ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်း စပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာ စကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စု လွှတ်တော်နာယကသည် တွေ့ဆုံပွဲ သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် သည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မော်လမြိုင် မြို့သို့ ရောက်ရှိကြသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စု လွှတ်တော် နာယကသည် မွန်းလွဲပိုင်းတွင် မွန် ပြည်နယ် မော်လမြိုင်မြို့ပြည်နယ် ခန်းမ၌ မွန်ပြည်နယ် မော်လမြိုင် ခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံ ခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာရေး ကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူ များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်နာယကက မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လာရောက်ရခြင်း ရည်ရွယ်ချက်၊ ပြည်ထောင်စု လွှတ်တော်၌ တည်ဆဲဥပဒေများ၊ ပြင်ဆင်၊ ပယ်ဖျက်ပြဋ္ဌာန်းမှုနှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံး လာနိုင်မှု၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်လာမှုအခြေအနေ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ် များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက မွန်ပြည်နယ်၏ ဒေသဆိုင်ရာအချက် အလက်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ကျိုက်မရော မြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ် နှင့် ရေးမြို့နယ်တို့မှ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များနှင့် မြို့မိ မြို့ဖများဖြစ်ကြသော ဦးနိုင်တင့်ခိုင်၊ ဒေါ်မိအေးစံ၊ ဦးနိုင်စံလွင်၊ ဦးစံ သောင်း၊ ဦးဇော်ထွန်းတို့က ဒေသ ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ် များကို အကြံပြု ဆွေးနွေးတင်ပြကြ သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ် ဦးအုန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည် ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်း စပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာ စကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည် ထောင်စုလွှတ်တော် နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ယနေ့ ခရီးစဉ်အတွင်း သထုံမြို့ နှင့် မော်လမြိုင်မြို့တို့၌ ကျင်းပသည့် တွေ့ဆုံပွဲများတွင် ပြည်ထောင်စု လွှတ်တော်နာယကက ယခုအခါ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာ အောင် ကြိုးပမ်းတည်ဆောက်လျက် ရှိပါကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသည့် အချိန်ကာလပင် ဖြစ်ကြောင်း။

မိမိတို့ လွှတ်တော်များသည် ပြည်သူများ လိုက်နာဆောင်ရွက်ရ မည့်ဥပဒေများ ပြဋ္ဌာန်းပေးလျက်ရှိပါ ကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေ များကို အုပ်ချုပ်ရေးအဖွဲ့အစည်း အပါအဝင် ပြည်သူများက လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်း သို့မဆောင်ရွက်နိုင်လျှင် ပြုပြင် ပြောင်းလဲမှု လုပ်နိုင်မည်မဟုတ်ပါ ကြောင်း၊ ယနေ့ခေတ်၊ ယနေ့ အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်ရန် ပြုပြင်ပြောင်းလဲမှုများ ဆောင် ရွက်ရခြင်းဖြစ်ကြောင်း။

ပြည်သူများနှင့်တွေ့ဆုံ

လွှတ်တော်၏ ဆောင်ပုဒ်နှင့် အညီ ပြည်သူ့လိုအပ်ချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်း ခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကဲ့သို့လွှတ်တော်များ ရပ်နားထား ချိန်တွင် လွှတ်တော်ဥက္ကဋ္ဌတစ်ဦး အနေဖြင့် နယ်မြေဒေသများသို့ ကွင်းဆင်းပြီး ပြည်သူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် အခြေအနေမှန်ကို ကြားသိနိုင်မည်ဖြစ်ကြောင်း။

လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်းသည် ပြည့်စုံကောင်းမှ ပြည့်စုံမှာဖြစ်ပါကြောင်း၊ မေးခွန်းများ မေးမြန်းရာတွင် အချိန်အကန့်အသတ် ရှိသကဲ့သို့ ပြည်သူများ၏ဆန္ဒအမှန် ဖြစ်မည်ဟု တထစ်ချ မယူဆနိုင်ပါ ကြောင်း၊ ယခုကဲ့သို့ ပြည်သူများနှင့် တွေ့ဆုံမှုများသည်သာ လွှတ်တော်၌ မတင်ပြနိုင်သည်များကို ကြားသိနိုင် မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်များ မတင်ပြနိုင်သည့်အချက် များကို ထိုက်သင့်သည့် အခြေအနေ ၌ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်များ ရပ်နားစဉ်ကာလ၌ ပြည်သူများထံ သွားရောက်၍ ပြည်သူ့ဆန္ဒများနှင့်အညီ ဆောင် ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ် ပါကြောင်း၊ ရင်းရင်းနှီးနှီး ပွင့်ပွင့် လင်းလင်းဖြင့် ဒေသအကျိုး၊ တိုင်း ပြည်အကျိုးအတွက် တင်ပြပေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြား သည်။

အဆိုပါတွေ့ဆုံပွဲများသို့ မွန် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ မွန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင် ဖေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လှယ်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက် ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်စီး လက်နက်ကိုင်နှစ်ဦး၏ လိုက်လံပစ်ခတ်မှုကြောင့် မိုင်းတင်းကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင် သေဆုံး

ကျောက်မဲ ဧပြီ ၂၅

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် တောင်နောက်ကျေးရွာ ငြိမ်းချမ်းရေး ကုန်းဘုရား နတ်စင်အနီးတွင် ဧပြီ

လက်နက်ကိုင်နှစ်ဦး စီးလာသော ဆိုင်ကယ်။

၂၅ ရက် နံနက်ပိုင်းက မိုင်းတင်း ကျေးရွာမှ ပြည်သူ့စစ်ခေါင်းဆောင် နှင့်အဖွဲ့ စီးနင်းလာသော မော်တော် ယာဉ်ငယ်အား ဆိုင်ကယ်စီး လက်နက်ကိုင်နှစ်ဦးက လိုက်လံ ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ပြည်သူ့ စစ်ခေါင်းဆောင်နှင့် ဆိုင်ကယ်စီး လက်နက်ကိုင်တစ်ဦး သေဆုံးပြီး ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦး လက်နက် ငယ်ထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ကယ်စီးလက်နက်ကိုင်သူနှစ်ဦး အား မည်သည့်အဖွဲ့မှ ဖြစ်သည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရှိရ သည်။

ကျောက်မဲမြို့မှ မိုင်းတင်း ကျေးရွာသို့ ပြန်လာသော မိုင်းတင်း ကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင် စိုင်းအောင်မိုး၊ ဇနီး ဒေါ်အေးညို၊ ပြည်သူ့စစ်အဖွဲ့ဝင် ဦးစံပွဲနှင့် ကိုနိုင်ဦးတို့ စီးနင်းလာသော မတ်တူး အဖြူရောင်ယာဉ်အား ကျောက်မဲမြို့ အထွက် တောင်နောက်ကျေးရွာ ငြိမ်းချမ်းရေးကုန်းဘုရား နတ်စင် အနီးအရောက်တွင် ဆိုင်ကယ်စီး လက်နက်ကိုင် နှစ်ဦးက သေနတ် ဖြင့် ပစ်ခတ်ခဲ့သည်။

ဆိုင်ကယ်စီးလက်နက်ကိုင်အဖွဲ့ထံမှ သိမ်းဆည်းရမိသော ပစ္စတို တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ။

ပြည်သူ့စစ်အဖွဲ့၏ ပြန်လည်ခုခံ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် ဆိုင်ကယ်စီး လက်နက်ကိုင် တစ်ဦးကို တွေ့ရစဉ်။

ထို့ကြောင့် စိုင်းအောင်မိုးက မော်တော်ယာဉ်အား အရှိန်တင် မောင်းနှင်လာစဉ် ခြောက်ဖာလုံခန့် အကွာသို့အရောက်တွင် ကားမှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်း ယာဘက်လယ်ခင်းထဲသို့ ထိုးဆင်း သွားခဲ့သည်။ ထို့နောက် စိုင်းအောင် မိုးနှင့် ကိုနိုင်ဦးတို့က ကားပေါ်ပါ လက်နက်ငယ် နှစ်လက်ဖြင့် အဆိုပါ လက်နက်ကိုင်နှစ်ဦးအား ပြန်လည် ခုခံပစ်ခတ်ခဲ့သည်။ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် စိုင်းအောင်မိုးမှာ လည်ပင်းတွင် လက်နက်ငယ်ကျည် ထိမှန်ပြီး သေဆုံးသွားကာ ဆိုင်ကယ် စီးလက်နက်ကိုင် တစ်ဦးမှာလည်း ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ သည်။ ထို့ပြင် ပြည်သူ့စစ်အဖွဲ့ဝင် ကိုနိုင်ဦးမှာ ဝဲဘက်ပေါင်တွင် ဒဏ်ရာရရှိခဲ့ပြီး ကျန်ဆိုင်ကယ်စီး လက်နက်ကိုင်တစ်ဦးမှာမူ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

သေဆုံးသွားသည့် ဆိုင်ကယ် စီးလက်နက်ကိုင်မှာ အသက် ၂၅ နှစ်ခန့်၊ အသားဖြူ ခန္ဓာကိုယ်သေး သွယ်၊ အရပ် ၅ ပေ ၄ လက်မခန့်ရှိပြီး ၎င်းနှင့်အတူ ပစ္စတိုတစ်လက်နှင့် ဆိုင်ကယ်တစ်စီး ကျန်ရစ်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး လျက်ရှိကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

နားလည်ပေးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ရှိစေချင်

အောင်ခိုင်(လျှပ်စစ်)

အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း ၁၃ ရှိသော စံချိန်တင်ပူပြင်းသည့် ၂၀၁၄ ခုနှစ် နွေရာသီကာလအား မိဘပြည်သူများ ပင်ပန်းကြီးစွာ ကျော်ဖြတ်နေရပါသည်။ လူနေမှုအဆင့်မြင့်သည့် မြို့ပြနေပြည်သူများအဖို့အပူဒဏ်ကို တွန်းလှန်၍ ရှင်သန်နေထိုင်နိုင်ရန် အသုံးပြုရသည့် လေအေးပေးစက်၊ ပန်ကာတို့အတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဤအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်များအပါအဝင်မီးသုံးစွဲသူ မိဘပြည်သူအားလုံးသို့ လျှပ်စစ်ဓာတ်အား နိုင်နင်းစွာဖြင့် ၂၄ နာရီ အပြည့်အဝ ဖြန့်ဖြူးပေးနိုင်လျက်ရှိရာ မိဘပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် များစွာဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

အထက်တွင် ဖော်ပြသကဲ့သို့ မိဘပြည်သူများအား ဓာတ်အားပြည့်ဝစွာပေးနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှ IPP စနစ်ဖြင့် ဓာတ်အားထုတ်လုပ်စေပြီး ၂၀၁၄ ခုနှစ် နွေရာသီလျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ဓာတ်အားပေးစက်ရုံများကို အရှိန်အဟုန်ဖြင့် တိုးချဲ့တည်ဆောက်ခဲ့ရပါသည်။

(၁) အလုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (တိုးချဲ့) ၁၀၀ မဂ္ဂါဝပ် (Toyo Thai Co.,Ltd)

(၂) ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(တိုးချဲ့) ၅၀ မဂ္ဂါဝပ် (UPP Co.,Ltd) (ပုဂ္ဂလိက IPP)

(၃) လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(တိုးချဲ့) ၂၆ မဂ္ဂါဝပ် (Myanmar Central Power) (ပုဂ္ဂလိက IPP)

(၄) သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(တိုးချဲ့) ၅၀ မဂ္ဂါဝပ် (Consuitant International Co., CIC) (ပုဂ္ဂလိက IPP)

(၅) ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(တိုးချဲ့) ၂×၁၂၀ မဂ္ဂါဝပ် (ထိုင်းနိုင်ငံအကူအညီ) (နိုင်ငံပိုင်)

(၆) နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂×၂၀ မဂ္ဂါဝပ် (နိုင်ငံပိုင်)

(၇) ဘီလူးချောင်း(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂×၂၆ မဂ္ဂါဝပ် (ပုဂ္ဂလိက IPP)

ဤဓာတ်အားပေးစက်ရုံများ၏ အနေအထားအရ ယခုနှစ် ဓာတ်အားပြည့်စုံလုံလောက်စွာပေးနိုင်မှုတွင် ပုဂ္ဂလိကဓာတ်အားထုတ်လုပ်မှု(IPP)များ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ နောင်တိုးတက်လာမည့် ဓာတ်အားလိုအပ်ချက်များအတွက်လည်း ပုဂ္ဂလိကကဏ္ဍမှ ဆက်လက်ပါဝင်ဆောင်ရွက်ရမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ၎င်းတို့ထံမှ ဓာတ်အားဝယ်ယူရာတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ (ဓာတ်ငွေ့ဖိုးမပါ)၊ တစ်ယူနစ်ငွေကျပ် ၃၃ ဒသမ ၃၈၊ (ဓာတ်ငွေ့ဖိုးမပါလျှင်) တစ်ယူနစ် ကျပ် ၁၃၀ ခန့်ဖြင့်လည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံများမှ တစ်ယူနစ်ငွေကျပ် ၇၀ ဖြင့်လည်းကောင်း ပေးချေဝယ်ယူရပါသည်။

ဓာတ်အားဝယ်ယူမှုစရိတ်များ တိုးလာသည့်အတွက် နိုင်ငံတော်အစိုးရတွင် ဝန်ထုပ်ဝန်ပိုး ထပ်မံမဖြစ်စေရန်အလို့ငှာ ဓာတ်အားခနှုန်းထားများကို ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ နှုန်းထားပြင်ဆင်ရာတွင်လည်း အခြေခံလူတန်းစားများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထိခိုက်မှုမရှိစေရေးကိုလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးကိုလည်းကောင်း ရည်ရွယ်၍ နေအိမ်သုံးနှင့် စီးပွားရေး၊ စက်မှုသုံးဓာတ်အား သုံးစွဲသူများအကြား သင့်တင့်သော အပြန်အလှန်စိုက်ထုတ်မှု (Cross Subsidies)ကို သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ယမန်နှစ် ၂၀၁၃ ခုနှစ် နွေရာသီကာလတွင် ဓာတ်အားထုတ်လုပ်မှုလျော့နည်းသဖြင့် စက်မှုဇုန်များအား နှစ်အုပ်စုခွဲပြီး တစ်အုပ်စုကို ငါးနာရီသာ ဓာတ်အားပေးနိုင်သည့်ကာလ သုံးလနှင့် စက်မှုဇုန်အားလုံး ဓာတ်အားဖြတ်တောက်ထားရသည့်ကာလ တစ်လရှိခဲ့ပါသည်။ အချိန်အားဖြင့် တစ်နှစ်လျှင် ၈၇၆၀ နာရီရှိသည့်အနက် ၆၂၁၀ နာရီ ဓာတ်အားရရှိခဲ့ပြီး ၂၅၅၀ နာရီ ဓာတ်အားမရခဲ့ကြောင်းတွေ့ရှိရပါသည်။ ဓာတ်အားရရှိသည့်အချိန်များတွင် နိုင်ငံတော်မှ ဓာတ်အားခနှုန်းထား တစ်ယူနစ်လျှင် ၇၅ ကျပ်နှုန်းဖြင့် ရရှိခဲ့ပြီး ဓာတ်အားမရသည့်အချိန်များတွင် စက်မှုဇုန်များအနေနှင့် မိမိကိုယ်ပိုင်ဒီဇယ်စက်များ မောင်းနှင်ဓာတ်အားထုတ်လုပ်အသုံးပြုခဲ့ရာ ဓာတ်အားတစ်ယူနစ်လျှင် ကျပ် ၄၀၀ နှုန်း ကျသင့်ခဲ့ပါသည်။ ယင်းစက်ရုံများအတွက် တစ်နှစ်လုံးပျမ်းမျှ ဓာတ်အားခသည် တစ်ယူနစ်လျှင် ကျပ် ၁၇၀ ကျသင့်ကြောင်း တွက်ချက်ရရှိပါသည်။

ယခုနှစ်တွင် စက်မှုဇုန်အားလုံးသို့ ဓာတ်အားဖြတ်တောက်မှုမရှိ အပြည့်အဝ ဓာတ်အားပေးလျက်ရှိပြီး အသစ်ပြင်ဆင်သော နှုန်းထားအရ ဓာတ်အားသုံးစွဲမှုပမာဏအလိုက် ကောက်ခံမည့်နှုန်းထားမှာ အမြင့်ဆုံးတစ်ယူနစ်လျှင် ကျပ် ၁၅၀ သာ ရှိမည်ဖြစ်ပါသည်။

ယမန်နှစ်က တစ်ယူနစ်လျှင် ပျမ်းမျှ ကျပ် ၁၇၀ နှုန်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်ခဲ့သော စက်ရုံများအနေနှင့် ပစ္စည်းတန်ဖိုးအပေါ် ဈေးနှုန်းမြင့်တင်မှု မပြုခဲ့ကြဘဲ ယခုလျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၄ နာရီ စဉ်ဆက်မပြတ် ဓာတ်အားပေးလျက်ရှိပြီး အမြင့်ဆုံးတစ်ယူနစ်လျှင် ငွေကျပ် ၁၅၀ ပေးရန် ဖြစ်လာသောအခါတွင်မှ ထုတ်ကုန်အပေါ် ဈေးနှုန်းမြှင့်တင်မှုကို ပြုလုပ်ခြင်း၊ ဂျာနယ်များတွင် ရေးတန်းတင်ရေးသားကြခြင်းကို ဆောင်ရွက်လာကြပါသည်။

စက်မှုဇုန်များ ၂၄ နာရီ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးအတွက် စက်မှုဇုန်တာဝန်ရှိသူများနှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ရာတွင် ယခင်နှစ်များက ပျမ်းမျှဓာတ်အားခသည် စက်မှုဇုန်များတွင် ကျပ် ၁၇၀ မှ ၂၄၀ ကျပ်အထိ ရှိနေကြောင်း တွက်ချက်သဘောတူ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တိုင်သိရှိပြီးသော အချက်အလက်များကို ပစ်ပယ်၍ ထုတ်ကုန်ဈေးနှုန်းမြှင့်ရန် ကြိုးပမ်းမှုများသည် မိဘပြည်သူများနှင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အစိုးရအပေါ် ရိုးဖြောင့်မှုမရှိသော လုပ်ရပ်ဟု သတ်မှတ်နိုင်ပါသည်။ နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝမြှင့်တင်ရေးတွင် မရှိမဖြစ်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ပြည့်စုံလုံလောက်စွာရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် နားလည်မှုပေးနိုင်ရေးနှင့် အများပြည်သူအကျိုးအတွက် ပူးပေါင်းဆောင်ရွက်တတ်မှုရှိစေရေးကို ကြိုးစားပေးစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

= အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးကိုလည်းကောင်း ရည်ရွယ်၍ နေအိမ်သုံးနှင့် စီးပွားရေး၊ စက်မှုသုံး ဓာတ်အားသုံးစွဲသူများအကြား သင့်တင့်သော အပြန်အလှန်စိုက်ထုတ်မှု(Cross Subsidies)ကို သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ် . . .

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိတိုက် စည်သာကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏ မဟာထေရ်မြတ် ပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိတိုက် စည်သာကျောင်း ဦးစီးပဓာနနာယကဆရာတော် သက်တော် (၉၅ နှစ်) သိက္ခာတော် (၇၅) ဝါရှိ ဘဒ္ဒန္တဉာဏ မဟာထေရ်မြတ်သည် ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၄-၄-၂၀၁၄) ကြာသပတေးနေ့ နံနက် ၃ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စာရေးဆရာကြီး ဇေယျ(ဦးယော) ၁၁၅ နှစ်ပြည့်အထိမ်းအမှတ် ဇေယျတံခွန် ဇီးကုန်းမဂ္ဂဇင်း ၂၀၁၄ မေလဆန်းတွင် ထုတ်ဝေမည်

ဇီးကုန်း ဧပြီ ၂၅

ဇီးကုန်းမြို့နယ် စာရေးဆရာအသင်း၊ မြို့နယ်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီတို့၏စီစဉ်မှုဖြင့် မြန်မာစာပေလောကတွင် ထွန်းတောက်ထင်ရှားခဲ့သူ ဇီးကုန်းဇာတိဖွား စာရေးဆရာကြီး ဇေယျ(ဦးယော)၏ ၁၁၅ နှစ်ပြည့် အထိမ်းအမှတ် ဇေယျတံခွန်ဇီးကုန်းမြို့နယ် မဂ္ဂဇင်းသည် ၂၀၁၄ ခုနှစ် မေလဆန်းတွင် ဝေဝေဆာဆာထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် စာရေးဆရာအသင်းသည် မြို့နယ်အထိမ်းအမှတ် မဂ္ဂဇင်းလေးကြိမ်ထုတ်ဝေခဲ့ပြီးဖြစ်ရာ မြို့နယ် အထက ရွှေရတုမဂ္ဂဇင်း၊ အမျိုးသားဦးလှဒင်ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းများပါဝင်ကြောင်း သိရှိရသည်။

ကိုသက်(ဇီးကုန်း)

မိုးညှင်းစည်ပင်ဌာနပိုင်ငွေ ကျပ်သိန်း ၄၀၀ ပျောက်ဆုံးမှုဖြစ်

မိုးညှင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ငွေ ကျပ်သိန်း ၄၀၀ ပျောက်ဆုံးနေသဖြင့် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းဦးက ဧပြီ ၂၄ ရက်တွင် မိုးညှင်းမြို့မရဲစခန်း၌ တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

အမှုဖွင့်တိုင်ကြား

ဖြစ်စဉ်မှာ ဧပြီ ၂၃ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းဦး၏မိသားစုများသည် လူမှုရေးကိစ္စဖြင့် မြစ်ကြီးနားမြို့သို့ ထွက်ခွာသွားကြောင်း၊ အလားတူ အင်ဂျင်နီယာမှူး ဦးဝင်းဦးသည်လည်း ယင်းနေ့နံနက် ၉ နာရီတွင် ဟိုပင်မြို့နယ်ခွဲ၌ လမ်းတံတားများ တည်ဆောက်နေမှုလုပ်ငန်းများကို သွားရောက်စစ်ဆေးပြီး ညနေ ၄ နာရီခွဲတွင် ၎င်းနေထိုင်ရာ မိုးညှင်းမြို့ မိုးဒါးစုရပ်ကွက်ရှိ စည်ပင်ဝန်ထမ်း လုံးချင်းအိမ်ရာသို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းနေအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် ခြံဝင်းတံခါးမှာ သော့ခတ်လျက်တွေ့ရှိရပြီး နေအိမ်တံခါးမကြီး၏သော့မှာ ပျက်စီးနေကြောင်း၊ နေအိမ်အတွင်း ဝင်ရောက်ကြည့်ရှုရာ အိပ်ခန်းအတွင်းရှိ ဗီရိုသော့ပျက်စီးနေပြီး ဗီရိုအနီးတွင် မီးသွေးခုတ်သည့် ဓားမပောင်းတစ်ချောင်း တွေ့ရှိရကာ ဗီရိုအတွင်းရှိ မိုးညှင်းဟိုပင်စည်ပင်ဌာနပိုင်ငွေ ကျပ်တစ်သောင်းတန်ငွေကျပ်သိန်း ၁၀၀ ထုပ်လေးထုပ် စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ပျောက်ဆုံးနေသဖြင့် အမှုဖွင့်တိုင်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

■ *ကျောဖုံးမှ*

ကချင်ပြည်နယ်တို့တွင် ၇ ဒီဂရီစင်တီဂရိတ်ခန့်၊ ရှမ်းပြည်နယ်တွင် ၆ ဒီဂရီ စင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ၄ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်များ သိသိသာသာမြင့်တက်နေခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မုတ်သုံဝင်ရောက်မှုမှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ နှစ်စဉ်မေ ၁၅ ရက်မှ ၂၀ ရက်ဝန်းကျင်တွင် ဝင်ရောက်တတ်ပြီး မြစ်ဝကျွန်းပေါ်ဒေသများသို့ မေ ၂၂ ရက်ဝန်းကျင်တွင်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ မေ ၂၈ ရက် ဝန်းကျင်တွင်လည်းကောင်း၊ မြန်မာနိုင်ငံမြောက်ဖျားပိုင်းသို့ ဇွန်လဆန်းတွင်လည်းကောင်း ဝင်ရောက်နေကျဖြစ်ပြီး ယမန်နှစ် မုတ်သုံမိုးသည် ယခုနှစ် ခန့်မှန်းချက်ကဲ့သို့ပင် နှစ်ပတ်ခန့်နောက်ကျဝင်ရောက်ခဲ့သည်။ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်းကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အပူချိန်များ ဆက်တိုက်မြင့်တက်လျက်ရှိပြီး ယနေ့အပူချိန်မှာ နေပြည်တော်တွင် ၃၈ ဒီဂရီစင်တီဂရိတ်၊ မန္တလေးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေသည်။

ရွာသွန်းနိုင်

ထို့အပြင် ရေငွေ့ပါဝင်သည့်လေများသည် ယခုရက်ပိုင်းအတွင်း တိုက်ခတ်နေခြင်းကြောင့် ယခုအပတ်အတွင်းတွင် နေပြည်တော်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးရွာသွန်းမှုများဖြစ်ပွားနိုင်ပြီး မိုးရေချိန်လက်မ တစ်နေ့တာအတွက် ခန့်မှန်းလျာထားချက်မှာ ၂ မီလီလီတာမှ ၁၀ မီလီလီတာအထိ ရွာသွန်းနိုင်ကြောင်း သိရသည်။

နေပြည်တော်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက မုတ်သုံဝင်ရောက်မှု အခြေအနေ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲအပြီးတွင် မုတ်သုံခန့်မှန်းချက်များနှင့် ရာသီဥတုခန့်မှန်းအစီရင်ခံချက်များကို တိကျစွာ သတ်မှတ်ဖော်ပြပေးနိုင်မည်ဖြစ်သည့်အတွက် မိုးလေဝသပညာရှင်များ စုပေါင်းတွက်ချက် အဖြေရှာနေကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သက်ထားစုလှိုင်က ပြောကြားသည်။

မြန်မာနိုင်ငံသို့ မုတ်သုံဝင်ရောက်မှုနောက်ကျမည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည့်အပြင် မုတ်သုံဆုတ်ခွာမှုသည်လည်း ဆောလျင်ရန် အလားအလာများရှိပြီး စက်တင်ဘာလလယ်အတွင်းတွင် ဆုတ်ခွာနိုင်ကြောင်း သိရသည်။

ထို့အပြင် ပညာရှင်များ၏ ခန့်မှန်းချက်များအရ လေထုအတွင်းရှိ ပါဝင်နေသော ရေငွေ့များသည် တိမ်အဖြစ်သို့ ရောက်ရှိလျက်ရှိသော်လည်း မိုးအဖြစ်ရွာချပေးရန် အခက်အခဲများကြောင့် အဆိုပါရေငွေ့၏ အပူချိန်သည် ထပ်လောင်းတိုးတက်လာခဲ့ခြင်းကြောင့်လည်း လူသားများ ခံစားနေရသည့်အပူချိန်မှာ အပူချိန်တိုင်းကိရိယာများဖြင့် တိုင်းတာရသည့် အမြင့်ဆုံးအပူချိန်များထက် ပိုမိုသိသာစွာခံစားရပြီး ထိုကဲ့သို့ ဖြစ်စဉ်ကို Heat Index or Feel Temperature ဟုခေါ်ဆိုကြောင်း သိရသည်။

ထိုကဲ့သို့ အပူချိန်ကို ခံစားရသဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်များနှင့် နာမကျန်းသူများအတွက် အပူချိန်မြင့်တက်မှုကြောင့် အသက်အန္တရာယ်ထိခိုက်စေသည်အထိ ဖြစ်စေနိုင်ခြင်းဖြစ်သည်။

စိုးရိမ်မိ

“မိုးကာလမှာ မုတ်သုံမိုးက အဝင်နောက်ကျတော့ မိုးဦးမှာ မြန်မာနိုင်ငံအလယ်ပိုင်းက စိုက်ပျိုးရေးတောင်သူတွေ သတိထားရမှာ ဖြစ်ပါတယ်။ မိုးလယ်နဲ့ မိုးနှောင်းနီးကပ်နိုင်တဲ့အတွက် မိုးများရာကနေ ရေကြီးရေလျှံမှုတွေကို ဇူလိုင်လကုန်နဲ့ စက်တင်ဘာလဆန်းကာလတွေမှာ ကြုံရနိုင်ပါတယ်။ ယခုနှစ်အတွက် တစ်နှစ်တာရာသီဥတု ယေဘုယျခန့်မှန်းချက်ကတော့ ပူနွေးတဲ့ ရာသီဥတုကို ပိုင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မိုးဦးကျကာလမှာ မုန်တိုင်းဝင်ရောက်မှုတွေကိုလည်း ကြိုတင်တွေးဆထားရမှာဖြစ်သလို အပူချိန်မြင့်တက်နေတဲ့အတွက်လည်း အယ်လ်နီညိုအနေအထားကို စိုးရိမ်မိပါတယ်” ဟု မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ပြောကြားသည်။

ယခုနွေကာလတွင် မြန်မာနိုင်ငံအရပ်ရပ်၌ သောက်သုံးရေများ မပြတ်လပ်စေရေး ကြိုတင်ကာကွယ်သည့် အစီအမံများ ပြုလုပ်လျက်ရှိပြီး ရေပေးဝေရေးစီမံကိန်းများကို ပြုလုပ်ပေးလျက်ရှိသည်။ စေတနာရှင် အလှူရှင်များကလည်း ရေပြတ်လပ်တတ်သည့်နေရာများသို့ ကိုယ်တိုင်ရေကားများဖြင့် သွားရောက်လှူဒါန်းလျက်ရှိသည်။ သို့သော်လည်း နွေရာသီ ရေပြတ်လပ်ခြင်းကို ရာနှုန်းပြည့် တားဆီးနိုင်ခြင်းမရှိသည့်အပြင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ ဒလမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းတို့တွင် ရေအခက်အခဲများ ကြုံတွေ့နေရကြောင်း ဒေသခံများထံမှ သိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ်အုပ်ချုပ်ရေးမှူးက ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်အာဏာဖြင့် တရားမအကျဉ်းထောင် (ပဲခူး)သို့ပို့ဆောင်ချုပ်နှောင်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်ခြင်း

နေပြည်တော် ဧပြီ ၂၅

၂၀၁၄ခုနှစ်ဧပြီလ ၂၅ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈)တွင် ဖော်ပြပါရှိသော **အစိုးရမြေပေါ်တွင် ကျူးကျော်သူများအား တရားမအကျဉ်း ထောင်သို့ပို့ဆောင် ချုပ်နှောင်ခြင်းနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း** ဖော်ပြခဲ့သည့် သတင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတင်းဆက် ရရှိပါသည်။

ကျူးကျော်မှုဖြင့် တရားမအကျဉ်းထောင်သို့ ပို့ဆောင်ချုပ်နှောင်ခံရသည့် ဒေါ်မြင့်ရီနှင့်ဦးသန်းနိုင်တို့က ၂၀၁၃ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၂၁ဖြင့်လည်းကောင်း၊ မတင်နီလာမြင့်နှင့် ဒေါ်ခင်စောမြိုင်တို့က ၂၀၁၃ခုနှစ် တရားမအထွေထွေလျှောက်ထားမှု အမှတ် ၁၂၀ဖြင့် လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားတင်ပြခဲ့ရာ ၎င်းတို့ကျူးကျော်သည့် မြေမှာအစိုးရမြေ (State Land) မဟုတ်ဘဲ အစိုးရက စီမံခန့်ခွဲသည့်မြေ (Land at the disposal of Government) ဖြစ်သည့်အတွက် ဒေါ်မြင့်ရီနှင့် ဦးသန်းနိုင်တို့အား ၂၅-၃-၂၀၁၃ရက်တွင်လည်းကောင်း၊ မတင်နီလာမြင့်နှင့် ဒေါ်ခင်စောမြိုင်တို့အား ၂၉-၃-၂၀၁၃ရက်တွင် လည်းကောင်း၊ အကျဉ်းချထားရန် ဝရမ်းအမိန့်ဖြင့် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိက ၁၈၉၈ခုနှစ်အောက်မြန်မာပြည် မြို့ပြနှင့် ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၂၁အရ တရားမထောင်တွင် ရက်ပေါင်း ၃၀ ကျခံစေသည့်အမိန့်သည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်ကြောင်း သမ္မတရုံးဝန်ကြီးဌာန (၂)မှ သတင်းဆက်ရရှိသည်။ **(သတင်းစဉ်)**

လက်ဝှေ့လက်ရွေးစင်အားကစားသမားများရွေးချယ်

မန္တလေး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဇွန် ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အပြည်ပြည်ဆိုင်ရာလက်ဝှေ့ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် လက်ဝှေ့လက်ရွေးစင် အားကစားသမားများ ရွေးချယ်ပွဲကို ဧပြီ ၂၄ ရက် ညနေ ၅ နာရီက မန္တလေးမြို့ အထက(၂)ကျောင်းရှိ လက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ မန္တလေးမြို့မှ လူငယ်သင်တန်းကျောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန်းတိုင်းရဲ၊ အား/ကာ သိပ္ပံ(မန္တလေး)စသည့် လက်ဝှေ့ကလပ်အသင်းကျောင်းတို့မှ လက်ဝှေ့အားကစားသမား ၂၂ ဦး လာရောက်၍ ၄၆ ကီလိုတန်း၊ ၅၀ ကီလိုတန်းနှင့် အလွတ်တန်းတို့တွင် ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါလက်ဝှေ့ ပဏာမလက်ရွေးစင် ရွေးချယ်ရာသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဦး၊ အတွင်းရေးမှူး ဦးမြလှိုင်၊ မန္တလေးခရိုင်နှင့် မြို့နယ် အသင်းအားကစားအရာရှိများ၊ လက်ဝှေ့ဆပ်ကော်မတီများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြပြီး အကဲဖြတ်လက်ဝှေ့ဒိုင်လူကြီးများက အမှတ်ပေးရွေးချယ်ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ရထားလမ်းတစ်လျှောက် ဖိုင်ဘာဆက်ကြောင်းများတည်ဆောက်ပြီး ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများကို ငှားရမ်းမည်

ရန်ကုန် ဧပြီ ၂၅

မြန်မာ့မီးရထား လုပ်ငန်းမှ ဖော်ဆောင်လျက်ရှိနေသော စီစဉ် ဆောင်ရွက်မှုများမှာ နိုင်ငံတော်မှ စိုက်ထုတ်ကုန်ကျငွေ (Supsidise) ကို လျော့ကျစေရေး၊ ရထားစီး ခရီးသွားအများပြည်သူများ၊ ရထားတွဲဆိုင်းများနှင့် ရထားလမ်းများ အတွက် အဆင်ပြေချောမွေ့လွယ်ကူစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားတွင် ရထားလမ်းတစ်လျှောက် ဖိုင်ဘာဆက်ကြောင်းများဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ကုန်ကျငွေ (Supsidise)ကို လျော့ကျစေနိုင်ရန်အတွက် ယခုအခါ အဓိကလုပ်ငန်းကြီးနှစ်ရပ် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါ အဓိကလုပ်ငန်းကြီးနှစ်ရပ် အနက်တစ်ခုမှာ ရန်ကုန်ဘူတာကြီး အနီးတစ်ဝိုက်ရှိ စီးပွားရေးအဓိက အချက်အချာကျ မြေနေရာများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိခြင်းနှင့် ကျန်အခြားတစ်ခုမှာ မီးရထားလမ်းတစ်လျှောက်ရှိ မီးရထားပိုင်မြေနေရာများကို အသုံးပြု၍ Optical Fiber Cable ဆက်ကြောင်းများ တည်ဆောက်ခြင်းကို ပြုလုပ်ကာ လက်ရှိအားဖြင့် မိုဘိုင်း အော်ပရေတာ ကုမ္ပဏီလေးခုကို ငှားရမ်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိခြင်းပင်ဖြစ်သည်။

မြန်မာ့ မီးရထားလမ်းတစ်လျှောက် Optical Fiber Cable သွယ်တန်းငှားရမ်းရန်နှင့် ဆက်စပ်လုပ်ငန်းများအတွက် လိုင်စင်ရရှိထားသော Mobile Operator များနှင့် နိုင်ငံတကာ Developer ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းများအတွက် ရထားပိုင်မြေများ ငှားရမ်းဆောင်ရွက်ရေး စီမံကိန်းများကိုလည်းအဆင့်နှစ်ခု သတ်မှတ်ထားရှိသေးကြောင်းလည်း သိရသည်။

အဆိုပါ စီမံကိန်းများထဲမှ ပထမအဆင့်ဖြစ်သော ရန်ကုန်-မန္တလေး လမ်းပိုင်းတစ်လျှောက် လက်ရှိ OFC Cable ကို ကျခံပြုပြင်၍ ငှားရမ်းဆောင်ရွက်မည့် အဖွဲ့အစည်းအား လေးလတာကာလအတွင်း ငှားရမ်းရန် ဆောင်ရွက်ချက်ကို တင်ဒါခေါ်ယူသွားရန်နှင့် ဒုတိယအဆင့်ဖြစ်သော ရထားလမ်းတစ်လျှောက် Antenna နှင့် စက်ခန်းများကို အမြန်ဆုံး ငှားရန်အတွက် Expression of Interest (EOI) ကို မေလအတွင်း စတင်တင်ဒါခေါ်ယူဆောင်ရွက်သွားရန်နှင့် ယင်းလမှပင်စတင်ကာ ခြောက်လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းရှင်များအားတင်ဒါခေါ်ယူရွေးချယ် ဆောင်ရွက်တော့မည်လည်း ဖြစ်သည်။

ထို့ကြောင့် စီမံကိန်းများထဲမှ OFC Cable သွယ်တန်းငှားရမ်းရန်နှင့် ဆက်စပ်လုပ်ငန်းများအတွက် ရထားပိုင်မြေများငှားရမ်းဆောင်ရွက်ရေး ပထမအဆင့်ဖြစ်သော စီမံကိန်းအဆင့်(၁)အရ ရန်ကုန်-မန္တလေး လမ်းပိုင်းတစ်လျှောက်လက်ရှိ OFC Cable ကို ကျခံပြုပြင်၍ ငှားရမ်းဆောင်ရွက်မည့် အဖွဲ့အစည်းကို တင်ဒါစတင်ခေါ်ယူမည့် ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ဧပြီ ၂၇ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်ဘူတာကြီး စခန်းသာဧည့်ခန်းမ၌ စီစဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပင်းတယမြို့နယ်အတွင်းရှိ သောက်သုံးရေကန်များတူးဖော်

တောင်ကြီး ဧပြီ ၂၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် ဧပြီ ၂၄ ရက် နံနက်၁၀ နာရီက ကလောမြို့နယ် မြောက်မြေခြားကျေးရွာနှင့် ပင်းတယမြို့နယ် ဝါးတရာကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်းနှင့် သောက်သုံးရေကန် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝါးတရာရေကန်သည် မြေသားအမျိုးအစားဖြစ်ပြီး နုန်းများ ဆယ်ယူခြင်းနှင့် တာပေါင်မြှင့်ခြင်းများ ပြုလုပ်၍ အတိုင်းအတာမှာ (၅၀၀×၄၀၀×၉) ပေ၊ ရေသိုလှောင်နိုင်မှု (ပျမ်းမျှ)ဂါလန် သိန်း ၉၀ ဆံ့ပြီး လုပ်ငန်း စတင်ရက်မှာ မတ်၁၈ရက်ဖြစ်၍ ခန့်မှန်းခြေတွက်ချက်မှု ကုန်ကျစရိတ် ၁၃၂ ဒသမ ၆ သိန်းကုန်ကျမည်ဖြစ်သည်။ လက်ရှိရေကန်သုံးစွဲသည့် ကျေးရွာများမှ ဝါးတရာ၊ ရှောက်ပင်၊ ရေပုတ်၊ မြောက်မြေခြား၊ လေးကျောင်းတိုက်၊ ဖောင်းတောရွာများ ဖြစ်ပြီး လူဦးရေ ၂၃၂၂ ဦးနှင့် အိမ်ခြေ ၅၆၃ အိမ် ရေကောင်းရေသန့်များ သုံးစွဲနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ရှောက်ပင်ရေကန်နိုင်ကန်နှင့် တမဲကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လမ်းများဖောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

၄င်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆောင်ရွက်မှု၊ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစဉ် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများက မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဩစတြေးလျနိုင်ငံသားတစ်ဦး မြဝတီမြို့သို့ ပြည်ဝင်ခွင့်ဗီဇာမပါဘဲဝင်ရောက်

ဘားအံ ဧပြီ ၂၅

ဧပြီ ၂၃ရက် နံနက် ၉နာရီတွင် ဩစတြေးလျနိုင်ငံသား Mr. HADI SHERI CMMR GUI သည် မြဝတီမှ ကော့ကရိတ်ဘက်သို့ သွားရောက်ရန်ကျော်ကြီး(ခ) ကျော်မင်းထက် ၂၂နှစ်၊ (၈)လမ်း၊ သဃ်န်းညီနောင်မြို့သစ် မြဝတီမြို့နယ်နေသူ မောင်းနှင်သည့် ဆိုင်ကယ်တက္ကစီ အမှတ် ဘအ/---- စမတ်(ခဲရောင်) ဆိုင်ကယ်ဖြင့် လိုက်ပါ၍မြဝတီဘက်မှ တံတားကျိုး စစ်ဆေးရေးဂိတ်သို့ ရောက်ရှိလာစဉ် ဒုရဲမှူးအောင်နိုင်ရွှေ ဦးစီးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့် ဒုလဝကမှူး ဦးအောင်ကျော်ဦးတို့ အဖွဲ့မှ ရပ်တန့်စစ်ဆေးခဲ့ရာ ပတ်စပို့ ဗီဇာများမပါရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် မြဝတီခရိုင် လဝကရုံးသို့ ပို့ဆောင်ထားရှိခဲ့သည်။

အဆိုပါ နိုင်ငံခြားသားအား စစ်ဆေးခဲ့ရာ အသက်(၂၉နှစ်)၊ ပတ်စပို့ အမှတ် pp No.N1622856 ၊ အာဖဂန်နစ္စတန်လူမျိုး၊ ဩစတြေးလျနိုင်ငံသား၊ No .410 Barly Street Footscray Vic Town 3011 ၊ ဩစတြေးလျ နိုင်ငံနေသူဖြစ်ပြီး ၄င်းသည် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ဗီဇာဖြင့် ဝင်ရောက်လာခြင်း မဟုတ်ဘဲ ဧပြီ ၂၃ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြဝတီသို့ တရားမဝင် ဘောဂိတ်မှတစ်ဆင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဝင် ပြည်ဝင်ခွင့်ဗီဇာမပါရှိဘဲ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ မြန်မာနိုင်ငံ မြဝတီမြို့သို့ တရားမဝင်ဘောဂိတ်မှ ဝင်ရောက်ခဲ့သူ ဩစတြေးလျနိုင်ငံသား Mr. HADI SHERI CMMR GUI အား ဧပြီ ၂၄ ရက်က လဝကမှ ဦးစီးအရာရှိ ဦးမြင့်သိန်းဌေးက တရားလိုပြုလုပ်တိုင်တန်းချက်အရ အမှုရေးဖွင့်ပြီး ဒုရဲအုပ်နိုင်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၃၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၆၅၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၅၀၀၀-၃၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၈၀၀-၁၅၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၅၇-၉၆၇
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၀-၁၃၃၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၅၉-၇၆၉
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆.၂-၁၆.၇
တရုတ်	တစ်ယွမ်	ကျပ် ၁၅၃-၁၆၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၄-၂၉၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၉၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၀၃
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၀၀-၄၆၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၄၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၇၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၅၆၀
ရေတိရည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၄၅၀
ရေတိပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။

မီးဘေးကာကွယ်တားဆီးရေးလုပ်ငန်းများ ကြည့်ရှု

တပ်ကုန်း ဧပြီ ၂၅

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် ဧပြီ ၂၅ ရက်တွင် တပ်ကုန်း မြို့မဈေး မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီများနှင့်အတူ မြို့မဈေးအတွင်း လုပ်ငန်းသုံးနှင့် လုံခြုံရေးလျှပ်စစ်ဓာတ်အား အသုံးပြုမှုအခြေအနေများ၊ မီးသတ်အုတ်ကန်နှင့် ရေစုပ်စက်တပ်ဆင်ထားရှိမှုအခြေအနေများ၊ မီးအသုံးပြုသည့် ဈေးဆိုင်ခန်းများ စစ်ဆေးကြည့်ရှုခဲ့ကြောင်းနှင့် မီးသတ်ဦးစီးဌာနရှိ မီးသတ်ယာဉ် စက်သုံးဆီ၊ ရေလှောင်ကန်၊ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်ပြည့် အဆင်သင့်ထားရှိနိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

(ဝ၂၁)

ယာဉ်မောင်းအလိုရှိသည်

Mega Win Co.,Ltd. တွင်
အမျိုးသားယာဉ်မောင်း (၃)ဦး
ဓာတ်ပုံ (၁)ပုံ မှတ်ပုံတင်မိတ္တူနှင့် လာရောက်လျှောက်ထားနိုင်သည်။
အမှတ်(၈) အေးသာယာလမ်း၊ တာမွေဘောက်ထော်
ဖုန်း-၅၄၈၂၉၇၊ ၅၄၃၆၉၆၊ ၄၀၀၄၇၈၊ ၀၉-၅၁၁၃၄၀၁

Invitation to Open Tender

1. Opened Tenders are invited by Myanmar Radio and Television, Ministry of Information,for the following machinery to be purchased in foreign currency (USD);

(a)	50 KW SW Radio Transmitter	1 Set
(b)	DVB-T2 Set-top Box	100,000 Nos.
(c)	Pocket Radio (2 Band, FM & MW)	50,000 Nos.
(d)	Pocket Radio (9 Band, FM, MW & SW)	50,000 Nos.

2. Opened Tender Forms are available from (9-4-2014) till (8-5-2014) daily between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw (Tatkone).

3. Opened Tenders are to be submitted in the presence of the tender members on the (9-5-2014) between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw (Tatkone). Those tenders exceeding the closing date will not be taken into consideration.

4. Rules regarding the opened tender forms;list of machinery and details are available at the following address.

Machinery Purchasing Committee
Myanma Radio and Television, Nay Pyi Taw
Ministry of Information
Ph:067-79483,067-79135,067-79411

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် Chemistry Lab Equipments နှင့် Physics Lab Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၅-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၃၁၆၊ မြေအကျယ်အဝန်းပေ (၄၀×၆၀) ဒေါ်တင်ဆယ် ၁၂/တတန(နိုင်)၀၂၉၂၃၃ အမည်ပေါက်ပါမစ်မြေအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်သူဇာလှိုင် ၁၂/ဒဂန(နိုင်)၀၀၈၉၄၆
ဖုန်း-၀၉-၅၀၉၀၈၆၂

မောင်ပြည့်ဖြိုးဘို ၈/ပခက(နိုင်)၁၆၂၅၆၃ နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဘိုစိန်နှင့် ဒေါ်အေးမြင့်ကြည်တို့၏ သားဖြစ်သူ မောင်ပြည့်ဖြိုးဘိုသည် မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် အမျိုးမျိုးပြုလုပ်ဆောင်ရွက်သည့်အပြင် မိဘများမသိရှိဘဲ ရွှေ၊ ငွေနှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ကျွဲတဲကျေးရွာ၊ ရွှေချောင်းအနောက်ရပ်ကွက်ရှိ မြေအိမ်နှင့်ပတ်သက်သော မိခင်အမည်ပေါက်ပိုင်ဆိုင်မှုများအား ရယူသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်အရ ရရှိထားခြင်း မဟုတ်သော မောင်ပြည့်ဖြိုးဘို လက်ဝယ်ရှိ အထက်ပါပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ကျွန်ုပ်၏ မိတ်ဆွေများ၏ သဘောတူညီချက်အရမဟုတ်ဘဲ ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းနှင့် မောင်ပြည့်ဖြိုးဘို၏ ဆောင်ရွက်ခြင်းများအား ကျွန်ုပ်၏ မိတ်ဆွေများမှ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် တားမြစ်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခိုင်ဌေး LL.B,DBL,DIL
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် ၁၅ မြေညီထပ် (ခြေရင်းဘက်)အကျယ်အဝန်းပေ (၁၂×၄၂)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ရီ BQ-၀၁၈၈၇၉ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်း LL.B အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ ၁၀ မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေပုံနှိပ်ဖော်ပြရာတွင် ကွဲလွဲချက်များပြင်ဆင်ဖတ်ရှုပေးပါရန်

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပါ အချက်အလက်များအချို့ သတင်းစာ၌ပုံနှိပ်ဖော်ပြရာတွင် ကွဲလွဲမှုရှိပါသဖြင့် ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စဉ်	အကြောင်းအရာ	ပြည်ထောင်စုလွှတ်တော်အတည်ပြု	၃၀-၃-၂၀၁၄ မြန်မာ့အလင်း သတင်းစာ
	ပူးတွဲ(၁)ဇယား		
၁။	သတ္တုနှင့်တွင်းထွက်ပစ္စည်း (စာတိုင် ၈ တိုးတက်မှုနှုန်းတွင်)	၈. ၈	၀. ၈
၂။	လျှပ်စစ်ဓာတ်အား (စာတိုင် ၈ တိုးတက်မှုနှုန်းတွင်)	၁၁. ၆	၁၀. ၆
၃။	ကုန်သွယ်မှု (စာတိုင် ၆ တန်ဖိုးတွင်)	၁၀၀၅၆၁၃၇. ၇	၁၀၁၅၆၁၃၇. ၇
	ပူးတွဲ(၂)ဇယား		
၄။	လျှပ်စစ်ဓာတ်အား (စာတိုင် ၈ တိုးတက်မှုနှုန်းတွင်)	၁၁. ၆	၁၀. ၆
၅။	ကုန်သွယ်မှု (စာတိုင် ၆ တန်ဖိုးတွင်)	၁၀၀၅၆၁၃၇. ၇	၁၀၀၅၆၀၃၇. ၇

စဉ်	အကြောင်းအရာ	ပြည်ထောင်စုလွှတ်တော်အတည်ပြု	၃၀-၃-၂၀၁၄ မြန်မာ့အလင်း သတင်းစာ
	ပူးတွဲ(၂)ဇယား		
၁	သစ်တော (စာတိုင် ၆ တန်ဖိုးတွင်)	၁၀၅၄၁၀. ၅	၁၀၅၄၀၀. ၅
၂	ဆောက်လုပ်မှု (စာတိုင် ၆ တန်ဖိုးတွင်)	၂၈၅၂၈၁၉. ၁	၂၈၅၂၈၁၉. ၀
	ပူးတွဲ(၃)ဇယား		
၃	ကချင်ပြည်နယ် (စာတိုင် ၆ တန်ဖိုးတွင်)	၁၂၆၁၇၅၅. ၆	၁၂၆၀၇၅၅. ၆
၄	စစ်ကိုင်းတိုင်းဒေသကြီး (စာတိုင် ၆ တန်ဖိုးတွင်)	၆၃၂၉၀၁၅. ၉	
၅	တနင်္သာရီတိုင်းဒေသကြီး (စာတိုင် ၆ တန်ဖိုးတွင်)	၁၈၆၃၁၀၁. ၃	၁၈၆၃၀၀၁. ၃
၆	မကွေးတိုင်းဒေသကြီး (စာတိုင် ၆ တန်ဖိုးတွင်)	၅၁၇၀၃၁၉. ၀	၅၁၇၀၃၀၉. ၀
	ပူးတွဲ(၄)ဇယား		
၇	ဝန်ဆောင်မှုကဏ္ဍကြီး (စာတိုင် ၅ တန်ဖိုးတွင်)	၂၄၀၉၂၁၇၇. ၀	၂၄၀၉၂၀၇၇. ၀
၈	လူမှုရေးနှင့်စီမံခန့်ခွဲရေး (စာတိုင် ၅ တန်ဖိုးတွင်)	၁၈၈၆၂၂၂. ၁	၁၈၈၆၂၂၂. ၀
	ပူးတွဲ(၆)ဇယား		
၉	ကရင်ပြည်နယ် (စာတိုင် ၅ တန်ဖိုးတွင်)	၁၁၃၃၀၈၅. ၄	၁၀၃၃၀၈၅. ၄
၁၀	ရန်ကုန်တိုင်းဒေသကြီး (စာတိုင် ၆ ပါဝင်မှုအချိုး)	၂၁. ၁	၂၁. ၀

ပြည်တွင်းသတင်းနှင့် ကျော်ငြာ

ရှေ့ဖုံးမှ

အမြန်ရေယာဉ်အသင်းမှ စက်လှေအမြန်ရေယာဉ် (ရုပ်ပြေး)များသည် မြို့မဆိပ်ကမ်းသို့ဝင်ထွက်ဆိုက်ကပ်နိုင်မှုမရှိသဖြင့် ခရီးသည်နှင့်ကုန်စည်များကို စက်လှေငယ်များဖြင့် တပ်ကလေးဆိပ်ကမ်းသို့ တင်ဆောင်သယ်ယူပို့ပေးရတယ်၊ စရိတ် အကုန်အကျများသည့်အပြင် ခရီးသွားလာမှုနှောင့်နှေးကြန့်ကြာခဲ့ရတယ်" ယခုမြစ်ရေတိုးလာ၍ မြို့မဆိပ်ကမ်းသို့ရေယာဉ်များ ဆိုက်ကပ်နိုင်သဖြင့် သွားလာမှုအဆင်ပြေကြောင်း ရေယာဉ်စီးခရီးသည်တစ်ဦး ကပြောသည်။

ပြေးဆွဲလျက်ရှိ

ခရီးသည်များ၏ အသက်အန္တရာယ်လုံခြုံမှုနှင့် ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်စစ်ဆေးလျက်ရှိပြီး ညွှန်ကြားချက်နှင့်အညီ ပြေးဆွဲလျက်ရှိသည်။ ခေတ်မီ စက်လှေအမြန်ရေယာဉ်ကြီးများဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ ဧပြီ ၂၅ရက်နံနက် ၈နာရီခွဲက ဦးတင်စော၏ကြယ်ဖြိုးအောင် စက်လှေအမြန်ရေယာဉ်ကြီးသည် မြို့မဆိပ်ကမ်းမှ ကသာ-မန္တလေးသို့ထွက်ခွာသွားသည်။

သွားလာမှုအဆင်ပြေ

စက်လှေအမြန်ရေယာဉ်ကြီးများ ပြေးဆွဲပေးခြင်း၊ မြို့မဆိပ်ကမ်းသို့ စက်လှေအမြန်ရေယာဉ်များ ဆိုက်ကပ်နိုင်ခြင်းတို့ကြောင့် ရေယာဉ်စီးခရီးသွားပြည်သူများ အသက်အန္တရာယ်လုံခြုံမှုရှိပြီး သွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုကျပျက်စီး

စစ်ကိုင်း ဧပြီ ၂၅

စစ်ကိုင်းမြို့နယ် မင်းကွန်းတိုက်နယ် မယ်ဇလီချောင်းကျေးရွာတွင် ဧပြီ ၂၅ ရက် နံနက် ၃နာရီခွဲက ရုတ်တရက်လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်ခြောက်လုံး ပြိုကျပျက်စီးပြီး အချို့နေအိမ်များ အမိုးများလန် ပျက်စီးခဲ့သည်။

နေအိမ်ပြိုကျပျက်စီးခဲ့သော အိမ်များမှာ ဦးအောင်စိုးမိုး၊ ဦးမျိုးချစ်၊ ဦးစိုး၊ ဦးတင်ဆန်း၊ ဦးခင်မောင်ဝင်းနှင့် ဦးခင်မောင်သန်းတို့၏ နေအိမ်များ အမိုးလန်ကာ အိမ်ယိုင်လဲသွားသည်။

ဖြစ်ပွားရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် အထောက်အကူပြုအဖွဲ့များ သွားရောက်၍နေအိမ်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးသည်။

လေပြင်းဒဏ်ကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးမင်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက အပျက်အစီးများ၊ ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

ဆင်နင်းခံရ၍ လူနှစ်ဦးသေဆုံး

ကလေးဝ ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဧပြီ ၂၄ ရက် နံနက် ၄ နာရီခန့်က နန်းဇလိန်ကျေးရွာနေ ဦးညီညီထွေး(၄၂နှစ်)သည် ကလေးဝ-မော်လိုက်ကားလမ်း မိုင်တိုင် ၂၃ နေရာ၌လည်းကောင်း၊ ဦးဘသောင်း(၈၂ နှစ်)သည် ကွင်းအမှတ် (၁၄၄/၁) တွင် ကလေးဝ-မော်လိုက်ကားလမ်း မိုင်တိုင် ၂၄ မိုင် ၄ ဖာလုံနေရာ၌ လည်းကောင်း ဆင်နင်းခံရ၍ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ပြန်လည်ဖမ်းဆီးရမိ

အဆိုပါဆင်သည် မော်လိုက် (အရှေ့) ကြိုးဝိုင်းသစ်ထုတ်လုပ်ရေးမှ ပိုင်ရှင် ဦးကြွယ်လှ၊ တောင်သူလုပ်ငန်းလုပ်ကိုင်သူ၏ဆင်ဖြစ်ပြီး ၄င်းဆင်အား ဧပြီ ၂၄ ရက် ညနေ ၆ နာရီက ကလေးဝ-မော်လိုက်ကားလမ်း အနောက်ဘက် မိုင်တိုင် ၂၅ မိုင် ၂ ဖာလုံနေရာ၌ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF RAIL TRANSPORTATION
MYANMA RAILWAYS

MAINTENANCE AND ENSURE CONNECTIVITY OF OPTICAL FIBER CABLE (OFC)
LAID BETWEEN YANGON AND MANDALAY

INVITATION TO TENDER

In line with the National Development Plan, the Government of the Republic of the Union of Myanmar has been identifying the economic potentials to contribute to the country's economic development. As our endeavors for national development, Myanma Railways (MR) is committed to establish potential Rail Concerned Businesses.

Myanma Railways has built 630 Km long Backbone Optical Fiber Cable by using fiber ITU G-652 from Yangon to Mandalay. There are 86 railway stations and average distance for railway station is about 8 Km.

Myanma Railways now invites Tenders from reputable local, international or joint venture tenderers to undertake works for Maintenance and Ensure Connectivity of Optical Fiber Cable (OFC) laid between Yangon and Mandalay.

Tender Document and Background information of the above said works could be obtained from the address stated below. Enquiries can be made by contacting +95 9 8300073, +95 67 77070.

The Tender in original and duplicate copies shall be submitted to the Deputy General Manager, Supply Department, Myanma Railways, Corner of Theinbyu Street and Merchant Street, Botahtaung Township, Yangon, Myanmar, Phone +95 1 291985 or 291994 not later than 2.00pm, on Tuesday 27 May 2014. The Tenderer must also submit an electronic copy of the Tender in a CD ROM. No submission by email shall be entertained.

Managing Director
Myanma Railways
Ministry of Rail Transportation

(၁၄)နှစ်ပြည့် မင်္ဂလာဆုတောင်း

ဦးအောင်အောင် (Royal Lake Amusement Park) (ပုသိမ်) နှင့်
ဒေါ်ဥမ္မာမြင့် 'တော်ဝင်သူ' ပိုးထည်နှင့်ချည်ထည် (ပြင်ဦးလွင်)
တို့၏ ၂၆-၄-၂၀၁၄ရက်တွင် ကျရောက်သော
(၁၄)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်ရတုအဆက်ဆက် စိတ်၏ချမ်းသာခြင်း၊
ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ဘာသာ၊ သာသနာ၊ လူမျိုးအကျိုးကို
ယခုထက်ပိုပြီး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီးများ

မဂျေ၊ မဝင့်၊ ဖြိုးဖြိုး၊ စန္ဒာ၊ ဘုတ်ဘုတ်၊ နွေးနွေး၊ သက်စု၊သူဇာ၊ ဖြိုးကြီး
TROOPER Cycle Show Room (ပြင်ဦးလွင်)နှင့်
'တော်ဝင်သူ' ပိုးထည်နှင့်ချည်ထည်(ပြင်ဦးလွင်)

ပျောက်ဆုံး

ကျွန်တော် အောင်ကျော်သူ ၁၂/မဂတ(နိုင်)၀၉၁၅၃၆ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၆၁၈၉၀၇

မြေညီထပ်အလယ်ခန်း

(၁၅ပေ×၆၅ပေ)
ညှိနှိုင်းဈေးဖြင့်ရောင်းမည်
အမှတ် ၂၈၁/က၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊
ဖုန်း- ၀၉- ၃၆၀၇၆၄၀၉၊
၀၉- ၅၀၉၁၆၂၈
အကျိုးဆောင်လက်ခံသည်

CLAIMS DAY NOTICE M.V CITY OF MUMBAI VOY:NO(V.6)

Consignees of cargo carried by M.V CITY OF MUMBAI Voy:No(V.6) are here by notified that the vessel will arrive on about 28-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာအားကစားသတင်း

အရေးကြီးတဲ့ စီးရီးအေပွဲစဉ်(၃၅)

မိုးမြင့်လင်းလက်

အီတလီမြေက စီးရီးအေပွဲစဉ်တွေကို လှမ်းမျှော်ကြည့်ရင်တော့ ပွဲစဉ်(၃၅)အထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ပွဲစဉ်(၃၅)ကို ဧပြီ ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာမို့ ဂျူဗင်တပ်စ်က အဝေးကွင်းမှာ ဆက်ဆူလိုနဲ့ ဆုံတွေ့ရမှာဖြစ်ပြီး ရိုးမားတို့ကအိမ်ကွင်းမှာ အေစီမီလန်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ရာသီကုန်ပန်းဝင်ခါနီးဖြစ်လို့ ရှိတဲ့စွမ်းအားတွေကို ညှစ်ထုတ်ကြမယ့်ပွဲတွေအဖြစ် ရှုစားကြရပါဦးမယ်။

ဆက်ဆူလိုနှင့်ဂျူဗင်တပ်စ်

ပထမအကျော့ ဂျူဗင်တပ်စ်ကွင်းမှာ ကစားတော့လေးဂိုးပြတ်နဲ့ ဂျူဗင်တပ်စ်တို့က အနိုင်ယူထားတာပါ။ ဆက်ဆူလိုဟာ အိမ်ကွင်းဆိုပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ခြေစွမ်းပါ ဂျူဗင်တပ်စ်တို့ကို ယှဉ်နိုင်ဖို့မလွယ်ပါဘူး။ ဂျူဗင်တပ်စ်ဟာ ဒီပွဲကို ဂိုးဘယ်လောက်အထိ သွင်းယူနိုင်မလဲဆိုတာပဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ရိုးမားနှင့်အေစီမီလန်

ဒီပွဲက အကြိတ်အနယ်ရှိပြီး အပြန်အလှန် ထိုးဖောက်ကစားကြမယ့် ပွဲပါပဲ။ ပထမအကျော့ အေစီမီလန်ကွင်းမှာ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာ ရိုးမားတို့ အနိုင်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ရိုးမားကွင်းမှာ ကစားတိုင်း အနိုင်ရအောင် ကစားနိုင်တဲ့ အိမ်ရှင်ဟာ အခုပွဲမှာ အေစီမီလန်ကို အမှတ်ခွဲပေးမှာမဟုတ်ပါဘူး။

အင်တာမီလန်နှင့်နာပိုလီ

ပုံမှန်ခြေစွမ်းရထားတဲ့ နာပိုလီကို အိမ်ရှင်အင်တာမီလန်တို့ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရပါလိမ့်မယ်။ အစဉ်အလာအရတော့ အင်တာမီလန်ကွင်းမှာ နာပိုလီတို့ ရှုံးကန်ခဲ့ရတာချည်းပါပဲ။ အင်တာမီလန်ရဲ့ လက်ရှိခြေစွမ်းက သုံးမှတ်အပြည့်ရယူနိုင်တဲ့ အခြေအနေရှိပါတယ်။

လီဗော်နိုနှင့်လာဇီယို

လာဇီယိုအတွက်တော့ ဒီပွဲမှာ အမှတ်ပြည့်ယူနိုင်မယ့် ပွဲပါ။ လီဗော်နိုဟာ လာဇီယိုကိုအနိုင်ယူဖို့ ခဲယဉ်းပြီး လက်ရှိခြေစွမ်းပိုင်းအရလည်း ခြေရည်တူကစားနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် လီဗော်နိုရဲ့ ကစားသမားတွေက စိတ်ဓာတ်ပြင်းထန်ကြတာမို့ လာဇီယိုတို့ ခက်ခဲနိုင်တဲ့ပွဲဖြစ်နေပါတယ်။

ဆမ့်ဒိုးရီးယားနှင့်ချီယေဗို

ဆမ့်ဒိုးရီးယားအတွက် ဒီပွဲဟာ အခွင့်ကောင်းတစ်ရပ်လိုသဘောထားပြီး အမှတ်ရအောင်ယူရမယ့်ပွဲပါ။ ချီယေဗိုဟာ ဆမ့်ဒိုးရီးယားကို အမှတ်ပြည့်မပေးရအောင် ကြိုးစားမှာဖြစ်ပေမယ့် ကွင်းလယ်အားနည်းချက်ရှိနေတာမို့ ဆမ့်ဒိုးရီးယားအတွက် ခြေကုန်ထုတ်ရမယ့် အနေအထားရှိပါတယ်။

နိုင်ငံတကာပြည်တွင်းလိဂ် ပွဲစဉ်များ			**သီဟ**
အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၆)			**ဧပြီ ၂၆**
ဆောက်သမ်တန်	-	အဲဗာတန်	ည ၆း၁၅
ဖူလ်ဟမ်	-	ဟားလ်စီးတီး	ည ၈း၃၀
စတုတ်စီးတီး	-	စပါး	ည ၈း၃၀
ဆွမ်ဆီး	-	အက်စ်တွန်ဗီလာ	ည ၈း၃၀
ဝက်စ်ဘရွန်း	-	ဝက်စ်ဟမ်း	ည ၈း၃၀
မန်ယူ	-	နော့ဝှစ်ချ်	ည ၁၁း၀၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂)			**ဧပြီ ၂၆**
ဘိုင်ယန်မြူးနစ်	-	ဝါဒါဘရီမင်	ည ၈း၀၀
ဝုဖ်ဘတ်	-	ဖရိုင်းဘတ်	ည ၈း၀၀
ဟော်ဖန်ဟိမ်း	-	ဖရန့်ဖတ်	ည ၈း၀၀
မိန့်ဇ်	-	နူရင်ဘတ်	ည ၈း၀၀
ဟာသာဘာလင်	-	ဘရန့်ရှ်ဝှစ်	ည ၈း၀၀
လေဗာကူဆင်	-	ဒေါ့မွန်	ည ၁၁း၀၀
အီတလီစီးရီးအေ ပွဲစဉ်(၃၅)			**ဧပြီ ၂၆/၂၇**
ဘိုလော့ဂ်နာ	-	ဖီအိုရင်တီးနား	ည ၁၀း၃၀
အင်တာ	-	နာပိုလီ	နံနက် ၁း၁၅
စပိန်လာလီဂါ ပွဲစဉ်(၃၅)			**ဧပြီ ၂၆/၂၇**
ဂရန်နာဒါ	-	ဗယ်လက်ကာနို	ည ၈း၃၀
ဂီတာဖေး	-	မာလာဂါ	ည ၁၀း၃၀
ရီးရဲမက်ဒရစ်	-	အိုဆာဆူနာ	နံနက် ၀၀း၃၀
ဘက်တစ်	-	ဆိုစီဒက်	နံနက် ၂း၃၀
ပြင်သစ်လီဂူး ပွဲစဉ်(၃၅)			**ဧပြီ ၂၆/၂၇**
အဂျာစီယို	-	မိုနာကို	ည ၉း၃၀
နိုက်စ်	-	ရိမ်းစ်	နံနက် ၀၀း၃၀
မောင့်ပယ်လီယာ	-	တူးလော့စ်	နံနက် ၀၀း၃၀
အီဗီယန်	-	စိန့်အက်တီယန်	နံနက် ၀၀း၃၀
ရန်းနက်စ်	-	လော်ရီယန့်	နံနက် ၀၀း၃၀
ဂူအင်ဂမ့်	-	ဗလင်စီနက်စ်	နံနက် ၀၀း၃၀

ဘင်ဖီကာ ဗိုလ်လုပွဲတက်ရန်မျှော်လင့်

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲအဖြစ် ဘင်ဖီကာနှင့် ဂျူဗင်တပ်စ်တို့ ယှဉ်ပြိုင်ကြရာ ဘင်ဖီကာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ အိမ်ရှင် ဘင်ဖီကာအသင်းသည် တနင်္ဂနွေနေ့က ပေါ်တူဂီချန်ပီယံ သရဖူကို ဆောင်းခဲ့ရာ ဂျူဗင်တပ်စ်ကို ပွဲစသည်နှင့် ဂါရေး၏ ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။ သို့သော်လည်း ပထမပိုင်းတစ်ချိန်လုံး ဂျူဗင်တပ်စ်ကို ထိန်းချုပ်မကစားနိုင်ဘဲ ရှိသည်။ ဒုတိယပိုင်းတွင် ကားလို့ တီဗက်ဇ်က ဂျူဗင်တပ်စ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း လီမာက ဘင်ဖီကာအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ဘင်ဖီကာက ယင်းပွဲအနိုင်ရထား၍ ဗိုလ်လုပွဲတက်ရန် မျှော်လင့်ထားသည်။

ဒေါ့မွန်နည်းပြ မန်ယူတွင် နည်းမပြလို

ဂျာဂျင်ကလော့က ၎င်းအနေဖြင့် မန်ယူနည်းပြဖြစ်လာရန် ဒေါ့မွန်မှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ အသက် ၄၆ နှစ်ရှိ ဒေါ့မွန်နည်းပြသည် အင်္ဂါနေ့က ရာထူးမှ ဖယ်ရှားလိုက်သော မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်နေရာအစားထိုးရန် ထိပ်ဆုံးမှ သတင်းများထွက်ပေါ်လျက်ရှိသည်။ ကလော့သည် ၂၀၀၈ ခုနှစ်က ဒေါမတ်ဒေါကို ဖယ်ရှားလိုက်ပြီးနောက် ဒေါ့မွန်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဖလား နှစ်ကြိမ်ဆွတ်ခူးခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ဒေါ့မွန်အသင်းကို ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိရောက်အောင် ပို့ပေးနိုင်ခဲ့သည်။ ဂျာမန်လူမျိုးကလော့သည် ၂၀၁၈ ခုနှစ်အထိ ဒေါ့မွန်နှင့် စာချုပ်တိုးမြှင့်ထားသည်။

ရာမီလက် လေးပွဲပိတ်ပင်ခံရ

ချယ်လ်ဆီး ကွင်းလယ်ကစားသမား ရာမီလက်သည် ကြမ်းတမ်းစွာ ကစားခဲ့သည့်အတွက် လေးပွဲပိတ်ပင်ခံရမည်ဖြစ်ရာ ရာသီကုန်သည်အထိ ပြိုင်ပွဲများနှင့် လွဲချော်သွားပြီဖြစ်သည်။ အဆိုပါ ဘရာဇီးနိုင်ငံသားကစားသမားသည် ဆန်းဒါးလန်းနှင့် ကစားသည့်ပွဲတွင် လာဆင်ကိုကြမ်းတမ်းစွာ ကစားမိခဲ့၍ လေးပွဲပိတ်ပင်ခံရခြင်းဖြစ်သည်။

မော်ရင်ဟိုနှင့် လက်ထောက်နည်းပြ ဖာရီယာတို့ကိုလည်း အက်ဖ်အေက တရားစွဲဆိုထားသည်။ ရာမီလက်က အဆိုပါပြိုင်ပွဲတွင် လာဆင်ကို တံတောင်နှင့် တွက်ခဲ့သည်ဟုဆိုသော်လည်း အပြစ်ပေးအရေးယူခြင်းမရှိဘဲ ဒိုင်လူကြီးအဖွဲ့က ပြန်လည်စိစစ်သည့်အခါ ရာမီလက်အား လက်ကျန်ပွဲအားလုံး ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ကောင်းမြတ်သူ-စုစည်းသည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)၊ လားရှိုးမြို့လက်အောက်ရှိ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်		**အမှတ်(၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်**
၁။	လမ်းခင်းကျောက်မျိုးစုံ	-
၂။	ဘိလပ်မြေ	-
၃။	သံချောင်း(ရွယ်စုံ)	-
၄။	သစ်(အခြား)	-
၅။	၂'Ø ကွန်ကရစ်ပိုက်	-
၆။	တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၁-၅-၂၀၁၄ရက်၊ ၁၆း၃၀ နာရီ
၇။	တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၂-၅-၂၀၁၄ရက်၊ ၀၉း၀၀ နာရီ
၈။	တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၆၁၉
၉။	အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။	

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ချင်းတိုင်းရင်းသားရေးရာဝန်ကြီး တိုင်းရင်းသားများနှင့် တွေ့ဆုံ

ဂန့်ဂေါ ဧပြီ ၂၅

မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဆလိုင်းလှထွန်းသည် မကွေးတိုင်းဒေသကြီး လွှတ်တော်တိုင်းရင်းသား လူမျိုးရေးရာ ကော်မတီဝင် (ဂန့်ဂေါမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်) ဦးမြင့်အောင်၊ စေတုတ္တရာမြို့နယ် ချင်းတိုင်းရင်းသားရေးရာတာဝန်ခံ ဦးဟန်ထွန်းတို့နှင့်အတူ ဂန့်ဂေါမြို့နယ် ချင်းတိုင်းရင်းသားကျေးရွာ (၂၁) ရွာသို့ မတ် ၁၂ ရက်မှ ၁၇ ရက်အထိ သွားရောက်ပြီး နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် တိုင်းရင်းသားများက ထားရှိရမည့် အမြင်သဘောထားများ တိုင်းရင်းသားစာပေသင်ကြားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ချင်းတိုင်းရင်းသားများသည် ရှေးယခင်ကပင် ဗမာလူမျိုးများနှင့် ညီရင်းအစ်ကိုပမာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လာကြသူများ ဖြစ်သဖြင့် စိတ်ဝမ်းကွဲပြားမှုမရှိကြောင်းနှင့် ယခုအခါတွင် ချင်းတိုင်းရင်းသားကျေးရွာများအရောက် မော်တော်ကားလမ်းများ ခရီးပေါက်နေသဖြင့် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရသည်။ **ကိုကြီးစန်း**

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်

ကျိုက်ထို ဧပြီ ၂၅

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့ အထက(၁)မြတ်ပညာခန်းမ၌ ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)ဒေါ်သန်းအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ နေ့စားလပေးခန့်ထားခဲ့သော ဆရာ ဆရာမ ၁၂၆ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ သင်တန်းသူသင်တန်းသားများကို နည်းပြ ၁၃ ဦးက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင် (iprd)

မြို့နယ်အခြေပြုမူလတန်းပြဆရာအတတ်ပညာ အထူးသင်တန်း ကျောက်တံခါးမြို့၌ ဖွင့်လှစ်

ကျောက်တံခါး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၂၃ ရက်အထိ တစ်လကြာသင်ကြားပို့ချသွားမည် ဖြစ်ကြောင်းသိရသည်။ အဆိုပါ သင်တန်းတွင် ပညာရေးဌာန၏ အခြားရာထူးအဆင့်မှ မူလတန်းပြဆရာအဖြစ်သို့ ရာထူးတိုးမြှင့်ခြင်းခံထားရသော ဆရာ ဆရာမ ၆၂ ဦးနှင့် နေ့စားလပေးမူလတန်းပြ ဘွဲ့ရဆရာ ဆရာမ ၁၆၉ ဦးစုစုပေါင်း ၂၃၁ ဦးအား သင်တန်းနည်းပြ ဆရာ ဆရာမ ၁၃ ဦးက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ယင်းချောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေ

နတ်မောက် ဧပြီ ၂၅

ယင်းချောင်းတံတားအဆင့်မြှင့်တင် တည်ဆောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ညီညီ

နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့်အလျောက် မကွေးတိုင်းဒေသကြီးအတွင်း နတ်မောက်မြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများနှင့်အခြားမြို့ရွာများသို့ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် ၂၀၀၈ ခုနှစ်က ယင်းချောင်းကို ဖြတ်၍ တည်ဆောက်ခဲ့သော ဘေလီတံတားကို အဆင့်မြှင့်တင်ပြီး RC ရက်မ သံကူကွန်ကရစ် ကြမ်းခင်းတံတားတည်ဆောက်လျက်ရှိရာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

ယင်းချောင်းတံတား အဆင့်မြှင့်တင်ပြီးပါက ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်လာပြီး ဒေသတွင်း သာမက အခြား မြို့နယ်ကျေးရွာ အသီးသီးသို့ ဖြတ်သန်းသွားလာမှု ပိုမိုလွယ်ကူလာမည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။

"အခုဆို ဒီလမ်းက လမ်းသာတော့ ရန်ကုန်၊ မန္တလေးသွားတဲ့ ခရီးသည်တင်ကားတွေရော ဟိုင်းဝေးကားတွေပါ ဖြတ်သန်းနေကြတာဆိုတော့ တံတားကြံ့ခိုင်မှုက ပိုပြီးလိုအပ်တာပေါ့။ ဒီလိုသွားလာမှုများတဲ့ တံတားကို အဆင့်မြှင့်တင်ပေးတော့ ကျွန်တော်တို့ဒေသခံတွေရော တခြားမြို့တွေက ခရီးသွားပြည်သူတွေပါ သွားလမ်းသာလို့ လာလမ်းဖြောင့်ပြီး အရင်လို မိုးတွင်းရောက်တော့မယ်ဆိုပြီး စိုးရိမ်စရာမလိုတော့ဘူးပေါ့"ဟု ဒေသခံယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ယခုအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် တံတားသည် စုစုပေါင်း တံတားအကျယ် ပေ၃၀နှင့် အရှည် ပေ ၃၂၀ ရှိပြီး လူသွားလမ်း တစ်ဖက်သုံးပေစီပါရှိသည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာတန်၆၀ရှိကြောင်း သိရသည်။

ယင်းချောင်းတံတား တည်ဆောက်မှုသည်မှာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ခန့်ပြီးစီးနေပြီဖြစ်ရာ လာမည့် မေလတွင် ဖွင့်လှစ်သွားနိုင်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့ (၃) မှ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။ **သိမ့်သိမ့်မိုး**

ပြန်လည်အပ်နှံသည့် လယ်မြေများကို တောင်သူများထံသို့ ပေးအပ်

ဟိုပုံး ဧပြီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲမှု ကော်မတီမှ တပ်ရင်း/တပ်ဖွဲ့များ ပြန်လည်အပ်နှံသည့်လယ်မြေများကို တွံတီးကျေးရွာ တောင်သူများထံသို့ လက်ဝယ်ပြန်လည်ပေးအပ်ခြင်းကို ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ပေါင်လင်းကျေးရွာအုပ်စု တွံတီးကျေးရွာအောင်မင်္ဂလာ တွံတီးခမ်းကျောင်း၌ ကျင်းပသည်။

မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က တပ်ရင်း/တပ်ဖွဲ့များ သိမ်းယူထားသည့် လယ်မြေများကို အသုံးပြုရန်မလိုအပ်ပါက တောင်သူများအား ပြန်လည်အပ်နှံသွားရန် နိုင်ငံတော်မှ လမ်းညွှန်မှာကြားထားပါကြောင်း၊ တပ်ရင်း/တပ်ဖွဲ့မှ ပြန်လည်အပ်နှံထားသော တပ်မြေများကို ပြန်လည်ပေးအပ်ပြီးသည်နှင့် ပုံစံ(၇) ရရှိရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ယခုလက်ရှိ သိမ်းဆည်းခံရသည့် လယ်မြေများကိုလည်း တောင်သူများကို တပ်နယ်မှူးမှ နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးခွင့်ပေးထားကြောင်း၊ မည်သည့်သီးနှံမဆိုစိုက်၍ရကြောင်း၊ သီးစားခကိုလည်း ယူထားခြင်းမရှိပါကြောင်း၊ နိုင်ငံတော်မှ တောင်သူများ၏ ငြိုငြင်မှုကို မခံယူလိုကြောင်း၊ မြေယာကိစ္စအဝဝသိရှိလိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးစိုက်ရာ မြို့နယ်မြေအသုံးချစီမံခန့်ခွဲမှု ကော်မတီထံ လာရောက်စုံစမ်းနိုင်ပါကြောင်း၊ တောင်သူများ မနစ်နာအောင် ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တောင်သူ ၁၃ ဦးကို တစ်ဦးချင်းဆီသို့ ယာယီလုပ်ကိုင်ခွင့်ပြုမိန့်များအားပေးအပ်ပြီးနောက် "အခုလို ကျွန်တော်တို့ရဲ့ လယ်မြေတွေကို တောင်သူတွေ လက်ထဲပြန်လည်ပေးအပ်တဲ့အတွက် အများကြီးကျေးဇူးတင်ရှိပါတယ်။ ဝမ်းလည်းသာပါတယ်။ ရာသီပေါ်သီးနှံတွေကို စိုက်ပျိုးသွားမယ်၊ ချမှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း သေသေချာချာ လိုက်နာသွားပါမယ်"ဟု တောင်သူ ဦးညဏ်ထွန်းက ပြောကြားသည်။

အဆိုပါတပ်ရင်း၊ တပ်ဖွဲ့များမှ ပြန်လည်အပ်နှံသည့် လယ်မြေများမှာ တောင်သူပေါင်း ၁၃ ဦး၊ လယ်မြေဧရိယာ စုစုပေါင်း ၃၅ ဒသမ ၂၈ ဧကဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက် (၃/၂၀၁၄)
နေပြည်တော်၊ ၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် (၈)ရက်
(၂၀၁၄ခုနှစ် ဧပြီ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅) တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်လုပ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၄ခုနှစ် ဧပြီ ၂၈ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂) နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၄င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၄ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၂၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်းလုပ်ငန်းများအတွက် အသုံးပြုခဲ့သည့်ကတ္တရာများ၏ ကတ္တရာပုံးခွံ (အသေး) ၁၃၃၁၁လုံးအား လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **ကျင်းပမည့်နေ့ရက်/အချိန်** - ၂-၅-၂၀၁၄ ရက် နံနက် ၁၀ နာရီ

(ခ) **ကျင်းပမည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

၂။ လေလံတင်သွင်းမည့်လျှောက်လွှာများကို အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ၂၄-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက် ၁၅:၀၀ နာရီအတွင်း နောက်ဆုံးထားတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုသောအချက်များကို အင်ဂျင်နီယာမှူးကြီးရုံး ဖုန်း-၀၅၇-၂၄၉၁၈၊ ၀၅၇-၂၁၃၁၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကြီးကြပ်မှုအဖွဲ့
မွန်ပြည်နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကွန်ပျူတာ (ပရင်တာအပါအဝင်) ပစ္စည်းများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွန်ပျူတာ၊ ပရင်တာ၊ ဖက်စ်၊ ဆေးပစ္စည်းနှင့်ဆေးဝါး(၉)မျိုးဝယ်ယူရန်ရှိသဖြင့် တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၀၇၁-၂၃၆၃၇၊ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖုန်း-၀၇၁-၂၃၇၁၉သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာရယူရန်	-	၂၈-၄-၂၀၁၄ ရက်
တင်ဒါနောက်ဆုံးတင်သွင်းမည့်	-	၂၇-၅-၂၀၁၄ ရက်
နေ့ရက်နှင့်နေရာ		စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်/မွေး ဝန်ကြီးရုံးခန်း
တင်ဒါဖွင့်ရက်	-	၂၉-၅-၂၀၁၄ ရက်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်း ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ တည်ဆောက်မည်

နေပြည်တော် ဧပြီ ၂၅

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၂၀ ရက်တွင် ထားဝယ်မြို့သို့ ရောက်ရှိပြီး ၆၆ ကေဗွီ ကံပေါက်-ထားဝယ်လိုင်း တည်ဆောက်ရာတွင် အသုံးပြုမည့် ဓာတ်အားလိုင်းကြိုးများနှင့် ပစ္စည်းများ ထားဝယ်မြို့သို့ ရောက်ရှိမှု အခြေအနေကိုလည်းကောင်း ထားဝယ်မြို့ ၆၆/၁၁ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်မည့် နေရာ၌ ၆၆ ကေဗွီနှင့် ၁၁ ကေဗွီ ဓာတ်အား လိုင်းအဝင်/အထွက် လိုင်းအူကြောင်းများ၊ ဓာတ်အားခွဲရုံ ထိန်းချုပ် အဆောက်အအုံပြုပြင် မွမ်းမံတည်ဆောက်ရန် ကိစ္စရပ်များနှင့် ထားဝယ်မြို့တွင်းသို့ ဓာတ်အား ဖြန့်ဖြူးမည့် ဓာတ်အားလိုင်းများ တည်ဆောက်ရမည့်အခြေအနေ၊ ထားဝယ်မှ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့နယ်အတွင်းရှိ ဒေသများသို့ ဓာတ်အားပေးရန် ဓာတ်အားလိုင်းများ တည်ဆောက်မည့် အခြေအနေကိုလည်းကောင်း၊ ကံပေါက်ဒေသတွင် ဓာတ်ငွေ့ အင်ဂျင်စက်များနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာများ၊ ဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရမည့် အခြေအနေနှင့် ကံပေါက်ခွဲရုံမှ ကလိန်အောင်နှင့် ကံပေါက်ကျေးရွာ ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေးမြို့သို့ရောက်ရှိပြီး ကံပေါက်-ရေး ၆၆ကေဗွီဓာတ်အားလိုင်းတည်ဆောက်မည့်လမ်းကြောင်း ရွေးချယ်တိုင်းတာရန်နှင့် ရေးမြို့တွင် ဓာတ်အားဖြန့်ဖြူးရန်တည်ဆောက်မည့် ၆၆/၁၁ကေဗွီဓာတ်အားခွဲရုံမြေနေရာနှင့် ဓာတ်အားခွဲရုံပစ္စည်းများ တပ်ဆင်ရန် နေရာချထားမည့်အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်ထားရမည့် ၂၃၀ ကေဗွီ ရေးဓာတ်အားခွဲရုံမြေနေရာ၊ ၂၃၀ ကေဗွီ ထားဝယ် ဓာတ်အားခွဲ ရုံမြေနေရာနှင့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းလမ်းကြောင်း ရွေးချယ်တိုင်းတာရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင် သီရိမင်္ဂလာဈေးဟောင်း အပေါ်ထပ်၌ မီးလန့်မှုဖြစ်ပွား

ကြည့်မြင်တိုင် ဧပြီ ၂၅

ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ယခင်သီရိမင်္ဂလာဈေးဟောင်းအပေါ်ထပ်တွင် ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က မီးလန့်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

သီရိမင်္ဂလာဈေးဟောင်း စတုတ္ထထပ်ရှိ သီရိစံ မိုတယ်တွင် မီးပျက်၍ အရေးပေါ်လျှပ်စစ်မီးအပြင် ... အရေးပေါ်လေ့ကားအနီးအခန်းတွင် ထားသော 100 KV မီးစက်ကြီးကို နှိုးထားရာမှ အင်ဂျင်အပူလွန်ကဲပြီး အင်ဂျင်ဝိုင်ပိုက်ပြုတ်ထွက်ကာ မီးခိုးများ ထွက်လာရာ ဝန်ထမ်းများက မိုတယ်ရှိ 3KG မီးသတ်ဆေးဘူး ရှစ်ဘူးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်စဉ် အင်ဂျင်ငွေ့များနှင့်ပေါင်းစပ်၍ မီးခိုးလုံးမည်းများ ထွက်ရှိလာခဲ့သည့်အတွက် ပတ်ဝန်းကျင်မှ မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်ဟု သိရသည်။ အကြောင်းကြားမှုကြောင့် ကြည့်မြင်တိုင်မြို့နယ်မှ မီးသတ်ယာဉ် သုံးစီး၊ စမ်းချောင်းမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ အလုံမြို့နယ်မှ မီးသတ်ယာဉ်တစ်စီးတို့ ရောက်ရှိလာကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးသန်းထက်အောင်က "ကျွန်တော်တို့ မီးသတ်ကားတွေ အပေါ်ထပ်ကို ရောက်ခဲ့ကြပါတယ်၊ ဒါပေမယ့် ကိုယ်တိုင် မငြိမ်းသတ်ခဲ့ရပါဘူး၊ မိုတယ်ဝန်ထမ်းတွေက မီးသတ်ဆေးဘူးနဲ့ ငြိမ်းသတ်နိုင်ခဲ့တဲ့အတွက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က စဖြစ်ခဲ့ပြီး ၂ နာရီ ၁၇ မိနစ်မှာ ပြီးဆုံးခဲ့ပါတယ်"ဟု ဆိုပါသည်။

ဈေးကြီး၏ မြေညီထပ်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားအကျိုးတော်ဆောင်တစ်ဦးက "အဲဒီအပေါ်ထပ်က မီးခိုးငွေ့လည်း မည်းပြီးတက်လာတယ်၊ အဲဒါကြောင့် မီးသတ်တပ်ဖွဲ့ကို အချိန်မီအောင် ဖုန်းဆက်လိုက်ရတယ်။ နေကလည်း အလွန်ပူနေတယ်။ နောက်ပြီး ဟိုတစ်ခါလို မီးအားများလာမှာစိုးလို့"ဟု ဆိုခဲ့သည်။

၂၀၁၄ ခုနှစ်အစ ဇန်နဝါရီ ၂၈ ရက်ညကလည်း ယင်းသီရိမင်္ဂလာဈေးဟောင်း အပေါ်ထပ်တစ်ခုတွင် ကြီးမားသော မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ကိုကြီးတင်

ပုံတောင်ခြေရင်းတွင် ကျေးရွာချင်းဆက် မြေသားလမ်းနှစ်မိုင်ကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပြီးစီး

ပုလဲ ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၏ အနောက်မြောက်ဘက် ၃၈မိုင် ကွာဝေးသည့် ပုံတောင်ခြေရင်းတွင် ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သိန်းနှင့်သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ စက်ယန္တရားကူညီမှုဖြင့် မယင်း-ဘန့်ဘွေး ကျေးရွာချင်းဆက် မြေသားလမ်း အရှည် နှစ်မိုင်၊ လမ်းအကျယ် ၁၅ ပေကို ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် မယင်းကျေးရွာသား ဦးမြင့်ကြိုင်က"ကျွန်တော်တို့ ကျေးရွာလေးကမြို့နဲ့အလှမ်းဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ကျေးရွာဖြစ်ပါတယ်။ ကားလမ်းမပေါက်တဲ့ ကျေးရွာဆိုတော့ ကျန်းမာရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနဲ့ စားဝတ်နေရေးကအစ အခက်အခဲရှိခဲ့ပါတယ်။ အရင်တုန်းက ဆိုရင် လမ်းမပေါက်ခဲ့တော့ မကျန်းမာတဲ့ လူနာရှိရင် မြို့ဆေးရုံရောက်ဖို့ကို ကျေးရွာကနေ ပုလဲ-ဂန့်ဂေါ ကားလမ်းမကြီးရောက်အောင် ပခက်နဲ့ထမ်းပြီး မိုင် ၂၀ လောက်ကို လမ်းလျှောက်ပြီး ဖြတ်သန်းခဲ့တာပေါ့။ ဒီကြားထဲမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့် အသက်ဆုံးပါးခဲ့တဲ့ သူတွေလည်းရှိခဲ့ပါတယ်။ တောင်ပေါ်ကျေးရွာတွေမှာ ကျေးရွာချင်းဆက်လမ်းတွေ ဖောက်လာခဲ့တဲ့အတွက် အခုဆို အရင်ကလောက် လမ်းပန်းဆက်သွယ်ရေးက မခက်ခဲတော့ဘူးပေါ့။ ကျွန်တော်တို့ ကျေးရွာလေးကနေ ဘန့်ဘွေး ကျေးရွာရောက်အောင် ကျေးရွာချင်းဆက် မြေသားလမ်း နှစ်မိုင်ကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သိန်းနဲ့ သစ်ထုတ်လုပ်ရေးလုပ်ငန်းရဲ့ စက်ယန္တရားကူညီမှုဖြင့် ဖောက်လုပ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နဲ့ ဌာနတာဝန်ရှိသူတွေကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်စားကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ မယင်း-ဘန့်ဘွေး ကျေးရွာချင်းဆက် မြေသားလမ်း အရှည် နှစ်မိုင် လမ်းအကျယ်ပေ ၁၅ ပေ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေသည် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

(၁/၂၀၁၄) လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲကျင်းပ

ဟုမ္မလင်း ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ပူးပေါင်းဖွင့်လှစ်သည့်အမှတ်စဉ်(၁/၂၀၁၄) လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ကျင်းပရာ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေး၊ ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဦးစန်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မြင့်စန်းက တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၃ ရက်မှ မေလ ၃၀ ရက် ခြောက်ပတ်ကြာသင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

အားကစားဝန်ကြီးဌာန
ကရင်ပြည်နယ် အား/ကာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘားအံ-လှာကပြင်ဘောလုံးကွင်း (မီတာ ၄၀၀ ပြေးလမ်းပါ) တည်ဆောက်ခြင်းလုပ်ငန်း
၂။ ကော့ကရိတ်နှင့် ဖာပွန်-အလေးမရုံတည်ဆောက်ခြင်းလုပ်ငန်း
၃။ လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီး ကာယဗလရုံတည်ဆောက်ခြင်းလုပ်ငန်း
၄။ သံတောင်ကြီး အထက အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း

တင်ဒါပိတ်ရက် - ၂၃-၅-၂၀၁၄ ရက်
ဆက်သွယ်ရန်ဖုန်း - ၀၅၈-၂၁၀၈၂၊ ၀၅၈-၂၂၆၃၈၊ ၀၉-၅၆၆၂၂၀၉

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(ကြေညာချက်)

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ပေနက်နှင့် ပေလတ် ရေနံတွင်းတူးစက်အချို့ကို အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း (Upgrade) ပြုလုပ်ပြီး တွင်းတူးဖော်ရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိပါသဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်းပြည်ပကုမ္ပဏီအနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၄၁၁၃၄၆၊ ၄၁၁၃၄၇

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ပြင်သစ်(ဘာသာပြန်၊ စကားပြန်)၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့်မြန်မာ (နိုင်ငံခြားသားများအတွက် သီးသန့်ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၁၂-၅-၂၀၁၄ ရက်
လျှောက်လွှာစတင်လက်ခံမည့်ရက်	-	၆-၅-၂၀၁၄ ရက်
လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်	-	၉-၅-၂၀၁၄ ရက်
အင်္ဂလိပ်ဘာသာအတွက်	-	သတ်မှတ်ထားသည့်သင်တန်းသားဦးရေ ပြည့်သည့်ရက်
လျှောက်လွှာလက်ခံမည့်နေရာ	-	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
သင်တန်းပို့ချမည့်နေ့ရက်	-	တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
သင်တန်းပို့ချမည့်အချိန်	-	ညနေ ၅း၂၀-၇း၀၀ နာရီ
ပညာအရည်အချင်း	-	တက္ကသိုလ်ဝင်စာမေးပွဲအောင်
တင်ပြရန်စာရွက်စာတမ်းများ	-	တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ (သို့မဟုတ်)အမှတ်စာရင်းမူရင်းနှင့်မိတ္တူ(သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဓာတ်ပုံ သုံးပုံ
စုံစမ်းရန်ဌာန	-	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၅၁၄၃၇၂-လိုင်းခွဲ(*၈၀၉)

သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လျှောက်လွှာလာရောက်တင်သွင်းရမည်။

အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်အုပ်စု၊ သာယာကုန်းရပ်၊ အမှတ် ၂၀၁နေ ဦးမောင်ပု၏သား ၉/ပမန(နိုင်)၁၃၀၃၅၆၏ အမည်မှန်မှာ မောင်ကျော်ခိုင်ဦး ဖြစ်ပါကြောင်း။ **ကျော်ခိုင်ဦး**

အမည်ပြောင်း

ဒီပဲယင်းမြို့နယ်၊ လက်လုတ်ကျေးရွာနေ ဦးပြေဦး ၅/ရဘန(နိုင်)၀၂၉၃၂၃၏သား မောင်အောင်ဇင်ဝင်း ၅/ရဘန (နိုင်) ၀၉၁၁၉၅ အား မောင်အောင်ဇင်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဇင်မင်း**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအောက်ရှိ အောက်ဖော်ပြပါဌာနဆိုင်ရာများအလိုက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနအတွက်
(၁) ကွန်ပျူတာ (ပရင်တာအပါအဝင်) ၂၁ လုံး
(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအတွက်
(၁) ကွန်ပျူတာ၊ ပရင်တာ၊ ဖက်(စ်)အပါအဝင် ၁၅ စုံ
(၂) ဆေးထိုးပိုက်၊ ဆေးထိုးအပ်၊ ဆေးပစ္စည်း ၉ မျိုးအပါအဝင် ၁၅ စုံ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၄-၂၀၁၄ ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရန်** - ၂၇-၅-၂၀၁၄ ရက် ၁၀း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရက်/နေရာ** - ၂၉-၅-၂၀၁၄ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး စိုက်/မွေး ဝန်ကြီးရုံးခန်း

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၇၁-၂၃၆၃၇၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖုန်း-၀၇၁-၂၃၇၁၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဦးတင်ထွန်း ၁/မကန(နိုင်) ၀၀၄၀၀၅ ၏သမီး MISY Grade-7 (Year-8)တွင် ပညာသင်ကြားနေသော မဒိမ်လန်းဘဏ် အား မဒိမ်လန်းဘဏ် (ခ) Sarah ဟု ဖြည့်စွက်ခေါ်ဆိုပေးပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၈၁၊ 1B 81 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မူဆယ်၌ဆရာအတတ်ပညာ အထူးသင်တန်းဖွင့်

မူဆယ် ဧပြီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မောက်ဂွမ်ခန်းမဆောင်ထဲသို့ ဧပြီ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး သင်တန်းအစီအစဉ်များနှင့် စည်းကမ်းချက်များကို ခရိုင်ပညာရေးမှူးဦးစိုးတင့်က ဆက်လက်ပြောကြားသည်။ မူဆယ်၊ နမ့်ခမ်းမှ နေ့စားဆရာ ၁၀ ဦးနှင့် ဆရာမ ၁၂၄ ဦး စုစုပေါင်းဆရာ ဆရာမ၁၃၄ ဦးတို့ကို သင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာ (DTEC)သင်တန်းရွေးချယ်စေလွှတ်နိုင်ရန်နှင့် ဒေသပညာရေးဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်နေသော အရည်အသွေးပြည့်ဝသည့် ဆရာဆရာမများခန့်ထားနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အခြေခံ English (4)skills အခြေခံComputer များ ထည့်သွင်း သင်ကြားပေးမည်ဟု သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူစုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

အယ်လ်စိုး(iprd)

ဂျုံတစ်ပိဿာ ၂၅ ကျပ်ဝန်းကျင်ဈေးမြင့်ချိန် နံနက်စာ စားသောက်ဖွယ်ရာ အချို့ဈေးနှုန်းစတင်တက်

ရန်ကုန် ဧပြီ ၂၅

ခေါက်ဆွဲပြုလုပ်သော ဂျုံတစ်အိတ် ၄၀ ကီလိုဂရမ် ၂၄ ပိဿာ ဝန်းကျင် တစ်အိတ်လျှင် ယခင် ငွေကျပ် ၂၃၀၀၀ နှုန်းရှိရာမှ ယခုအခါ ငွေကျပ် ၂၃၄၀၀၊ ၂၃၆၀၀ ဈေးနှုန်းသို့ဈေးမြင့်လာချိန်တွင် ရန်ကုန်မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်အချို့တွင် တစ်ချပ်လျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချနေသော နံပြားဈေးနှုန်းမှာ ငွေကျပ် ၁၅၀ သို့ဈေးမြင့်တက်လာကြောင်း လသာမြို့နယ်တွင် နေထိုင်သူတစ်ဦးကဆိုသည်။

ဂျုံတစ်ပိဿာလျှင် ၂၅ ကျပ်ဝန်းကျင်သာဈေးတက်ကြောင်း၊ ဂျုံတစ်ပိဿာလျှင် နံပြားအချပ်ရေ ၂၀ ဝန်းကျင်ရရှိတတ်ရာ ဈေးတိုးမြင့်မှုကြောင့် ဂျုံတစ်ပိဿာအပေါ် ယခင်ထက်ကျပ် တစ်ထောင်ဝန်းကျင်ဝင်ငွေပိုရရှိလာကြောင်း၊ နံပြားပြုလုပ်ရာတွင် အသုံးပြုသော နံပြားမီးသွေးမှာ ယခင် ပိဿာ ၂၀ တစ်အိတ်လျှင်ငွေကျပ် ၅၀၀၀ နှုန်းရှိရာမှ ငွေကျပ် ၆၀၀၀ နှုန်းသို့ဈေးတက်လာခြင်းရှိကြောင်း၊ ဧပြီလကုန်မှစ၍ လစာများတိုးမြှင့်ပေးရာတွင် နိုင်ငံ့ဝန်ထမ်းများသာခံစားပိုင်ခွင့်ရှိသော်လည်း ပုဂ္ဂလိကဝန်ထမ်းများ တိုးမြှင့်ခံစားရမှုနည်းပါးကြောင်း၊ နံပြားပြုလုပ်မှုတွင် လျှပ်စစ်သုံးစွဲခြင်းမရှိသဖြင့် ဧပြီလမှစတင်၍အသုံးပြုသော လျှပ်စစ်ဓာတ်အားသုံးစွဲမှုအတွက် မီတာခတိုးမြှင့်ကောက်ခံခြင်းနှင့်နံပြားဈေးနှုန်းတက်ရခြင်း ပတ်သက်မှုမရှိနိုင်ကြောင်း နေ့စဉ်လက်ဖက်ရည်ဆိုင်ထိုင်သူတစ်ဦးက ဆိုသည်။

နံပြားဈေးနှုန်းတက်သော်လည်း အများစားသုံးသည့် အီကြာကွေးဈေးနှုန်းမှာ တစ်ချောင်း ငွေကျပ် ၁၀၀ နှုန်းဖြင့်ဝယ်ယူ၍ ရသေးကြောင်း၊ သို့သော် သကြားနှင့် ရက် သားငါးဈေးနှုန်းကြီးသည့် အကြောင်းပြချက်ဖြင့် သကြားနှင့် အလွန် ရန်ကုန်မြို့တွင်း နာမည်ကြီးမုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်များတွင် မုန့်လွတ်အကြော်မပါ တစ်ပွဲလျှင် ယခင် ငွေကျပ် ၄၀၀မှ ယခု ၅၀၀ သို့ ဈေးမြင့်ရောင်းချနေကြောင်း၊ သာမန်ဆိုင်များတွင် တစ်ပွဲလျှင် ငွေကျပ် ၃၀၀ ဖြင့်ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့လယ်နေသူတစ်ဦးကဆိုသည်။

ရက်သတ္တတစ်ပတ်အလိုတွင် လစာနှုန်းသစ်တိုးမြှင့်ခံစားရမည့် အစိုးရဝန်ထမ်းများ၊ ပုံမှန်မူလနှုန်းထားများအတိုင်းသာရရှိသည့် ပြင်ပဝန်ထမ်းများပါ ယနေ့ကာလ နံနက်ပိုင်းဝယ်ယူစားသုံးရသည့် အစားအသောက်ဈေးနှုန်းများ စတင်ဈေးတက်လာသည့်အတွက် ငွေကြေးပိုမိုကုန်ကျမှုကို စတင်ခံစားလာရရာ စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် ဝန်ထမ်းများအပေါ် ညှာတာစာနာသော စိတ်ဓာတ်များဖြင့်ရောင်းချလုပ်ကိုင်သွားကြစေလိုကြောင်း၊ နံပြား၊ ခေါက်ဆွဲဈေးနှုန်းမှအစပြု၍ စားသောက်ဖွယ်ရာများ ဈေးနှုန်းမြင့်တင်ယူလာနိုင်ဖွယ်ရှိရာ စားသောက်ကုန်များ အမြတ်တင်ရောင်းချခြင်းဖြင့် အများပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းမျိုးကို ရှောင်ကြဉ်ပေးစေလိုကြောင်း၊ စားသောက်ဖွယ်ရာ အစားအစာကုန်ဈေးနှုန်းများမှာ ဈေးနှုန်းမြင့်တက်လာပြီးလျှင် ပြန်လည်ကျဆင်းခြင်းမျိုးမရှိသေးကြောင်း စားသုံးသူများကဆိုသည်။

ခင်ဆိုင်

မြို့နယ်အခြေပြုမူလတန်းဆရာ အတတ်ပညာအထူးသင်တန်းဖွင့်

ခန္တီး ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်တွင် နေ့စားလပေးမူလတန်းပြ ဆရာဆရာမများမြို့နယ်အခြေပြုမူလတန်းပြဆရာအတတ်သင်ပညာအထူးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက အထကကျန်စစ်သားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခန္တီးမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်နန်းခင်ညွှန့်ကသင်တန်းသား သင်တန်းသူများအား သင်တန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများရှင်းလင်း ပြောကြားသည်။

သင်တန်းကာလမှာ ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက်အထိ ပို့ချမည်ဖြစ်သည်။ သင်တန်းနည်းပြဆရာ ဆရာမ ၁၃ ဦးက သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းချိန်ကို နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေပိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိတစ်ကြိမ် ပို့ချမည်ဖြစ်သည်။ သင်တန်းသား သင်တန်းသူဦးရေစုစုပေါင်း ၂၀၂ ဦးတက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ချန်လော(iprd)

အခြေခံ ရှမ်းစာပေသင်တန်း သီပေါမြို့၌ ဖွင့်လှစ်

သီပေါ ဧပြီ ၂၅

နွေရာသီကျောင်း အားလပ်ရက်များ ကာလအတွင်း အချိန်ကို တန်ဖိုးရှိစွာ အသုံးချရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီက ကြီးမှူးဖွင့်လှစ်သော အခြေခံ ရှမ်းစာပေသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် ည ၇ နာရီက အမှတ်(၁) မူလွန်ကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ သီပေါမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ဝင် ဦးစိုင်းထွန်းလှိုင်နှင့် ဦးစိုင်းလှမောင်တို့က သင်တန်းသို့ အချိန်မှန်မှန်နှင့်သင်တန်းကာလပြီးမြောက်အောင် တက်ရောက်ရေး ကိစ္စရပ်များကို ပြောကြားသည်။

ရှမ်းစာပေ သင်တန်းသို့ ကျောင်းသား ကျောင်းသူများ သာမက တိုင်းရင်းသား မောင်မယ်လူငယ်လူရွယ်များပါ တက်ရောက်ကြပြီး အမှတ်(၁) မူလွန် ကျောင်းတွင် သင်တန်းသား ၁၇၀ ဦးနှင့်အထက ၂ တွင် ၂၅၀ တက် ရောက်ကာ သင်တန်းကာလမှာ မေ ၂၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးအောင်ကျော်ဦး-ဒေါ်လှလှတင် တို့၏သားထွေး

ဗိုလ်ကြီးဘုန်းမြတ်ကျော် (D.S.A)

B.Sc, M.Sc (First Year)

နှင့်

(ဦးအောင်နိုင်)-ဒေါ်မြင့်မြင့်သိန်း တို့၏သမီး

မသင်းရွှေရည်အောင်

(B.A)English

Diploma in English (SEAMEO CHAT)

တို့သည် ၂၅-၄-၂၀၁၄ ရက်တွင် နှစ်ဖက်မိဘလူကြီးစုံရာများ ရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ကြီးဘုန်းမြတ်ကျော်-မသင်းရွှေရည်အောင်

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

မေ ၁ ရက်၊ နံနက် ၉ နာရီ

- ကန်တော့ခံဆရာကြီး/ဆရာမကြီးများ
- အထူးဖိတ်ကြားထားသူများ
- ကျောင်းသား/သူဟောင်းများကြွရောက်ချီးမြှင့်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် အတွင်းရှိ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ မိုင်းလုံမြို့နယ်ခွဲများမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဖြုန်းကျောက်၊ ကျောက်ရောမြေ၊ အုတ်၊ သဲ၊ သစ်မာခွဲသား(ရွယ်စုံ)၊ တောသစ်ခွဲသား(ရွယ်စုံ)၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ၂ Ø သံကူကွန်ကရစ် (၁'-၆" အရှည်/၂'အရှည်)စသည့်လုပ်ငန်းသုံး ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့်တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲခရိုင်တွင် ၂၉-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ် (၁) (၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၅-၂၀၁၄ရက် ၁၆း၃၀နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၅-၂၀၁၄ရက် ၁၀း၀၀နာရီ

၃။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်မဲခရိုင်/ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံကျောင်းဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် အဆောက်အအုံများဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
(က)	ကျောင်းသား (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း (၁၇၀'×၃၄'×၁၂') RC (ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့)	၁
(ခ)	ကျောင်းသူ (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း (၁၇၀'×၃၄'×၁၂') RC (ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့)	၁

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၄-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက် - ၂၄-၅-၂၀၁၄ရက် ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၄၂-၇၀၀၁၆/ ၀၉-၈၇၂၃၄၇၅တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စိုက်ပျိုးရေးသိပ္ပံ၊ မြောင်းမြမြို့

အမည်မှန်

နမ့်ခမ်းမြို့၊ အမှတ် ၂ ရပ်ကွက်၊ နောင်စန့်ကုန်းနေ ဦးအိုက်ရီ၏သား နမ့်ခမ်းမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ သတ္တမတန်း(က) တွင် ပညာသင်ကြားနေသော စိုင်းဆမ်လှိုင်း၏ အမည်မှန်မှာ စိုင်းဆိုင်လျန်း ဖြစ်ပါကြောင်း။

စိုင်းဆိုင်လျန်း

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့နယ်၊ ဆိတ်ဖူးတောင်ကျေးရွာ၊ ဘုရားခြေရင်းနေ သားဖြစ်သူ စိုးမင်းလှိုင် (ခ) ရှဖီးသည် မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (နောက်နောင် ၄င်းနှင့်ပတ်သက်သမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။)

မိဘ-ဦးသိန်း-ဒေါ်တင်အေး(ဆိတ်ဖူးတောင်ကျေးရွာ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆိပ်ဖြူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

ဆိပ်ဖြူ မေ ၂၅

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှထုတ်ဝေသည့် အပူဒဏ်အန္တရာယ်ဆင်ခြင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို မေ ၂၃ ရက် နံနက်ပိုင်းက ကျင်းပဆောင်ရွက်ခဲ့သည်။

နွေရာသီ၏ ပူပြင်းခြောက်သွေ့သောကာလဖြစ်သည့်အတွက် လူ့ခန္ဓာကိုယ်အတွင်းမှ ချွေးထွက်များခြင်း၊ ခန္ဓာကိုယ်အတွင်းမှ ရေဓာတ်ဆုံးရှုံးမှု၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်းတို့ကြောင့် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေ အထိဖြစ်တတ်ပြီး အပူဒဏ်ကြောင့် မလိုလားအပ်သော ဆိုးကျိုးများ မဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်အသိပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးကြီးကြပ်မှု ကော်မတီ၊ လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ မြို့ပေါ်ရှိ လူစည်ကားရာနေရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းသို့ အသိပညာပေး ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

မန္တလေးခရိုင် ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး မေ ၂၅

မန္တလေးခရိုင် အားကစားနှင့်ကာယပညာကော်မတီ၊ မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီကြီးမှူး၍ ၂၀၁၄ ခုနှစ် မန္တလေးခရိုင် ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပရာ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ အဆင့်မြင့်ပညာ၊ အခြေခံပညာရေးတို့မှ ဘောလုံးအားကစားဝါသနာရှင်၊ ပညာရှင် သင်တန်းသားစုစုပေါင်း ၂၄ ဦး တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်ဘောလုံး ဆပ်ကော်မတီအဖွဲ့ဝင် ဦးခင်မောင်တင့်က သင်တန်းဖွင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘောလုံးဒိုင်လူကြီးသင်တန်းကို မေ ၂၃ ရက်မှ ၂၉ ရက်အထိ အောင်မြေမန္တလာ အားကစားကွင်းနှင့် အားကစားခန်းမတို့၌ ဘောလုံးဒိုင်လူကြီး ဦးရစ်ချက်မောင်မောင်၊ ဦးတင်သိန်း၊ ဦးမောင်မောင်လွင်၊ ဦးထွန်းအေး၊ ဦးမောင်မောင်၊ ဦးမြင့်နိုင်၊ ဦးကျော်တင့်တို့နှင့် အား/ကာမှ တာဝန်ရှိသူများက ပြိုင်ပွဲတွင် သမာသမတ်ကျသည့် ဘောလုံးဒိုင်လူကြီးများ တာဝန်ပေးလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းသားများကို ဘောလုံးဥပဒေ ပညာရပ်များ၊ ကိုယ်လက်ကြံ့ခိုင်ရေးပညာနှင့် ကြံ့ခိုင်မှု၊ ဘောလုံးကစားနည်း၊ ဘောလုံးပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းများ၊ ဘောလုံးဒိုင်လူကြီးကောင်း အရည်အချင်းများနှင့် စိတ်ပညာရပ်များ၊ ဒိုင်လူကြီးစည်းရုံးရေးများကိုပါ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နွားထိုးကြီးမြို့၌ သုခချမ်းသာအသင်းက လူနာ ၆၀၀ ကျော် အခမဲ့ကုသနိုင်

နွားထိုးကြီး မေ ၂၅

နွားထိုးကြီးသုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှု လူမှုအထောက်အကူပြုအသင်းမှ မတ်လအတွင်း လူနာ ၆၀၈ ဦးကို မျက်စိလူနာအပါအဝင် အထွေထွေရောဂါဆေးခန်း ဝန်ဆောင်မှုအခမဲ့ကုသပေးနိုင်ကြောင်း သိရသည်။ အရေးပေါ်လူနာသုံးဦးကို မန္တလေးဆေးရုံသို့ အခမဲ့ပေးပို့ကူညီခဲ့ပြီး လာရောက်ကုသသော လူနာများကို အလှူရှင်လေးဦးက အာဟာရဆန်ပြုတ်ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။

အလှူရှင်တစ်ဦးငွေကျပ် ၅၀၀၊၁၀၀၀၊၂၀၀၀ လစဉ် ထောက်ပံ့လှူဒါန်းငွေမှာလည်း ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် ငွေကျပ် ၇၄၄၅၀၀ရရှိခဲ့ကြောင်း သုခချမ်းသာက ပြောသည်။ ယနေ့ထိ သုခချမ်းသာတွင် အလှူငွေကျပ် ၉၃၂၆၂၂၀ ရရှိပြီး အခမဲ့လူနာကုသရေး ကူညီဆောင်ရွက်နေကြောင်း သိရသည်။

ခင်ဇာမွန်မြင့်

သတင်းတိုများ

ယဉ်ကျေးလိမ္မာသင်တန်း ဆုပေးပွဲကျင်းပ

ဝက်လက်မြို့နယ်အတွင်းအသိပညာဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်လျက် သတ္တမအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာတွင် မတ် ၃ ရက်ကစ၍ ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းဆုပေးပွဲကို မေ ၁၈ ရက်က ကျင်းပသည်။ အဆိုပါသင်တန်းသို့ မူးကြီးနှင့် ပင်းဇင်းကျေးရွာမှ ကလေးငယ် ၂၄၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၄၅ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းများဖွင့်

ဟိုပန်မြို့

နယ်စပ်ဒေသ၌ ပညာရေးဝန်ထမ်းအပြည့်ခန့်ထားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းကို ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ မေ ၂၂ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း စာမေဟာခန်းမ၌ ဖွင့်လှစ်သည်။ ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ပြီး ခရိုင်ပညာရေးမှူး (တာဝန်ခံ)ဒေါ်ငွေအေးက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းသို့ ဟိုပန်၊ ကွမ်းလုံ၊ မိုင်းမော၊ ပန်ဝိုင်မြို့နယ်များမှ နေ့စားလပေး ဘွဲ့ရ ဆရာ ဆရာမ ၁၃၃ ဦး တက်ရောက်သင်ယူပြီး နည်းပြဆရာမ ခြောက်ဦးဖြင့် မေ ၂၂ ရက်အထိ တစ်လကြာ သင်ကြားပို့ချမည်ဟု သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့

ပဲခူးမြို့နယ်အခြေပြုမူလတန်း ဆရာ ဆရာမများ အတတ်ပညာအထူးသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၈ နာရီက ပဲခူးမြို့ မြို့တွင်းအနောက်(ခ)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)စေတနာခန်းမဆောင်၌ ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ် တက်ရောက်၍ အမှာစကားပြောကြားပြီး ခရိုင် မြို့နယ်အဆင့် ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ သင်တန်းသို့ ပဲခူးမြို့နယ် အခြေခံမူလတန်းကျောင်းများမှ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၃ ရက် မှ မေ ၂၃ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၁၁၀)**

လပွတ္တာမြို့

လပွတ္တာခရိုင် လပွတ္တာမြို့နယ် အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲကို လပွတ္တာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၃ရက် နံနက် ၈ နာရီက သင်တန်းဖွင့်ပွဲကျင်းပသည်။ အခမ်းအနားတွင် လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် ခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဝေတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနုက သင်တန်းဆိုင်ရာစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အခြေပြုမူလတန်းဆရာအတတ်ပညာအထူးသင်တန်းသို့ ဆရာ ဆရာမ ၄၈၂ ဦးတက်ရောက်ပြီး သင်တန်းကာလတစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မင်္ဂလာဗျူဟာအသင်းချုပ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ နှစ်စဉ် မေ ၁ ရက် (အလုပ်သမားနေ့)တွင် မွန်းတည့် ၁၂ နာရီမှစတင်၍ ဖွင့်လှစ်သင်ကြားမြဲဖြစ်သော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်(မြန်မာပြန်)သင်တန်းများကို အသင်းကြီး၏ သင်တန်းမှူးဆရာတော်များကဦးဆောင်၍ လက်ထောက်ဆရာ ဆရာမများဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း **ဓမ္မဒါန**အဖြစ် သင်ကြားပို့ချမည်ဖြစ်ပါသည်။ ရဟန်း၊ ရှင်၊ လူမည်သူမဆို ကုသိုလ်ပြုတက်ရောက်သင်ယူနိုင်ကြပါသည်။

မင်္ဂလာဗျူဟာအသင်းချုပ်
ဓမ္မစာပေသင်တန်းအဖွဲ့
ဖုန်း-၀၁-၃၇၀၉၅၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၅၄လမ်းနှင့် ဗိုလ်တထောင်လမ်းသွယ် ၃ လမ်းထောင့်၊ အမှတ် ၇၇၊ ရှစ်လွှာ(အကျယ်အဝန်းပေ ၁၆×၆၆ပေ)ရှိ တိုက်ခန်းနှင့်တကွ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာသူ ဦးတင်မောင်ဝင်း ၁၂/စခန(နိုင်)၁၅၇၂၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာ(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်း) ပထမနှစ်သင်တန်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းတက်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၁၄ခုနှစ် မေ ၁၆ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက် အပြည့်အစုံကို ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မော်ကွန်းထိန်းရုံးခန်း (ကျောင်းသားရေးရာဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၂(လိုင်းခွဲ-*၈၀၉)

အများသိစေရန်ကြေညာခြင်း

မောင်အောင်ဇော်ဦး ၁၃/တကန(နိုင်)၂၅၃၄၈၈ သည် အတူနေအုပ်ထိန်းသူများဖြစ်သော ဒေါ်ရွှေခင်၏ ဆိုဆုံးမစကားကို နားမထောင်ပါသဖြင့် နောက်နောင် အောင်ဇော်ဦးနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ရွှေခင် ၁၃/လလန(ပြု)၀၀၀၀၃၂

ပညာဘူမိ၌ အဘိဓမ္မာ၊ ဋီကာ၊ ဝိသုဒ္ဓိမဂ်သင်တန်းများ ပဉ္စမအကြိမ်ဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီအဝိုင်းအနီး ရတနာပုံလမ်းရှိ ပညာဘူမိကျောင်းတိုက်၌ ၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၃ ရက် (၁-၅-၂၀၁၄ရက်) အလုပ်သမားနေ့မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် ဝိသုဒ္ဓိမဂ်သင်တန်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဋီကာကျော်သင်တန်းနှင့် အဘိဓမ္မာသင်တန်းများကို မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၅း၃၀နာရီအထိ ပဉ္စမအကြိမ်မြောက် ဓမ္မဒါနဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

သင်တန်းနှင့်ပတ်သက်၍ သိလိုသည်များကို ဖုန်း-၀၁-၅၁၁၇၇၄၊ ၅၃၉၅၂၃၊ ၀၉-၅၀၃၇၃၁၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၁၃၁၉ အမည်ပေါက် ဦးခင်မောင်ဝင်း ၁၃/မတန(နိုင်)၀၈၆၁၈၈သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းထံမှ ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းမြတ်အေး ၁၃/တကန(နိုင်)၁၅၂၆၄၁ ထံမှ ကျွန်ုပ်ဒေါ်ခင်ရီ ၁၂/သကတ(နိုင်)၀၄၂၃၀၉က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ရီ
၁၂/သကတ(နိုင်)၀၄၂၃၀၉
ဖုန်း-၀၉-၇၃၂၃၁၁၀၃

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တာချီလိတ် မေ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါကွေ့ရွာ၌ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၀၂ ဂရမ် စိတ်ကြွရူးသွပ်ဆေးပြား အလေးချိန် ၁၉ ဒသမ ၄ ဂရမ်နှင့် စိတ်ကြွဆေးပြားရှုရာတွင် အသုံးပြုသည့် ဝါးပိုက်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် ညနေ ၄ နာရီက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ပါကွေ့(အပေါ်)ရွာ ရွာလယ်လမ်းတွင် အားဂျေအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၀၂ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၃၂၀ ကို တွေ့ရှိသဖြင့် အားဂျေ (၅၈နှစ်) ဟွေပေး(အောက်)ရွာ လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူကို တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ အဆိုပါ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၄၀ က တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ပါကွေ့(အပေါ်)ရွာရှိ ရွာလယ်လမ်းတွင် ထပ်မံတွေ့ရှိသူ ဖိန္ဒကို စစ်ဆေးရှာဖွေရာ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ ပြား ကာလတန်ဖိုးငွေကျပ် ၄၅၇၅၀၀ ကို တွေ့ရှိသဖြင့် ဖိန္ဒ(၄၁နှစ်) ဆန်ဆိုင်း(ခ)ရပ်ကွက် တာချီလိတ်မြို့နေသူကို တာချီလိတ်မြို့မ ရဲစခန်းကအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ပါကွေ့(အပေါ်)ရွာရှိ တင်မွှေး၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ တင်မွှေးနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ ရာမင်းဦးကို အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ နေအိမ်ခြံစည်းရိုးထောင့်ရှိ အမှိုက်ပုံအတွင်း အဖြူရောင် ပလတ်စတစ်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြား၊ အလေးချိန် ၁ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၂၅၀၀၀ ကိုလည်းကောင်း၊ နေအိမ် ခေါင်းရင်းခန်းရှိ ရာမင်းဦး ထိုင်နေသည့် ကြမ်းပြင်ပေါ်တွင် သုံးစွဲရန် အသင့်ပြုလုပ်ထားသည့် ခဲစက္ကူအပိုင်းအစငယ်ပေါ်မှ ပန်းရောင်စိတ်ကြွဆေးပြား တစ်ခြမ်းလျှင် ၀ ဒသမ ၀၅ ဂရမ်စီပါ နှစ်ခြမ်း အလေးချိန် ၀ ဒသမ ၁ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၅၀၀ နှင့် စိတ်ကြွဆေးပြားရှုရာတွင် အသုံးပြုသည့် ဝါးပိုက်တိုတပ်လျက် ကော်ဘူးငယ်နှစ်ဘူးကိုလည်းကောင်း တွေ့ရှိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါး ရောင်းချပေးခဲ့သူ တစ်ရွာတည်းနေ လောဗန်ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် တင်မွှေး (၅၀ နှစ်)၊ ပါကွေ့(အပေါ်ရွာ) လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်၊ ရာမင်းဦး (၂၈ နှစ်) အိမ်အမှတ် ၄၄၉ မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် လောဗန်(ကျား) (၃၇ နှစ်) ပါကွေ့(အပေါ်ရွာ) လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ သုံးဦးကို တာချီလိတ်မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကင်းထောက်လူငယ်များနှင့် ကြက်ခြေနီသင်တန်းဖွင့်

သီပေါ မေ ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား ပါဝင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သည့် ကင်းထောက်လူငယ်များနှင့် ကြက်ခြေနီအဖွဲ့များ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သင်တန်းကြီးကြပ်ရေး ကော်မတီနာယက သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး သင်တန်းမှူး ဒုတိယမြို့နယ် ပညာရေးမှူး ဦးထွန်းထိုက်က သင်တန်းစီမံချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို မေ ၂၄ ရက်မှ မေ ၃ ရက်အထိ ၁၀ ရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်ပြီး ဆဋ္ဌမတန်းမှ နဝမတန်းအထိ သင်တန်းသား ကျောင်းသား ကျောင်းသူ ၅၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

နှစ်ရက်ဆက်တိုက် သစ်မျိုးစုံ ၁၆ တန်ကျော် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ

ပုလဲ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သစ်တောဦးစီးဌာနသည် တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ လျှပ်တစ်ပြက် စစ်ကြောင်းအသွင်သဏ္ဌာန်ဖြင့် ကာကွယ်ဖမ်းဆီးလျက်ရှိရာ မေ ၈ ရက်နှင့် ၉ ရက်တွင် ပိုင်ရှင်မဲ့ သစ်မျိုးစုံ ၁၆ တန်ကျော်ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးဇော်ကိုကိုနှင့်ဝန်ထမ်းများ၊ ချင်ပြစ်ရဲစခန်းမှူးရဲအုပ်ခင်မောင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုအရ မေ ၈ ရက် မွန်းလွဲ ၁ နာရီက ပုလဲမြို့နယ် တုံးကန်ကျေးရွာအုပ်စု နှောရိုးကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဓားမကျတောတိုက်အနီး ယာကွင်းပြင်သို့ သွားရောက်ရှာဖွေရာ ပိုင်ရှင်မဲ့ တမလန်းနှင့်အင်ကြင်း သစ်မျိုးစုံ လေးတန်ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၉ ရက် နံနက် ၁ နာရီက ပုထိုးသာဘိနယ် ရွာနောင်ကျေးရွာ၏ အနောက်မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ယမားချောင်းတောင်ဘက်တွင် ပိတောက်ခွားရွေ ရှစ်တုံး၊ ပျဉ်းကတိုးဓားရွေ ၁၈ တုံး၊ အင်ကြင်း ဓားရွေလေးတုံး စုစုပေါင်း သစ်မျိုးစုံ အတုံး ၃၀၊ ငါးတန်ကျော်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက် ရှာဖွေရာ နံနက် ၁ နာရီ ၄၅ မိနစ်က ကျွန်းဓားရွေ ရှစ်တုံး၊ တမလန်းဓားရွေ ကိုးတုံး၊ ပိတောက်ဓားရွေ ၁၃ တုံး၊ ပျဉ်းကတိုးဓားရွေ လေးတုံး၊ အင်ကြင်း ဓားရွေ နှစ်တုံး၊ ပျဉ်းကတိုးသစ် သုံးလုံး၊ စုစုပေါင်း ၃၉ လုံး၊ ခုနစ်တန်ကျော်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အဆိုပါ ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည့် တရားမဝင်သစ်မျိုးစုံ ၁၆ တန် ကျော်ကို မြို့နယ် သစ်တောဦးစီးဌာနတွင် သိမ်းဆည်းထားရှိကြောင်း သိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

မသင်္ကာသူအား စစ်ဆေးရာမှဖုန်းနှင့် နာရီများ ခိုးယူမှု ပေါ်ပေါက်

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က နယ်မြေအတွင်း သတင်းစုံစမ်းဆောင်ရွက်နေစဉ် ပန်းဘဲတန်းမြို့နယ် (၈) ရပ်ကွက် အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၌ လက်ကိုင်ဖုန်းတစ်လုံး လိုက်လံရောင်းချနေသောလူငယ်တစ်ဦးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့်စစ်မေးခဲ့ရာ ၎င်းသည် သာကေတမြို့နယ် (၉)ရပ်ကွက်နေ ရာဇာမင်းပြည့်(ခ)တမီးပေါ (၁၉နှစ်) ဖြစ်ကြောင်းသိရပြီး ဆင်းမ်ကတ်ပါ SAMSUNG အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



အဆိုပါ လက်ကိုင်ဖုန်းနှင့် ပတ်သက်၍ ရာဇာမင်းပြည့်(ခ)တမီးပေါအား စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးရှေ့ရှိ အလေးမအားကစားရုံအတွင်း၌ အလေးမနေသူ အမျိုးသားတစ်ဦးထံမှ ဓာတ်ခဲနာရီတစ်လုံးနှင့်အတူ ခိုးယူလာခဲ့သော ဖုန်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရာဇာမင်းပြည့်(ခ)တမီးပေါအား ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၂၁၄၂ THU KHA SAN M/B ယာဉ်လက်ဝယ်ရှိသူ ဦးမြသိန်း ၁၂/ဥကတ(နိုင်)၀၃၀၄၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ နန်းမိုခမ်း ၁၃/သပန(နိုင်)၀၄၅၀၉၈နှင့် ဦးသန်းထွေး ၁၃/သပန(နိုင်)၀၅၃၀၅၉ တို့သည် ဦးဉာဏ်ဝင်း (တရားသူကြီး၊ ကွမ်းလုံမြို့နယ်)ရှေ့မှောက်၌ ၇-၁-၂၀၁၃ ရက်တွင် အပြီးအပိုင်နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

နန်းမိုခမ်း

သရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်မည်

မြန်မာနိုင်ငံတွင် ဒေသအလိုက် အမယ်မျိုးစုံစိုက်ပျိုးထွက်ရှိနေသည့် သရက်သီးမျိုးများမှ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များပေါ်ထွက်လာစေရေး၊ သရက်သီးမျိုးကောင်းမျိုးသန့်များစုစည်းနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် နည်းပညာများရရှိနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ တောင်သူအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရေးနှင့် ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေနိုင်ရေးအတွက် သရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲများကို မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၁၀-၅-၂၀၁၄ရက်မှ ၁၂-၅-၂၀၁၄ရက်
ကျင်းပမည့်နေရာ - ရွှေပုစွန်၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်
ဆက်သွယ်ရန်လိပ်စာ - အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ စက်မှုကုန်သည်ကြီးများအသင်းချုပ်၊ ငါးလွှာ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဖုန်း-၀၁-၂၁၈၃၆၇၊ ၀၉-၄၃၁၂၇၆၅၆၊ Email-mffvpea.office@gmail.com

အဆိုပါသရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲကို နိုင်ငံခြားမှပညာရှင်များနှင့် မြန်မာနိုင်ငံမှပညာရှင်များဦးဆောင်၍ သရက်နှင့်ပတ်သက်သည့်စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများပါဝင်ပါသည်။

မြန်မာ့သရက်လောကဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိတ်ပါဝင်စားကြသူများ အင်တိုက်အားတိုက်ပါဝင်ကြပါရန်လည်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

မိဘအမည်မှန်

တောင်ငူမြို့၊ အလက(၁) ပဉ္စမတန်းမှ မအေးချမ်းမြေ့၏ မိဘအမည်မှန်မှာ ဦးဖြိုးလတ်အောင်နှင့် ဒေါ်လင်းလင်းဦးတို့ဖြစ်ပါသည်။

မိခင်-ဒေါ်လင်းလင်းဦး(တောင်ငူ)

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ ဒုတိယတန်း (B)မှ မောင်စိုင်းဝမ်းလျှန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ဆမ် ၁၃/ဟပတ(နိုင်)၀၁၁၈၉၄ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၄၄၀/ခ၊ မြေကွက်တည်နေရာအမှတ် ၄၄၀/ခ၊ အောင်ရတနာလမ်း၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးညွန့်တင် ၁၂/ဗဟန(နိုင်)၀၀၆၅၉၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးညွန့်တင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်နု ၁၂/ဗဟန(နိုင်)၀၀၇၀၂၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် GP No-2062, 21.1.14 ရသူ ဦးဝင်းမြင့် ၁၂/ဗဟန(နိုင်)၀၀၇၅၆၈မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၃၁(က)၊ မြေကွက်တည်နေရာအမှတ် ၄၃၁/က၊ သုမန(၄)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဌေးမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဌေးမောင်(ဖခင်)နှင့် ဒေါ်ကျင်လှိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအေးလွင် ၁၂/သကတ(နိုင်)၀၃၉၃၆၂ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၄၄၅/၁၄) ရသူ ဦးစိုင်းလောင်ဆိုင် ၉/ခမစ(နိုင်)၀၁၇၉၃၄က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

YPGG ဂေါက်သီးရိုက်အသင်း ပြည်ပခရီးစဉ်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ (၅၅)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ပတ္တရားကမ်းခြေ(စိမ့်အင်ဒရူး) ဂေါက်ကွင်းတွင် ၂၀၁၄ ခုနှစ် မေ ၈ ရက် (ကြာသပတေးနေ့)နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မှ ၇-၅-၂၀၁၄ရက် နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပြီး ၁၀-၅-၂၀၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။ ပါဝင်မည့် အသင်းသားများသည် ၂၈-၄- ၂၀၁၄ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ၀၁-၂၀၀၉၃၁၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၇၃၁၅၄၈၆၃၊ ၀၁-၂၀၂၉၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်အမှတ် ၃၁၇၂၅၊ ၈၀'×၈၀'အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (RC)တစ်ထပ်တိုက်အပါအဝင် မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ အိမ်နှင့်မြေ၏တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇေယျာလင်း ၉/ပမန(နိုင်)၁၈၁၉၉၃အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အပြီးအပိုင်လွှဲပြောင်းလက်ခံဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ၊ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အကျိုးသက်ဆိုင်သူ ကင်းရှင်းသည်ဟုမှတ်ယူ၍ ဖော်ပြပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးချစ်ဖြူ
အထက်တန်းရှေ့နေ(စဉ်-၄၀၃၁၈)
အမှတ် (၃၂၈၆)၊ ပုဂံ (၁)လမ်း၊ ရာဇသင်္ဂဟ အိမ်ရာအမှတ် (၂)၊ ဥတ္တရသီရိမြို့နယ်

ဒေါ်ရည်ရည်ကို
၅/ပလဘ(နိုင်)၀၀၀၄၅၃

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တရားမဝင် ကျွန်းခွဲသားနှင့် တမလန်းခွဲသားများ သိမ်းဆည်းရမိ

မင်းကင်း မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ရွှေ ခေါင်းဆောင်၍ မြို့နယ်သစ်တောဝန်ထမ်းများသည် မေ ၁ ရက်မှ ၂၀ ရက်အထိ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ချင်းတွင်းမြစ်ရေထဲတွင် နှစ်မြှုပ်ထားသော တရားမဝင်ကျွန်းခွဲသားနှင့် တမလန်းခွဲသားများကို လိုက်လံရှာဖွေရာ ကျွန်းသစ် ၁၈ လုံး (၄ ဒသမ ၁၁၂ တန်)၊ ကျွန်းခွဲသား၁၂၃ ချောင်း(၂၂ ဒသမ ၃၉၄၈ တန်)၊ ပိတောက်ခွဲသား ၆၁ ချောင်း (၄ ဒသမ ၂၃၀ တန်)၊ တမလန်းခွဲသား အချောင်း ၂၀ (၂ ဒသမ ၁၃၀၄ တန်)၊ သစ်ယာခွဲသား ၃၄ ချောင်း (၇ ဒသမ ၆၁၆ တန်)၊ အင် သစ် ၁၆၂ လုံး (၄၆ ဒသမ ၂၆၆ တန်)၊ အင်ခွဲသား ၈၇ ချောင်း (၁၆ ဒသမ ၁၃၈၄ တန်)၊ သစ်မာတိုင် ၆၉ ချောင်း(၄ ဒသမ ၁၂၈ တန်)နှင့် အခြားတိုင် ၁၀၆ လုံး (၁၀ ဒသမ ၅၃၆ တန်) စုစုပေါင်း တန်ပမာဏ ၁၁၇ ဒသမ ၅၅၁၆ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

ချင်းတွင်းသား

ပန်းရန်ဆရာတစ်ဦး ဆောက်လုပ်ဆဲတိုက်ပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် မေ ၂၅

တောင်ဥက္ကလာပမြို့နယ်အတွင်း မေ ၂၂ ရက်ညပိုင်းက ပန်းရန်ဆရာတစ်ဦး အရက်သေစာသောက်စားပြီး ဆောက်လုပ်ဆဲတိုက်ပေါ်မှ ပြုတ်ကျသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ်နေ ဆောက်လုပ်ရေးကန်ထရိုက်ဖြစ်သူ ဦးအောင်ကျော်ထွန်းသည် မေ ၂၃ ရက် နံနက် ၇ နာရီခွဲက တောင်ဥက္ကလာပမြို့မ ရဲစခန်းသို့ ရောက်လာပြီး ၎င်းသည် တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် ရသဝတီလမ်းရှိ သုံးလွှာခွဲတိုက်အိမ်ကို တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း၊ မေ ၂၂ ရက် ည ၁၁ နာရီခွဲခန့်က လုပ်ငန်းခွင်မှ ပန်းရန်ဆရာဖြစ်သူ ဦးအုန်းသောင် (၄၅)နှစ် ရမည်းသင်းမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူသည် အရက်သေစာသောက်စားမူးယစ်ကာ ဆောက်လုပ်ဆဲတိုက်(ပ)ထပ် အမြင့်ကိုးပေခွဲခန့်ရှိ အရေးပေါ်လှေကားမှပြုတ်ကျခဲ့ပြီး ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဆေးကုသခြင်းမပြုဘဲ အိပ်ရာဝင်ခဲ့ရာမှ မေ ၂၃ ရက် နံနက် ၂ နာရီခွဲခန့်က သေဆုံးသွားကြောင်းကို လာရောက်အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့ သွားရောက်စစ်ဆေးကြရာ သေဆုံးသူ ဦးအုန်းသောင်တွင် ပွန်းပဲ့ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ တောင်ဥက္ကလာပမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ရေကန်အတွင်းသို့ မြေစာပုံပြိုကျကာ ရေလျှံတက်၍ ရေချိုးနေသူသုံးဦး မျောပါပျောက်ဆုံး

နေပြည်တော် မေ ၂၅

မေ ၂၂ ရက် ညနေ ၅နာရီက ကချင်ပြည်နယ် ဖားကန့်မြို့နယ် စွပ်ဂျာကျေးရွာရှိ ကံပွင့်ဦးကုမ္ပဏီ လုပ်ကွက်တွင် အမြင့်ပေ ၃၀၀ ခန့်ရှိ မြေစာပုံဟောင်း ရုတ်တရက်ပြိုကျကာ မြေစာပုံအောက်ခြေမှ အလျား ပေ ၅၀၀၊ အနံ ပေ ၁၀၀၊ အနက်ပေ ၂၀ ရှိ ရေကန်အတွင်းသို့ မြေစာများ ရောက်ရှိသွားခဲ့ပြီး ရေလျှံတက်မှုကြောင့် ရေကန်အနီးတစ်ဝိုက်တွင် ရေချိုးနေသည့် ဖားကန့်မြို့ မြို့မရပ်ကွက်နေ မောင်အောင်တူး(၄နှစ်)ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း သုံးဦးတို့မှာ လျှံတက်လာသော ရေများနှင့်အတူ မျောပါပျောက်ဆုံးသွားခဲ့သည်။

အဆိုပါ ပျောက်ဆုံးနေသူများကို ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့များ စုပေါင်း၍ ဘက်ဟိုးယာဉ်နှစ်စီးဖြင့် ပြိုကျမြေများကို ရှင်းလင်းဖယ်ရှားရှာဖွေခဲ့ရာ မေ ၂၂ ရက် ညနေ ၅နာရီ ၄၅ မိနစ်တွင် မောင်အောင်တူး၏ အလောင်းကို ရေကန်အနီးတွင်တွေ့ရှိရပြီး ကျန်နှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖားကန့်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်အတွင်း ကျွဲ၊ နွားများ တရားမဝင်သယ်ဆောင်လာသော စက်လှေတစ်စင်း ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၅

ဧရာဝတီရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တိုက်ရေယာဉ် (၁၆၄)သည် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်အတွင်း မေ ၂၃ ရက် နံနက် ၃ နာရီခွဲက စစ်ဆင်ရေးတာဝန်ဆောင်ရွက်နေစဉ် မသင်္ကာဖွယ် စက်လှေတစ်စင်း ဖြတ်သန်းမောင်းနှင်သွားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရန် ခေါ်ယူခဲ့သော်လည်း မောင်းနှင်ထွက်ပြေးသွားသောကြောင့် လိုက်လံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိစက်လှေကို စစ်ဆေးကြရာ "ကျော်ဇောလင်း ၉၀၀"အမည်ရှိ သစ်သားကိုယ်ထည် စက်လှေဖြစ်ကြောင်းသိရပြီး ၎င်းစက်လှေပေါ်တွင် ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာနေ သိန်းဦး(၄၂နှစ်) အပါအဝင် ခုနစ်ဦးတို့ထံမှ ကျွဲအရှင် ၁၇ ကောင်၊ အသေသုံးကောင်၊ နွားအရှင် ၃၈ ကောင်၊ အသေနှစ်ကောင်တို့ကို တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ကျွဲ၊ နွားများကို တရားမဝင်သယ်ဆောင်လာသူ သိန်းဦးပါခုနစ်ဦးတို့ကို ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)



တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးသူများ၏သက်သေခံ ပစ္စည်းများ သိမ်းဆည်းရမိ

စစ်ကိုင်း မေ ၂၅

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်မိုး၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးကျော်လှသိန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့သည် မေ ၉ ရက် နံနက် ၉ နာရီခန့်က ငါးသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးမှုများကို ဥပဒေအရ အရေးယူရန် ဧရာဝတီမြစ်အတွင်း လိုက်လံစစ်ဆေးခဲ့ရာ မတ္တရာမြို့နယ် အနောက်ဘက် ဧရာဝတီမြစ်ကမ်းစပ်တွင် တရားမဝင်ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးနေကြောင်း တွေ့ရှိရ၍ သွားရောက်ဖမ်းဆီးစဉ် ပြစ်မှုကျူးလွန်သူသုံးဦးမှာ ကုန်းပေါ်သို့တက်၍ ထွက်ပြေးသွားပြီး သက်သေခံပစ္စည်းများဖြစ်သည့် 12 Volt ဘက်ထရီတစ်လုံး၊ 6800 W ဗို့အမြင့် လျှပ်စစ်ဝိုင်ယာကြိုးတပ် ရှော့ခ်ပုံးတစ်လုံးနှင့် ရှော့ခ်ပိုက်တစ်ဖုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ဘက်ထရီရှော့ခ်တိုက် သက်သေခံပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မအူပင်ခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅

၁။ ဦးအောင်မြင့်သိန်း	နှင့်	၁။ ဦးလှစိုးပိုင်
၂။ ဦးသန်းဦး		၂။ ဦးသိန်းဆိုင်အေး
၃။ ဦးမြင့်သိန်း		၃။ ဦးနွယ်စိုး
၄။ ဦးအောင်ထွန်း		၄။ ဦးဝဏ္ဏစိုး
၅။ ဦးဝင်းမောင်		၅။ ဦးဖြိုးမင်းစိုး
၆။ ဦးဖိုးကြီး(ခ)မောင်အုန်း		၆။ ဦးသံခဲ
၇။ ဦးတင်ရွှေ		
၈။ ဦးလှချစ်		
၉။ ဦးဝင်း (၄င်းကိုယ်တိုင်အပြင် ၁မှ ၈ထိ တောင်သူလယ်သမားများ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ)		
တရားလိုများ		**တရားပြိုင်များ**

တရားပြိုင်(၄) ဦးဝဏ္ဏစိုး၊ (၅) ဦးဖြိုးမင်းစိုး၊ (၆) ဦးသံခဲ ဇီးငုရွာ၊ အင်းတကောအုပ်စု၊ ပန်းတနော်မြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်မြင့်သိန်း ပါ-၉ဦးက ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များအား ဖယ်ရှားထွက်ခွာပေးစေလိုမှုနှင့် ဆုံးရှုံးမှုအပေါ် နစ်နာကြေး၊ လျော်ကြေးငွေ သိန်း ၃၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မေ ၂၉ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁ရက်)မွန်းမတည့်မီ အထက်အမည်ရေးသားရှိသူများ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(လှလှမြေး)
ဒုတိယခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ပဉ္စမအကြိမ် သက်ကြီးဝန်ထမ်းဟောင်းအရာရှိကြီးများအားပူဇော်ပွဲ နှင့် ဆဌမအကြိမ် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၄ခုနှစ် မေ ၄ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ

ကျင်းပမည့်နေရာ - နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခမ္မာရုံ

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးတင်အေး အသက်(၈၀) လည်ပင်းဘုပါ၊ ဆွံ့အနားမကြား စိတ်ဝေဒနာရှင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြုအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၁၁၂၃၆၊ ၀၉-၄၂၀၁၉၀၆၂၄၊ ၀၉-၅၀၅၉၇၄၄

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/အောင်ချမ်းသာ၊ မြေကွက်အမှတ် ၅၇၈၊ မြေကွက်တည်နေရာအမှတ် ၁၁၊ အောင်သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအေးမြင့်၊ ဦးအောင်ကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/ဒပန(နိုင်)၀၁၆၈၃၄နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးအောင်ကြည်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေး ၁၂/ဒပန(နိုင်)၀၁၃၀၃၀ တို့ထံမှ GP $\frac{၂၇၃၀၀}{၃၀-၁၂-၁၃}$ ဖြင့် ရရှိသူ ဦးမောင်မင်း ၁၂/ဒပန(နိုင်)၀၂၁၇၅၉ မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၆၃၁ အမည်ပေါက် ဒေါ်အေးလှိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၈၇၀၊ KPU-၀၆၇၆၄၀သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ဒေါ်ခင်ရီ ၁၂/သကတ(နိုင်)၀၄၂၃၀၉ က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်၍ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၃၆၊ ၁-၄-၂၀၁၄ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုအတည်ဖြစ်သည်ဟု သတ်မှတ်မည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ရီ
၁၂/သကတ(နိုင်)၀၄၂၃၀၉
ဖုန်း-၀၉-၇၃၂၃၁၁၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်
ရင်းနှီးမြှုပ်နှံလိုသူများ၏ အဆိုပြုလွှာများကို ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ စီမံကိန်း/အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖော်ဆောင်လျက်ရှိသည့် ရည်မှန်းချက်နှင့်အညီ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်ဘူတာကြီးယာဒ်ဝင်းနယ်မြေ ၂၅ဒသမ ၃ဟက်တာ ၆၂ဒသမ ၄၈၆ဧကပေါ်တွင် ရထားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်နှင့်စီးပွားရေးလုပ်ငန်းများပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဖွံ့ဖြိုးရေးစီမံကိန်းအား အနာဂတ်ရည်မှန်းချက်များနှင့်အညီ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာစေရေးအတွက် ဒီဇိုင်းပုံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်လွှဲပြောင်းခြင်း စသည်များအတွက် မြန်မာ့မီးရထားနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest **(EOI)** အဆိုပြုလွှာများ ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပြုလွှာ **(EOI)** ပုံစံကို ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင်ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည်(EOI)မူရင်း၊ မိတ္တူတစ်စုံနှင့် CD Copy တစ်စုံကို အထက်ပါလိပ်စာသို့ ၂၀၁၄ခုနှစ် မေ ၂၆ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ (E-mail ဖြင့် ပေးပို့တင်ပြခြင်းကို **လုံးဝ**လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၄။ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်အလက်များနှင့် လုပ်ငန်းအဆိုပြုလျှောက်လွှာနမူနာပုံစံများကို www.yangonrailwaystation.com.mm website တွင် လေ့လာနိုင်ပါသည်။ E-mail-yrsdev@yangonrailwaystation.com.mm နှင့် ဖုန်း-+၉၅-၁-၃၉၃၄၂၄၊ ၂၉၁၉၈၅/၂၉၁၉၈၄ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ခေါင်းဆောင်မှုစွမ်းရည်နှင့် စီမံခန့်ခွဲမှုအမြင်ဖွင့်သင်တန်း
Leadership and Management Course For Sangha
သင်တန်းသားသံဃာတော်များဖိတ်ခေါ်ခြင်း

မြန်မာသီရိလင်္ကာကျောင်းသားများအဖွဲ့(MSSA)နှင့် ကလျာဏမိတ္တဖောင်ဒေးရှင်း (KMF)တို့ ပူးပေါင်း၍ သံဃာတော်များခေါင်းဆောင်မှုစွမ်းရည်နှင့် စီမံခန့်ခွဲမှု အမြင်ဖွင့်သင်တန်း (Leadership and Management Course For Sangha)ကို ၂၀၁၄ ခုနှစ် မေ ၅ ရက်မှ ၁၁ ရက်အထိ စခန်းသွင်းလေ့ကျင့်မှု (Camp)ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သက်တော် ၂၅ နှစ်မှ ၄၅နှစ်အတွင်းရှိ အကြီးတန်းအောင်မြင်ပြီး(သို့)နိုင်ငံတော်အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသော ရဟန်းတော်များအနေဖြင့် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပါသည်။

(**မှတ်ချက်။** ။သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ဆွမ်းကွမ်းဝေယျာဝစ္စနှင့် နေရာထိုင်ခင်းစီစဉ်ပေးပါမည်။ သင်တန်းတက်ရောက်ကြသော သံဃာတော်များ ဆွမ်း၊ ဝေယျာဝစ္စပြည့်စုံစေရေးအတွက် အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။)

စာရင်းပေးသွင်းစုံစမ်းရန်ဌာန - မြန်မာ-သီရိလင်္ကာကျောင်းသားများအဖွဲ့ရုံး၊ စမ်းချောင်းမြို့နယ်၊ ဘီးလင်းတိုက်သစ်၊ ဖုန်း-၀၉-၂၅၀၆၄၈၀၈၃၊ ၀၉-၄၀၂၇၀၇၆၁၉၊ ၀၉-၄၂၀၀၆၀၄၅၆

သင်တန်းဌာနတည်နေရာ - ကျိုက်ကလော့ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၅၆၄/က)၊ ထူပါရုံ ၁၇ လမ်း၊ ဇေယျာစတုရန်းပေ ၁၂၀၀၊ အလျားပေ ၂၀×အနံပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်အေးလွင် ၁၂/သကတ(နိုင်)၀၉၈၄၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာဦး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၀၀)
အမှတ်(၄၃)၊ မြေညီ(ခေါင်းရင်းခန်း)၊ ဓမ္မစိန္တာလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၉၇၀၆၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်၄၇၃၊ မြေကွက်တည်နေရာအမှတ် ၄၇၃၊ တကောင်း ၇လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်တင်ညွန့်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်နှင့် ခင်ပွန်း ဦးသိန်းအောင်တို့ ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်မြ(ခ)ဒေါ်ယဉ်ယဉ်မြတ် DNU-၀၀၀၇၆၇က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၄-ခုနှစ် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများဖွင့်ပွဲနှင့် ၂၀၁၃-ခုနှစ် စာအောင်ဆုနှင်းပွဲကျင်းပမည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကကြီးမှူး၍ (၈)ကြိမ်မြောက် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို မယ်လမုစေတီတော်ဝင်းအတွင်းရှိ အဘိဓမ္မာသင်တန်းခန်းမများ၌ ၃-၅-၂၀၁၄ရက်(စနေနေ့)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂း၃၀နာရီမှ ၁၅း၃၀နာရီအထိ ဖွင့်လှစ်၍ ဓမ္မဒါနသင်ကြားပို့ချသွားမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၁-၆၆၁၂၈၅နှင့် ၀၉-၂၅၀၀၅၆၅၆၅တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းနှင့် သင်တန်းဖွင့်ပွဲနှင့် ၂၀၁၃ ခုနှစ်တွင် ဖြေဆိုအောင်မြင်ခဲ့ကြသူများအတွက် စာအောင်ဆုနှင်းပွဲကိုပါ ပူးတွဲပြီး ၃-၅-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စာအောင်သင်တန်းသား(ဟောင်း)များနှင့် သင်တန်းသား(သစ်)များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

[illegible]

အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ သိစေသည့်
အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ဟင်္သာတခရိုင်တရားရုံးတော်၊ ဟင်္သာတမြို့

ဒေါ်လှငွေး **နှင့်** ၁။ ဦးမြင့်အောင်သန်း(ခ)ဦးမျိုးမြင့်
၂။ ဒေါ်စံပယ်စန်း
၃။ ဒေါ်စန်းငွေး
၄။ မောင်ကျော်လေး(ဘ)ဦးစိုးတင့်

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ရက်စွဲပါ ဟင်္သာတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၇/၂၀၁၀ အမှု၏စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု ၁၆/၂၀၁၄ အယူခံတရားပြိုင် (၃) ဒေါ်စန်းငွေးနှင့် အယူခံတရားပြိုင် (၄) မောင်ကျော်လေး ဟင်္သာတမြို့နယ်၊ ကြခတ်ကွင်းကျေးရွာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ ယခုအမှုတွင် တရားရုံးကချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်လှငွေးက အယူခံတင်သွင်း၍ ၂၀၁၄ခုနှစ် မေ ၆ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၈ရက်)တွင် ဆိုင်ဆိုရန် ရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် အခြားဥပဒေအရ ခွင့်ပြုထားသည့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးထွန်း)
ဒုတိယခရိုင်တရားသူကြီး
ဟင်္သာတခရိုင်တရားရုံး
ဟင်္သာတမြို့

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုံးရင်(တောင်သာ၊ ကျောက္ကာ)
အသက် (၈၈)နှစ်

သူငယ်ချင်း ဗိုလ်ချုပ်သန့်ဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း) - ဒေါ်ခင်ခင်လှ(အလက-၄ မင်္ဂလာဒုံ)တို့၏မိခင် ဒေါ်အုံးရင်သည် ၁၆-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဖိုးလမင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

ဦးစိုးမိုးနိုင်(ခ)ဘာဘူ-ဒေါ်စန္ဒီလေးလွင်

ဝမ်းနည်းကြေကွဲခြင်း
ဦးကြာမိုး
အသက် (၈၈)နှစ်

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် (၅၆)နေ ဒေါ်ငွေစိန်၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါက်တာဒေါ်အေးအေးမွန်၏ဖခင်၊ ဒေါက်တာစုစုမွန်၏အဘိုးသည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) ည ၇း၀၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အေးရှားဝေါလ်ကုမ္ပဏီမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကြာမိုး
အသက် (၈၈)နှစ်

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် (၅၆)နေ ဒေါ်ငွေစိန်၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါက်တာဒေါ်အေးအေးမွန်၏ဖခင်၊ ဒေါက်တာစုစုမွန်၏အဘိုးသည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) ည ၇း၀၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကြင်စောနှင့်အဖွဲ့

ခြံရောင်းမည်

၆၅'×၈၀'(ဂရန်အမည်ပေါက်) ရတနာပုံလမ်း၊ ၃၂ တိုးချဲ့၊ VIP၊ မြောက်ဒဂုံ

ဖုန်း-၀၉-၇၃၁၁၄၇၆၁၊ ၀၉-၄၃၀၃၉၇၂၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄၂၇၊ မြေကွက်တည်နေရာအမှတ် ၄၂၇၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဦးလေးထော် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလေးထော်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြရွှေ ၁၂/လကန(နိုင်)၀၃၆၂၁၈မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ လူနေရပ်ကွက်အမှတ် ၁၀၃၇၊ မြေကွက်တည်နေရာအမှတ် ၁၀၃၇၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း အမည်ပေါက် ဦးချစ်မောင် RGN-၀၀၈၇၃၉ နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်မောင် ကွယ်လွန်သဖြင့် ဒေါ်ကျင်လှိုင် ၁၂/ဥကတ(နိုင်)၀၂၀၅၁၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဟံသာဝတီဦးဝင်းတင်
အသက် (၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် အသက် (၈၅)နှစ်သည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) ကွယ်လွန်ခြင်းအတွက် အတိုင်းမသိ အထူးဝမ်းနည်းရပါကြောင်း။

ဦးအေးသာအောင် မိသားစု
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၆၁၉/က)၊ မြေကွက်တည်နေရာအမှတ်(၆၁၉/က)၊ ဂန့်ဂေါရိပ်သာလမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်လှကြီး ၁၂/သဃက(နိုင်)၀၂၆၀၄၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြီး(မိခင်)နှင့် ဦးတင်မောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်တင်တင်မူ ၁၂/သဃက(နိုင်)၀၂၅၃၃၀၊ ၂။ ဦးဟန်ရှိန် ၁၂/သဃက(နိုင်)၀၂၅၉၂၅၊ ၃။ ဒေါ်အမာကြည် ၁၂/သဃက(နိုင်)၀၂၅၅၂၂၊ ၄။ ဦးဟန်စိန် ၁၂/သဃက(နိုင်)၀၂၉၉၈၂၊ ၅။ ဒေါ်အမာစီ ၁၂/သဃက(နိုင်)၀၂၅၃၃၁၊ ၆။ ဒေါ်နီနီလွင် ၁၂/သဃက(နိုင်)၀၂၅၃၃၂၊ ၇။ ဒေါ်တင်ထွေး ၁၂/သဃက(နိုင်)၀၂၅၅၂၃၊ ၈။ ဒေါ်ထွေးထွေးရင် ၁၂/သဃက(နိုင်)၀၂၅၅၂၄၊ ၉။ ဒေါ်နီနီနွယ် ၁၂/သဃက(နိုင်)၀၃၇၅၂၀၊ ၁၀။ ဒေါ်သက်မာထွေး ၁၂/သဃက(နိုင်)၀၃၇၅၈၂တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် GP No.(၇၆၇၀/၁၃-၃-၂၀၁၄)၊ (၇၆၆၉/၁၃-၃-၂၀၁၄)ရသူ ဒေါ်သန်းသန်းဦး ၇/မလန(နိုင်)၀၆၄၅၈၂ မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ယမုံနာ၊ မြေကွက်အမှတ် ခ/၁၃၆၊ မြေကွက်တည်နေရာအမှတ် ၄၃၀၊ အထက်လမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ကျင်အုံးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်အုံး(ဇနီး) ကွယ်လွန်သဖြင့် ဦးစောထွန်းဖြူ ၁၂/ဒပန(နိုင်)၀၁၉၁၄၅ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ ၁၊ မြေကွက်အမှတ် ခ/၁၃၈၊ မြေကွက်တည်နေရာအမှတ် ၄၂၈၊ ၁၆လမ်း (အထက်)၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြကြည်+ဦးဝင်းကြည်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြကြည်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်အောင် ၁၂/ဒပန(နိုင်)၀၁၉၁၃၄နှင့် ကျန်အမည်ပေါက် ဦးဝင်းကြည်(ကွယ်လွန်)သဖြင့် ၎င်း၏အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အေးအေးမူ ၁၂/ဗဟန(နိုင်)၀၃၄၃၃၆ထံမှ GP $\frac{၅၅၂/၁၄}{၇-၁-၁၄}$ ရရှိသူ ဦးရှောဖီအုလ္လာ(ခ)ဦးဝင်းနိုင် HDG MNTT-၀၄၂၃၂၁ က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဟံသာဝတီဦးဝင်းတင်
အသက် (၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စာရေးဆရာကြီး သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် အသက် (၈၅)နှစ်သည် ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့) ကွယ်လွန်ခြင်းအတွက် နိုင်ငံရေးနှင့်ဒီမိုကရေစီ အင်အားစုများအားလုံးအတွက် အတိုင်းမသိ အထူးဝမ်းနည်းရပါကြောင်း။

ရခိုင်အမျိုးသားပါတီ (ANP)

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲမင်း (ဒု-ညွှန်/ချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် (အငြိမ်းစားကျောင်းဆရာကြီး)သည် ၂၃-၄-၂၀၁၄ရက် ညနေ ၆နာရီတွင် ဆီမီးကန်ကျေးရွာနေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီ မိသားစု
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး) (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည်၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦး မိသားစု
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး) (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်ဇော်နှင့်ဇနီး (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)
(ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ ဖခင် ဦးအောင်ကြည်သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်မြင့်(ခ)ဦးတွာတိုင်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ် A 4၊ အခန်း ၀၀၂နေ ဒေါ်နီ၏ခင်ပွန်း၊ ဒေါ်ထွေးသိန်း-ဦးကြည်သိန်း၊ ဒေါ်ဝင်းဝင်း-ဦးစိန်လှိုင်၊ ဒေါ်လှမြင့်၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးလွင်-ဦးတင်ဝင်း၊ ဒေါ်မြင့်မြင့်စန်း-ဦးကျော်ဦး၊ ဦးကံညွှန့်-ဒေါ်စန်းစန်းအိ၊ ဒေါ်ချယ်လီထွေး-ဦးထွန်းထွန်းတို့၏ ဖခင်၊ မြေး ၁၃ယောက်၊ မြစ် ငါးယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးခင်လှ အသက်(၇၁)နှစ်

၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးခင်လှအား နာမကျန်းဖြစ်စဉ် စောင့်ရှောက်ကုသပေးပါသော သီရိစန္ဒာဆေးရုံမှ M.D ဦးတင်မြင့်နှင့် ဆရာဝန်ကြီးများ၊ ဂရုတစိုက်ပြုစုပေးပါသော သူနာပြုများ၊ ဝန်ထမ်းများ၊ ရန်ကုန်ဆေးရုံကြီး၊ မျက်နှာနှင့်မေးရိုးဌာနမှ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နာမကျန်းဖြစ်စဉ် ဝိုင်းဝန်းကူညီပေးကြသော ညီအစ်ကိုမောင်နှမများ၊ တူ၊ တူမများ၊ ဦးခင်လှ၏ နောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်ပေးကြသူများ၊ ဝိုင်းဝန်းကူညီကြသူများ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ သတင်းမေးကြသူများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ စိန်ရတနာ နာရေးကူညီမှုအသင်းနှင့် နံ့သာသင်္ဂဟအသင်းမှ ကူညီကြသူများ၊ အဝေယာလမ်းသူ/လမ်းသားများအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ အုတ်တံတိုင်း၊
ရေတွင်း၊ ရေကန်၊ ရေစက်၊ ထာဝရငွေပဒေသာပင် ဒါယိကာမကြီး
ဒေါ်စန်းစန်းတင် (အထက်တန်းပြဆရာမ၊ ငြိမ်း)
(အုတ်ဖိုရွာ၊ တောင်သာမြို့နယ်)
အသက်(၅၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အုတ်ဖိုကျေးရွာနေ (ဦးစောလှ-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၃၈၄နေ (ဦးအောင်စ-ဒေါ်စောဥ)တို့၏သမီးချွေးမ၊ ဦးခင်မောင်ကြည်(ခ) ဦးမောင်မောင်ကြည်၏ဇနီး၊ ဗိုလ်ဒေါ်စုစုစံ [အမှတ်(၂) (ခုတင်-၇၀၀)တပ်မတော်ဆေးရုံ၊ အောင်ပန်းမြို့]၊ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းအောင်ထက်အောင်[အမှတ်(၁)(ခုတင်-၇၀၀)၊ တပ်မတော်ဆေးရုံ၊ ပြင်ဦးလွင်မြို့]၊ မောင်အောင်သက်ချွန်(စတုတ္ထနှစ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏မိခင်သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အပူပိုင်းဒေသ စိမ်းစိုဖို့
သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို M.Sc (Forestry)
ပါမောက္ခ(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၆၆)နှစ်

ဦးထွန်းညို(ပါမောက္ခ-ငြိမ်း၊ သစ်တောတက္ကသိုလ်)သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေးမြင့်မောင်-မေသက်ထွန်း

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဇော်မင်း (ငြိမ်း) အသက်(၇၈)နှစ်
ကြည်း-၈၅၈၁၊ O.T.S (26)
မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)

ဒေါ်အေးအေးဇော် (ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၏ဖခင် ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)သည် ၂၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဇော်မင်း (ငြိမ်း)
အသက်(၇၈)နှစ်

သူငယ်ချင်း ကိုညီညီလွင်-ဗိုလ်ကြီးစန်းစန်းလွင်(ငြိမ်း)တို့၏ဖခင် ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)သည် ၂၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဇော်မျိုး-ကြော့ဝတ်မှုံ၊ ဇော်ထွန်း-မြင့်မြင့်အေး၊ ကျော်ဇောမိုး-ဝင်းပပ၊
သက်အောင်-မြဉမ္မာဆွေ၊ မိုးသီတာအောင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးနထန်း အသက်(၇၅)နှစ်
ဖလမ်းမဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနထန်း အသက်(၇၅)နှစ် (ဘ)ဦးဟရလွယ်သည် ၂၃-၄-၂၀၁၄ ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးချစ်ဟန် (ကျောင်းကုန်းမြို့)
(စိန်ရွှေရတနာကုန်သည်)
အသက်(၉၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် ၄၃၊ ကမ်းနားလမ်း၊ ကျောင်းကုန်းမြို့နေ ဦးစစ်ထောင် -ဒေါ်မေပုတို့၏သားထွေး၊ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ ကိုခင်မောင်ဇော်-မဇင်ဝင်းမွန်၊ ကိုနေမျိုးဇော်-မနီဝါလှိုင်၊ ကိုအောင်မျိုးဇော်-မစန္ဒာစိုး၊ ကိုနေခြည်မောင်-မဇင်မင်းသွယ်၊ မောင်သော်ထွန်း၊ မအေးငြိမ်းမွန်၊မောင်ဖြိုးဝေဇင်တို့၏အဘိုး၊ မစန္ဒကူးလှိုင်၊မယုဇနလှိုင်၊ မောင်သူရိန်လင်း၊ မောင်အောင်ဘုန်းပြည့်တို့၏ဘိုးဘိုးကြီးသည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၀နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၁၂၉(ခ)၊ မြေညီ၊ ၅၁လမ်း၊အလယ်နေအိမ်၌ ကွယ်လွန်သွားပါသောကြောင့် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေး၊မြစ်တစ်စု

ဝမ်းနည်းကြေကွဲခြင်း

ဦးကြာမိုး
အသက် (၈၈)နှစ်

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် ၅၆ နေ ဒေါ်ငွေစိန်၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါက်တာဒေါ်အေးအေးမွန်၏ဖခင်၊ ဒေါက်တာစုစုမွန်၏အဘိုးသည် ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့) ည ၇း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဉာဏ်ဝင်းနှင့်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သောင်းညွှန့် (ပန်းခိုင်ကျေးရွာ၊ ဒိုက်ဦးမြို့နယ်)
အသက် (၉၅)နှစ်

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ တွဲဖက်အတွင်းရေးမှူး (၂) ဦးအုန်းသွင်-ဒေါ်ခိုင်ခိုင်မြင့်တို့၏ မွေးသမိခင် ဒေါ်သောင်းညွှန့် အသက် (၉၅) နှစ်သည် ၁၇-၄-၂၀၁၄ရက်(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံဆီကုန်သည်နှင့်
ဆီလုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို[ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန ယခင် ကချင်ပြည်နယ် သစ်တောဦးစီးမှူး] အသက် (၆၅)နှစ်သည် ၂၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး
အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီးမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း
ဘန့်ဘွေးကုန်း ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၆)ဝါ

သဘာဝခေါ်သံဖောင်ဒေးရှင်း၏ အကိုးကွယ်ခံ၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော်ခရမ်းလေးကျေးရွာအုပ်စု၊ဘန့်ဘွေးကုန်းကျေးရွာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ဝိနည်းဓိုရ် သာသနာ့နန္ဒဒီပကျောင်းတိုက်ကြီး၏ဦးစီးနာယက ဘဒ္ဒန္တနန္ဒိယ ဆရာတော်ကြီးသည် ၁၅-၄-၂၀၁၄ ရက် နံနက် ၉း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ဘန့်ဘွေးကုန်းကျေးရွာ၌ အန္တိမအဂ္ဂိဈာပန ပူဇော်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ တစ်လပြည့် အထိမ်းအမှတ် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ကုဏ္ဍာရာမကျောင်းတိုက်၊ ကြို့ကုန်းအောင်မြေ ရွှေဂူကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့၊ ဇေယျာသီဝံမြို့မကျောင်းတိုက်ကြီး၏ ပဓာနနာယက ဖြစ်တော်မူ၍ ကျောက်ထီးတန္ဒူ အလေးပြုအပ်သော တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့၏ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော သက်တော် (၇၉)နှစ် ဝါတော် (၅၉)ဝါရှိ ဆရာတော်ဘဒ္ဒန္တပညာဝံသ(သာသနာ့ဓဇဓမ္မာစရိယ) မိုးကုတ်ဝိပဿနာ အမှတ် ၁၁၃၏ ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော မထေရ်မြတ်ကြီး၏ တစ်လပြည့် အထိမ်းအမှတ်အဖြစ်ရည်စူးကာ လှူဒါန်းမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီ
နေရာ - ကုဏ္ဍာရာမကျောင်းတိုက်
နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ရဟန်းအမကြီး
ဒေါ်စောသင် အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ ဇမ္ဗူသိင်္ဂီလမ်း၊ အမှတ် ၅နေ(ဦးသာခင်-ဒေါ်စိန်)တို့၏သမီး၊ (ဦးမြင့်မောင်၊ ဒီဇိုင်းပန်းချီ)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သြဘာလမ်း၊ အမှတ် ၁၄နေ ဒေါ်ကြူကြူစော၊ ဦးခင်မောင်လင်း-ဒေါ်ခင်လှိုင်ဝင်း၊ (ဦးစိန်ဝင်း)-ဒေါ်စိန်စိန်၊ ဦးအေးကျော်-ဒေါ်ခင်ခင်အုန်း၊ ဦးစိန်လင်းတို့၏အဒေါ်၊ ဦးသန်းချို-ဒေါ်တင်တင်နု၊ ဦးခင်ဇော်မောင်-ဒေါ်ခင်ခင်သစ်၊ ဦးဝင်းမောင်မောင်၊ ဦးဂန္ဓာမာရသ(ခ) ဦးကျော်စောမောင်-ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းပေါ်မောင်-ဒေါ်မာလာရွှေတို့၏မိခင်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကျောက်မြောင်း၊ သြဘာလမ်း၊ အမှတ် ၁၄၊ ဒေါ်ကြူကြူစော နေအိမ်နှင့် သဃ်န်းကျွန်း၊ ဗိုလ်ကံညွှန့်ရပ်ကွက် ဓမ္မာရုံတို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး(Annie Maw)
(ညောင်တုန်းမြို့)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၈နေ (စက်ရှင်တရားသူကြီး ဦးဘမော် - ဒေါ်သန်း)တို့၏သမီး၊ (ဦးတင်ဝင်း၊ ညွှန်/မှူး၊ ငြိမ်း၊ပြည်တွင်းအခွန်)၏ဇနီး၊ ဦးအောင်ကျော်ဝင်း၊ ဦးညီညီ-ဒေါ်နီနီခင်၊ ဦးဇော်ဝင်း-ဒေါ်မြတ်မြတ်မွန်(AGD-Bank)၊ ဦးသန်းဝင်း၊ ဒေါ်ခင်လေးဝင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်အေးဝင်းတို့၏ မိခင်၊ မဆက်ဆက်ညီညီဇော်၊ မောင်ကိုးမော်ညီဇော်-မဝတ်ရည်လွင်တို့၏ဘွားဘွားကြီးသည် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်ကြီး
(တပ်မတော် -လေ၊ ငြိမ်း)
အသက် (၈၅)နှစ်

ဗိုလ်မှူးကြီးဇော်မင်း(တပ်မတော်-လေ၊ ငြိမ်း) (လေယာဉ်မှူးကြီး Air Bagan) -ဒေါ်နီလာညွှန့်၏ ကျေးဇူးရှင်ဖခင်သည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ
အဲပုဂံလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဦးမင်းဇော် ဒုမီးသတ်ဦးစီးမှူး(ရွှေကျင်)
အသက် (၃၁)နှစ်

ဒေါ်ဟန်သီအောင်၏ခင်ပွန်း၊ မခိုင်ဝါဝါဦး၏ဖခင် ဦးမင်းဇော်(ဒုမီးသတ်ဦးစီးမှူး၊ ရွှေကျင်မြို့နယ် မီးသတ်စခန်း)သည် ၁၇-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မီးသတ်တပ်စုမှူးလောင်း အမှတ်စဉ်(၁၀)မှ
သူငယ်ချင်းများ

မောင်အာကာဝင်း အသက်(၃၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၂၄၊ လေးလွှာ(A)နေ (ဦးလှမောင်)-ဒေါ်ရီရီ၊ (ဦးစံမြ-ဒေါ်စောသိန်း)တို့၏မြေး၊ ဦးရွှေဝင်း -ဒေါ်စန်းစန်းရီတို့၏တစ်ဦးတည်းသောသား၊ ဦးရဲကျော်သူ-ဒေါ်သူဇာသက်ဖေတို့၏မောင်၊ မနွေးနွေးအိ၏အစ်ကို၊ မောင်ကောင်းစစ်ထက်၏ဦးလေးသည် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)၊ (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)၊ (ဆီမီးကန်ကျေးရွာ)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးချစ်ထွန်း-ဒေါ်နန်းပေါ)တို့၏သား၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်ကြည်သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)၊ (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)၊ (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး) - ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့်ဇနီး ဒေါ်အေးအေးသန်း မိသားစု
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) ကြည်း/၈၅၈၁၊ O.T.S(26)
အသက်(၇၈)နှစ်

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)သည် ၂၂-၄-၂၀၁၄ရက် ည ၉း၅၇နာရီတွင် ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၁/၂၁၈နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ခမရ(၁၀၅)တွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သား အရာရှိ/စစ်သည်မိသားစု**

ဒေါ်ဝင်းမင်းသန်း (ညောင်လေးပင်)
အသက်(၅၉)နှစ်

ညောင်လေးပင်မြို့နေ (ဦးစိန်နီ-ဒေါ်သန်းမြ)တို့၏သမီး၊ အသုတ်မြို့နေ ဦးချမ်းညောင်-(ဒေါ်ခင်စိန်)တို့၏ချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ ၂၈/၆၇၈နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးရဲလင်းအောင်(ဟိုပုန်း)-ဒေါ်နီနီစိုး၊ မနှင်းဝင်းဝင်းအောင်(အမက-၁၀၊ ဒဂုံမြောက်)တို့၏မိခင်၊ မောင်ထင်အောင်ခန့်၏အဘွား၊ ဦးမြင့်ဆွေ-ဒေါ်နုနုရီ၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဒေါက်တာဇော်လှဘူး-ဒေါ်ဝင်းဝင်းမော်တို့၏အစ်မသည် ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးရွှေသိန်း (ဖားအောက်ရွာ)
အသက်(၆၆)နှစ်

မွန်ပြည်နယ်၊မုဒုံမြို့နယ်၊ ဖားအောက်ကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်စန်းတင်)တို့၏သား၊(ဦးအောင်-ဒေါ်ငွေပုံ)တို့၏သမက်၊ ဒေါ်ငွေဝင်း၏ခင်ပွန်း၊ ဦးဖုန်းမြင့်(ကောင်းစေသော်ဒီဇယ်ပန့်နော်ဇယ်ပြုပြင်ရေး)-ဒေါ်စုစုအေး၊ ဦးအောင်ကျော်ဦး-မသန်းသန်းဌေးတို့၏ ဖခင်၊ မောင်ကျော်ဇေယျဖြိုး၊ မောင်အောင်ကောင်းမြတ်၊ မအေးမြတ်မွန်၊ မဝင်းလဲ့ချိုတို့၏အဘိုးသည် ၂၅-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၀၀း၁၅နာရီတွင် အမှတ် ၁၉၂၊ နွယ်သာကီလမ်း၊ (၃၀)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဇော်ဇော်အောင်
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၃ လမ်း၊ အမှတ် ၁၅နေ (ဦးအောင်ကြိုင်)-ဒေါ်စောမြတို့၏သား၊ (ဦးကိုဇင်-ဒေါ်စမ်းရီ)တို့၏သားသမက်၊ ဒေါ်အေးအေးဇင်၏ခင်ပွန်း၊ မောင်ခန့်ကျော်သူ (Grade-11၊ မြန်မာရာဇ)၏ ဖခင်၊ ဦးခင်ဇော်-ဒေါ်ချိုချိုစိုး၊ ဒေါ်ခင်မြမွန် (ထ-၂၊ ဗဟန်း)၊ (ဗိုလ်ကြီးအောင်မျိုးသိမ်း) - ဒေါ်ခင်စောဝင်း (ဒု-လက်ထောက် ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန)၊ ဗိုလ်မှူးဝင်းကို(ငြိမ်း)-ဒေါ်ခင်စောကြိုင်၊ ဦးကျော်မင်းဇော် (လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်ခင်စောသီတာကြိုင်တို့၏မောင်၊ကိုဇော်မင်းအောင် - မခင်ပပဟန်ညွန့်တို့၏ အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေရီလွယ်ခန့်နွမ်း(Mary Nang) အသက်(၇၃)နှစ်
Pi Mary Luai Khan Nuam
မန်နေဂျာ(ငြိမ်း)၊ စားထွေ/ကုန်သွယ်လယ်ယာ

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်နေ (ဗိုလ်ကြီး Kham Za Nang-Pi Man Cin)တို့၏သမီးထွေး၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ ထုတ်လိုင်ကျေးရွာနေ (ကျောင်းဆရာကြီး Pu Khai Kho Thang- Pi Vung Mang)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာဝတီအိမ်ရာ၊ တိုက်(C)၊ အခန်း ၃၀၂နေ Pu Ngo Cin Mang ဦးဒိုကျင့်မန်(ခေတ္တ-ဂျပန်)၏ဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ Lia Mang Cing Khai, Lia Cing Lam Mang, Lia Thang Lam Cing၊ တောင်အာဖရိကနိုင်ငံ Pretoria နေ Lia Cin Sian Lian Cing (ယုဇနတင်)- Pa Pome Thian Khai တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ဒေသစံတော်ချိန် ည ၇း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် (စနေနေ့)တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ Shinagawa, Gotenyama garden,Gloria Chapel ဘုရားကျောင်း၌ မွန်းတည့် ၁၂နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတိုးလှိုင်(ခ)ဦးတက်တိုး (တဆ-၃၈၆၆)
မြန်မာတိုင်းရင်းဆေးဆရာကြီး
ဆရာဘိန်း ဆရာလှဆေးတိုက်ပိုင်ရှင်
အမှုဆောင်အဖွဲ့ဝင်(စာရင်းစစ်)
ရန်ကုန်ပရိယတ္တိသာသနနုဂ္ဂဟဆန်လှူအသင်း၊ ကြည့်မြင်တိုင်
အသက်(၆၃)နှစ်

အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဆရာဘိန်း ဆရာလှဆေးတိုက်နေ (ဦးလှမော်-ဒေါ်ငွေတင်)တို့၏သားထွေး၊ (ဆရာညိမ်း)၊ (ဦးမောင်မောင်လှ)တို့၏တူသား၊ (ဒေါ်သိန်းသိန်းတင်)၊ (ဦးအောင်ဝေ-ဒေါ်စောကြည်)၊ (ဦးတင်ထွဋ်-ဒေါ်အေးမြင့်)၊(ဦးဝင်းဖေ)-ဒေါ်ဝင်းဝင်းသောင်း(ကျောင်းအုပ်ကြီး၊ငြိမ်း)၊ ဒေါ်စိန် စိန်မြင့်တို့၏ညီ/မောင်သည် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းထွဋ် (ပြည်မြို့)
အသက်(၆၀)

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဦးသောင်းတင်-ဒေါ်ခင်ရီတို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးသန်းထွန်း)-ဒေါ်နွဲ့နွဲ့တို့၏သမက်၊ ပြည်မြို့၊ ရွှေဘုန်းရှိန်ရွှေဆိုင် ဦးနေဇော်လင်း-ဒေါ်ခင်ဆွေဝင်းတို့၏ညီ၊ ရန်ကုန်မြို့နေ ဦးမြတ်ဇော်-ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးသောင်း၊ ဦးမောင်မောင်-ဒေါ်စန္ဒာသောင်းတင်တို့၏အစ်ကို၊ ပြည်မြို့၊ပန်းထိမ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်နေ ဒေါ်မီမီထွန်း၏ခင်ပွန်း၊ ဒေါ်သီရိထွဋ်(ယူနိုက်တက် အမရဘဏ်ခွဲ၊ပြည်)၊ မောင်ပြည်ညီမိုးထွဋ်-မခင်ခင်ဆင့်၊ မောင်သော်ဇင်ထွဋ်-မအိအိချောတို့၏ဖခင်၊ မောင်ဟိန်းတေဇ၊ မောင်ဟိန်းသူရတို့၏အဘိုးသည် ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်
စာရင်းစစ်မှူး(ငြိမ်း)
စာရင်းစစ်ချုပ်ရုံး
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၁လမ်း၊ အမှတ် ၃၆၇နေ (ဦးတင်အေး-ဒေါ်စန်း)တို့၏သား၊ (ဦးကိုကိုကြီး)၊ ဦးခင်မောင်လတ် - ဒေါ်ခင်စန်းတို့၏ ညီ/မောင်၊ ဦးမျိုးခင်-ဒေါ်ကျင်သောင်း၊ ဒေါ်နွယ်နီ၊ ဦးတင်ထွဋ်-ဒေါ်စန်းစန်းအေး၊ဦးစိုးလှမြင့်-ဒေါ်သက်မာ၊ ဦးသက်နိုင်-ဒေါ်ခင်ဝေ၊ ဦးခင်မောင်မြတ်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးဇော်မင်း-ဒေါ်နီနီစန်း၊ ဦးကျော်မင်း-ဒေါ်အိအိဝင်း၊ ဒေါ်အိမို့မို့စံတို့၏အစ်ကို၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၂၉၉/၁၃၀၀နေ ဒေါ်ခင်ရီထွန်း(ခ)မတာ(စာရင်းစစ်မှူး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်အေးထွန်း(ခေတ္တ-ကာတာ)-ဒေါ်သဇင်စိုး၊ ဦးဇေယျာဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စုလှိုင်ထွန်း(မြို့နယ်ဥပဒေအရာရှိ၊ ညောင်ရွှေမြို့)၊ ကိုသက်ခိုင်လင်း(MTM Co,. Ltd.) တို့၏ဖခင်၊ မအေးပြည့်စုံပိုင်၊ မောင်မင်းပုညတို့၏ ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)နံနက်ပိုင်းတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စန်းစန်းတင့်
အလပြ(ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊သုဓမ္မာလမ်းမကြီး၊အမှတ် ၃၈၄နေ အသင်းဝင် ဦးခင်မောင်ကြည် (ဒု-အကောက်ခွန်မှူး၊ ငြိမ်း)၏ ဇနီးသည် ၂၃-၄-၂၀၁၄ရက်တွင်ကွယ်လွန်သွားပါသဖြင့်၂၇-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဇင်မြင့်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၁/ခ၊ ရွှေမန်းမြိုင်လမ်းသွယ်၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှဖေ-ဒေါ်လှမေ)တို့၏ သား၊(ဦးထွေး-ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဒေါ်မမကြီး၏ခင်ပွန်း၊ ဒေါ်မိမိကြီး၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်စိုးဝင်းထွေး၊ ဦးမျိုးအောင် - ဒေါ်ခင်စိမ်းဝင်းထွေးတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မခင်မာချို
34 Store
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၃၄နေ (ဦးတွမ်တီး)-ဒေါ်ကျင်သိန်းတို့၏သမီး၊အမှတ် ၂၃၊ ၁၆၄လမ်းနေ ဦးဘိုသွင်-ဒေါ်ရင်အုံး(ဒေါ်ရင်အုံးစတိုး)တို့၏ချွေးမ၊ဦးခင်ထွန်း(ခ)ကိုနီတွတ်-ဒေါ်အေးအေးထွေး (စိန်ပန်း မွေးမြူရေးအစားအစာ)-ဒေါ်ခင်မာအေး(ခ)မတူးမာ၊ ဒေါ်ခင်မာစန်း(ခ)မစန်းသုန် (လဝက၊ စစ်ကိုင်းခရိုင်ဦးစီးဌာနမှူးရုံး)တို့၏ညီမ၊ ကိုကျော်လွင်ထွန်း(ခ)ဖိုးကျော်၊ မခင်သီတာ၊ မခင်မာသွင်တို့၏အစ်မ၊ ကိုစိန်သွင်ဦး(ခ)ကိုကျော်ကျော်ဦး (34 Store) ၏ ဇနီး၊ မောင်မင်းခန့်ကျော်ဦး (Grade-9,A၊ အလက-၁၊ ဒဂုံ)၊ မရွှေရတီကျော်ဦး(Grade-7,A၊ အလက-၁၊ဒဂုံ)တို့၏ မိခင်၊ မောင်အောင်ခိုင်ဟိန်း၊ မချောစုစုထွေးတို့၏အဒေါ်သည် ၂၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး ဖူကျန်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောရင် (လိန်ကုန်း)
(အောင်ဓမ္မရိပ်သာယောဂီ)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ် ၁၅၁နေ (ဦးနီ-ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးမောင်တင်-ဒေါ်ငွေမှတ်)တို့၏ချွေးမ၊(ဦးကြီးမောင်)၏ညီမ၊ ဒေါ်အုန်းမြ၏အစ်မ၊ (ဦးစံကြည်)၏ဇနီး၊ ဦးပိုင်၊ ဦးအုန်းကြွယ်(အကောက်ခွန်၊ ငြိမ်း)-ဒေါ်နီနီ (မူပြ၊ ငြိမ်း)၊ ဦးခင်အောင် (ဒုတိုင်းဘဏ်မန်နေဂျာ၊ ငြိမ်း) - ဒေါ်ကြည်ကြည်ဌေး(အထပြ၊ ငြိမ်း)၊ ဦးခင်ဝင်း (ဒုညွှန်မှူး၊ ကြေး/မြေ၊ ငြိမ်း)-ဒေါ်ခင်မာအေး၊ ဦးစန်းဝင်း (လ/ထ ညွှန်မှူး၊ စစစ၊ ဧရာဝတီတိုင်းရုံး)-ဒေါ်သီတာဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)နံနက်၀၀း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကြည်
ဌာနစုမှူး(ငြိမ်း)
ကွေ/မြေ၊ စက်မှု(၁)
အသက်(၈၅)နှစ်

မကွေးတိုင်းဒေသကြီး၊ မြင်ကွန်းမြို့နေ (ဦးမောင်ကြီး-ဒေါ်ညက်)တို့၏ သားကြီး၊ (ဒေါ်တင်ထွေး)၏ခင်ပွန်း၊ (ဦးခင်မောင်အေး - ဒေါ်တင်လှ)တို့၏ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးဉာဏ်စိုး (ငြိမ်း)-ဒေါ်ရင်ရင်မော်(S.A.T၊ငြိမ်း)၊ (ဗိုလ်ကြီးအောင်မော်ဦး)၊ ဦးရဲမော်ဦး-ဒေါ်လှလှဝင်း၊ဦးသက်မော်ဦး၊ ဦးကျော်မော်ဦး - ဒေါ်တင်မိုးလှိုင်တို့၏ ဖခင်၊ မောင်ထက်မြက်အောင်၊ မနှင်းပွင့်အောင်၊ မကြည်ဇင်ရဲသွယ်၊ မစုစုငယ်၊ မအိအိသဲ၊ မစုမွန်ကျော်၊ မောင်ထက်ဝေယံတို့၏အဘိုးသည် ၂၅-၄-၂၀၁၄ ရက် နံနက် ၃နာရီတွင် အမှတ် ၃၆၃၊ ရွှေနှင်းဆီ ၇လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက် နံနက်၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြည်(ခ)
ဒေါ်ရွှေနီ (မော်ဘီ)
(စိန်ဇမ္ဗူရတနာရွှေဆိုင်)
အသက်(၈၄)နှစ်

မော်ဘီမြို့နေ(ဦးပိုးဆောင်-ဒေါ်အေးမိ)တို့၏သမီး၊ အမှတ် ၄၄၃၊ သရက်တောလမ်း၊ (၃)ရပ်ကွက်နေ (ဦးအုန်းကြိုင်)၏ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်ပုလဲ၊ ဒေါ်စိုးစိုးဝင်း(ကထိက၊ကုန်ထုတ်ဓာတုဗေဒဌာန၊ ငြိမ်း)၊ ဦးလှမျိုး-ဒေါ်ချိုချိုဝင်း၊ ဦးသိန်းဝင်း - ဒေါ်ဖြူဖြူအေး (Beautyland Hotel)၊ ဒေါ်ဝင်းမြင့်အေး(ခ)အန်တီမီးမီး(စိန်ဇမ္ဗူ ရတနာရွှေဆိုင်)၊ ဦးတင်အောင်ဝင်း-ဒေါ်နွယ်နွယ်အုန်း (Beautyland Hotel-2) တို့၏မိခင်ကြီးသည် ၂၅-၄-၂၀၁၄ ရက် နံနက် ၆း၄၅နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
နိုင်ငံခြားပြန် သျှတ္တရပညာရှင်
ဆရာ မင်းကျော်ခေါင်(ခ)
ဦးကျော်မြင့်
အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ဇော်-ဒေါ်ခင်စီ)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊အမှတ် ၈၀နေ ဒေါ်လွင်လွင်ထား၏ခင်ပွန်း၊ ဦးကျော်နေဦး၊ ဒေါ်သင်းသွယ်သွယ်၊ ဦးမျိုးမင်းယု-ဒေါ်မင်းသန်းသန်းထိုက် (ဖြူနှင်းထိုက်)၊ ဦးမိုးကျော်ခိုင်(စွမ်းရဲထွဋ်)၊ ဒေါ်မို့မို့ကျော်မြင့်၊ဒေါ်ဇင်ထိုက်လွင်တို့၏ဖခင်သည်၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝိစိတ္တ
သက်တော်(၅၅)နှစ်၊ သိက္ခာတော်(၃၄)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ငါးဆူတိုက်၊ ပါဠိဝါစီကျောင်းဆရာတော်သည် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်) ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ

ဦးခင်မောင်မြင့်(ခ)ကိုချိုကြီး
(MICHAEL VANDOCKUM)
အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်း
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏သားသမက်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်နီနီ၏ညီ၊ (ဦးဆန်းအောင်ကြည်)-ဒေါ်သန်းသန်းဌေး(မြို့နယ်တရားသူကြီး၊ စည်ပင်)၊ ဒေါ်အေးအေးဇင်၊ ဦးဝေလင်း-ဒေါ်ခင်ဝင်းမေ၊ ဦးစိန်လင်း-ဒေါ်ဆွေဆွေခွန့်တို့၏အစ်ကို၊ သားသမီးငါးယောက်တို့၏ဖခင်၊ တူ၊တူမ၁၂ယောက်တို့၏ဦးလေး၊မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အမှတ် ၁၈(ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်(ခ)ကိုချိုကြီး
(MICHAEL VANDOCKUM)
အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်း
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏သားသမက်၊ ဦးနေအောင်(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်မေဇင်နှင်းတို့၏အစ်ကို၊ ဒေါက်တာမျိုးမင်းလှိုင်-ဒေါ်အိမွန်အောင်၊ ဦးမင်းသိန်းတို့၏ဦးလေး၊ မောင်အောင်ဘုန်းလှိုင်(RORO)၏အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် အမှတ် ၁၈(ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မြေ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးမင်းနိုင်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၂၈(ဂ)၊ အခန်း D-5 နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ (ဦးအုန်းမောင်-ဒေါ်သန်းကြည်)တို့၏သားကြီး၊ (ဦးမြသိန်း - ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဦးသက်နိုင်ဦး-ဒေါ်သင်းသင်းလွင်၊ ဦးသက်နိုင်ထွေး-ဒေါ်မိုးသူဇာလှိုင်တို့၏ဖခင်၊ မဆုရတီနိုင်(အထက-၂၊ ရန်ကင်း)၏အဘိုးသည် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၉နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၄-၂၀၁၄ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev. Pianglawma
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၂၂နေ Lalchhiahliani ၏ခင်ပွန်း၊ Lydia Dinsangi-Peter Lalhmunzauva (U.S.A); Jacob Lalvunga-Lalthan mawii (U.S.A) Vanlaldika တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ ဇောနွေလဘုရားကျောင်းရှေ့နှင့် အင်းစိန် သရက်တောမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရန်နိုင်ထွန်း(ခ)
ဦးရွှေဖြိုး (Ex; R/O)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ တိုက်အမှတ် ၂၀၂၊ အခန်း ၂၅၊ ရန်ရှင်းလမ်းနေ (ဦးသာထွန်း-ဒေါ်သန်းသန်း)တို့၏သား၊ဦးဘင်စွမ်း-(ဒေါ်မြသိန်း)တို့၏သားသမက်၊ (ဒေါ်ခင်ခင်အေး)၊ (ဒေါ်ခင်ခင်ညွန့်)-ဦးစိုးကြည်အောင်၊ ဦးလှထွန်း-ဒေါ်နီလာဇံ၊ ဦးအောင်မျိုးသန့်-ဒေါ်သင်းသင်းတို့၏ ညီ/မောင်၊ ဒေါ်သင်းသင်းလှိုင် (အလက-၂၊ ရန်ကင်း၊ငြိမ်း)၏ခင်ပွန်း၊ မောင်အောင်မြတ်ဦး (Uniteam)၏ ဖခင်သည် ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီး/၉၄ မျိုးနေဝင်း
ကပအမ-၂၂၁၇၇၊
ရေတပ်ပင်မပစ္စည်းထိန်းတပ်
အသက်(၄၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးတင်မောင်)-ဒေါ်တင်ညိုတို့၏သား၊ ဦးခင်ဇော် - (ဒေါ်ထွေး)တို့၏ သားသမက်၊ ဦးဘိုမာ(ကပစ၊ ငြိမ်း)-ဒေါ်ဝင်းဝင်းဌေး၊ ဦးဘိုတာ (ရုံးမှူး၊ B.B.I)-ဒေါ်ခင်အေးစန်း (B.B.I)၊ ဦးအောင်ဆန်း (ဒုဦးစီးမှူး၊ မီးသတ်ဦးစီးဌာနရုံးချုပ်)-ဒေါ်စန်းစန်းဝင်း၊ ဦးမောင်မောင်သင် (ဒုအရာခံဗိုလ်၊ကကလုံ)-ဒေါ်မိုးမိုးမြင့် (စက်မှုဝန်ကြီးဌာန)တို့၏ ညီ/မောင်၊ မောင်သန့်ဇော်မျိုး၊ မခင်သူဇာဝင်း၊ မောင်မျိုးသန့်-မပန်းအိ၊ မောင်ထက်လင်းအောင်တို့၏ဖခင်၊ သန်လျင်မြို့၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်နေ ဒေါ်ကြည်ကြည်တိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အမျှပေးဝေ တရားနာယူခြင်းအား ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ ပိတောက်လိုင်း အမှတ် ၂၊ အခန်း ၃ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြည်သူများ၏ဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများ၏လိုလားချက်များကို လွှတ်တော်အတွင်းဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့ သုဝဏ္ဏခန်းမ၌ မွန်ပြည်နယ်သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းလာရေး *စာမျက်နှာ ၉ ကော်လံ ၅* ❁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

အရှေ့တောင်အာရှလူငယ် ပြေးခုန်ပစ်ပြိုင်ပွဲအတွက် မြန်မာအသင်းပြင်ဆင်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာပြေးခုန်ပစ်အဖွဲ့သည် လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် နိုင်ငံခုနစ်နိုင်ငံမှ အားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းသည် ကစားသမား ၆၀ ကျော်ဖြင့် အင်အားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ရည်မှန်းထားကြောင်း သိရသည်။ မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့သည် ယင်းပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှလွဲ၍ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း သိရှိရသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ကိုကိုစိုးညွန့်

မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့လေ့ကျင့်နေစဉ်။

အခြေခံပညာကျောင်းများတွင် ဓာတုဆိုးဆေးသုံး အစားအသောက်များပိတ်ပင်သင့်

ရန်ကုန် ဧပြီ ၂၅

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ အန္တရာယ်ရှိ ဓာတုဗေဒဆိုးဆေးတွေပါဝင်တဲ့ အစားအသောက်တွေ ရောင်းချနေတာကို လာမယ့် ကျောင်းဖွင့်ရာသီမှာ အပြီးသတ်ပိတ်ပင်နိုင်ဖို့ စီမံချက်တွေချမှတ်ပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့အဆိုကို လွှတ်တော်မှာ တင်သွင်းခဲ့တာဖြစ်ပါတယ်"ဟုရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ဧပြီ ၂၄ရက်က ကျင်းပသည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့)၌ လွှတ်တော်တက်ရောက်နေသော ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ဒေါ်ညိုညိုသင်းက မြန်မာ့အလင်းသို့ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံကျောင်းအများစုတွင် စားသောက်စရာများ ရောင်းချရာတွင် ကျောင်းသား ကျောင်းသူများအတွက် အသင့်စားမုန့်များ၊ အရောင်ဆိုးထားသောမုန့်များ၊ ကြာရှည်ခံမုန့်များနေရာယူရောင်းချလာမှုများပြားလာသည့်အပြင် ကျောင်းသားကျောင်းသူများက ဆွဲဆောင်မှုရှိသော အဆိုပါအစားအသောက်များ၊ အချိုရည်ဘူးများကို မက်မက်မောမော စားသုံးလာမှုကြောင့် ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိသည်။

"ကျွန်မ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကလေးဆေးရုံအချို့ကို ရောက်ရှိတဲ့အခါ အစားအသောက်တွေကြောင့် ကင်ဆာရောဂါခံစားနေရတဲ့ကလေးတွေ တွေ့ရှိခဲ့ရတော့ စိတ်မကောင်းဖြစ်မိတယ်။ *စာမျက်နှာ ၅ ကော်လံ ၄* ❖

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မုတ်သုံအဝင် ပုံမှန်ထက်နှစ်ပတ်ခန့် နောက်ကျနိုင် အပူချိန်ဆက်လက်မြင့်တက်နေဦးမည်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးထိခိုက်ဆုံးရှုံးမှုများနှင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများကို ကြုံတွေ့နေကြရသည်။ ထို့အပြင် မုတ်သုံဝင်ရောက်မှုမှာ ယမန်နှစ်ကလိုပင် နောက်ကျနိုင်ဖွယ်ရှိနေသဖြင့် အညာဒေသအချို့တွင် မိုးခေါ်လွန်ဆွဲခြင်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

"မိုးခေါ်တာကတော့ ဒေသခံတွေရဲ့ ရိုးရာယုံကြည်မှုပါ။ ဒါပေမယ့် မိုးလေဝသအနေအထားအရ ကြည့်မယ်ဆိုရင် မုတ်သုံနောက်ကျမှ ဝင်ရောက်လာဖို့ရှိတယ်။ အပူချိန်ကတော့ မိုးမရွာသေးတဲ့အတွက် ဆက်လက်မြင့်တက်နေဦးမှာ ဖြစ်ပါတယ်။ ခန့်မှန်းခြေအရ မုတ်သုံက မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေမှာ ပုံမှန်ဝင်ရောက်ချိန်ထက် နှစ်ပတ်နောက်ကျနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွေမှာတော့ ၁၀ ရက်ခန့် နောက်ကျနိုင်ပါတယ်"ဟု မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က ပြောကြားသည်။

မုတ်သုံဝင်ရောက်မှု နောက်ကျခြင်းကြောင့် အပူချိန်များလည်း ဆက်လက် မြင့်တက်ဦးမည်ဖြစ်ကာ ယခုနှစ် ဧပြီလအတွင်း ရှိသင့်သည့် ပျမ်းမျှအပူချိန်များထက် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် *စာမျက်နှာ ၁၀ ကော်လံ ၁* ■

သတင်း-ခင်ရတနာ
ဓာတ်ပုံ-ခင်လေးမြင့်အောင်

အင်အားအနည်းငယ်ရှိငလျင်လှုပ်

နေပြည်တော် ဧပြီ ၂၅

ယနေ့ နံနက် ၅ နာရီ ၁၉ မိနစ် ၄၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏အရှေ့မြောက်ဘက် ၁၈ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

ရေခဲမုန့်၊ Snack ပျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း

EAC

0973071901

09 421745022, 01-219073

သက်ရှည်ကျန်းမာအသက်(၁၀၀)နေလိုလျှင်

ဆေးဆိုက်ဆိုက်

တန်ဖိုး-၁၀၀၀/ကျပ်

အစွယ်လိုသူမိဟုရား အသွားစေနိုင်သူ မင်းကျော်စွာ လေးပစ်သူ ဘုရားကျွန်တော်

တန်ဖိုး-၁၀၀၀/ကျပ်

အင်္ဂလိပ်စကားပြောသင်ယူရအောင်

CD ပါ တန်ဖိုး-၁၀၀၀/ကျပ်

မဇ္ဈိမစာပေ၊ အမှတ်(၂၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMENT

အမှတ်စဉ် (၆) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ် (၆)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)

(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း **ဖြေဆို** ၊ **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ထက်များ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ သင်တန်းကာလ (၆)လ ကြာမြင့်ပြီး ၂၀၁၄ ခုနှစ် ဇူလ (၃)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration/ Finance and Banking (BBA)** ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA** ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူကြီးရောက်ရှိသတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် **BBA** ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက– အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် **(STI Education)** တွံ့တေးလမ်း (၅၃-၅၄ လမ်းကြား) ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး ပုဇွန်တောင်မြို့နယ်

ဖုန်း – ၀၉၄၂၀၀၀၇၇၀၀၊ ၀၉၄၂၀၀၀၃၀၅၅၊ ၀၇၇၉၉၈၈၊ ၅၀၁၀၅၁/၅၂၊ ၀၉၄၂၀၂၅၅၉၈၂

သူရိယ

မဂ္ဂဇင်း

---

21 AD @ BILLBOARD ADVERTISING

ပုသိမ်
လားရှိုး
မော်လမြိုင်
တောင်ကြီး
မုံရွာ
အမြန်လမ်း (ပဲခူးဂိတ်၊ နေပြည်တော်၊ မိတ္ထီလာ၊ တံတားဦးလေဆိပ်အနီး)
ရန်ကုန် (ဈေးလေး၊ ပြည်လမ်းမင်းဈေး၊ ကမ်းနားလမ်း၊ လှိုင်သာယာအနီး)

ကြော်ငြာများ တပ်ဆင်ရန်

☎ 01 377093 ☎ 373036 09 73043672 09 73200189

FAME

Nephrotec®

For healthy kidney

ကျောက်ကပ်ဆေး

TMR 012139 (0616)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

Rejuvir®

Phytoestrogen supplement

မျိုးမအားဆေး

TMR 007907 (1214)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ရွှေတော်ရှိ

တေရ

Myanmar Noble College

IGCSE တန်းခွဲသစ်များဖွင့်လှစ်ခြင်း

edexcel

- နိုင်ငံတကာတက္ကသိုလ်များသို့ တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် IGCSE စာမေးပွဲများအား Grading မြင့်မြင့်ဖြင့်အောင်မြင်ရေးသည် အရေးကြီးပါသည်။
- နှစ်ရှည်လများတက်ရောက်ရန်မလိုသည့် IGCSE တန်းခွဲအား အခြေခံပညာအလယ်တန်း(အဌမတန်း)အောင်နှင့် Secondary II အောင်မြင်ပြီးသူများကိုသာလက်ခံ၍ (၂)နှစ်တာကာလအတွင်း IGCSE ဝင်ခွင့်ဖြေဆိုနိုင်ရန်သင်ကြားပေးသွားပါမည်။
- Main Subject များအနေဖြင့် English,Mathematics,Physics,Chemistry (၄) ဘာသာနှင့် Further Pure Mathematics, Biology, Business(Eco) တို့မှ တစ်ဘာသာရွေးချယ်၍ (၅)ဘာသာသင်ယူနိုင်ပြီး A star နှင့် A Grade များထွက်ရှိအောင် သင်ကြားပေးသော ဆရာ/ဆရာမများဖြင့်ဖွဲ့စည်းသင်ကြားပေးပါမည်။
- IGCSE အောင်မြင်ပြီးနောက် နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များကိုတိုက်ရိုက်လျှောက်ထားနိုင်ခြင်းအပြင် Myanmar Noble College ရှိ HND သင်တန်းတက်ရောက်ပြီး UK, Singapore ရှိတက္ကသိုလ်များမှ Bachelor Degree များကိုရယူနိုင်ပါသည်။
- နိုင်ငံတကာမှလာရောက်ဖွင့်လှစ်ရင်းနှီးမြှုပ်နှံနေသည့်ကုမ္ပဏီ၊ စက်ရုံလုပ်ငန်းများတွင် လိုအပ်နေသည့်အကြီးတန်းအဆင့်အလုပ်အကိုင်နေရာများအတွက် ယှဉ်ပြိုင်နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြုဘွဲ့များအားရရှိရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ပါသည်။
- ၂၀၁၄- မေလ(တတိယပါတ်) တွင်ဖွင့်လှစ်မည်ဖြစ်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

No.(108), Hninsi Street (Upper), Ahlone Township, Yangon , Myanmar
Ph- 01- 220476, 09-73163975
www.myanmarnoblecollege.com

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၉၊ ငါးရံ့ချောင်း၊ ကွင်းအမှတ် ၆၇၂၊ ဦးပိုင်အမှတ် ၁၁၁/၃၏ အနောက်ဘက်ခြမ်း အလျား×အနံပေ(၃၀×၆၀) ဝင်းခြံခတ်ပြီး မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူအဖြစ် ဝန်ခံကတိပြုသူ ဒေါ်ထက်ထက်ဝေ ၅/မရန(နိုင်)၁၅၉၃၀၂နှင့် ဒေါ်လှမြတ်ဖြူ ၁၂/လမန(နိုင်)၁၂၉၀၁၁ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်မှစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်သူ

ဖုန်း–၀၉-၇၃၁၃၁၉၆၁၊ ၀၉-၇၃၀၆၃၈၈၃

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ချစ်ဖေဖေ ဦးမန်းသက်တင် (ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ကျေးဇူးရှင်ချစ်မေမေ ဒေါ်ယဉ်ယဉ်မြင့်တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သောသားသမီးများ၊ ချစ်သောမြေးနှင့်အတူ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော သားသမီးများ

ကိုမိုးသက်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ လယ်/ဆည်)
မကြည်ကြည်ဝင်း (BA.Myanmar)
မယုသက်သက်မော် (BA.Myanmar)

ချစ်သောမြေး

မိုးသက်သူသူထက်
(တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ပင်မတိုးချဲ့ဆောင်တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အောက်ပါတက္ကသိုလ်များတွင် ပင်မတိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	ပြည်ထောင်စုဝန်ကြီးရုံး	တိုးချဲ့ဆောက်လုပ်ခြင်း (လက်ဝဲဘက်ခြမ်း ၆၉'၈"× ၆၉'၈" နှစ်ထပ်နှင့် လက်ယာဘက်ခြမ်း ၆၉'၈"×၆၉'၈" သုံးထပ်) (R.C Building)
(ခ)	နည်းပညာတက္ကသိုလ် (မော်လမြိုင်)	ပင်မသုံးထပ်စာသင်ဆောင်မှ (၅၁၂'×၄၈') (၈၅၁၃၂)စတုရန်းပေ တိုးချဲ့စာသင်ဆောင် (R.C Building) တည်ဆောက်ခြင်းလုပ်ငန်း (Basement အပါအဝင်)
(ဂ)	မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	ပင်မစာသင်ဆောင်တိုးချဲ့ခြင်း (R.C Building) Ground Floor ၁၅၁' ၆"×၆၀' First Floor ၁၅၁' ၆"×၆၀' Second Floor ၂၅၆'၆"×၆၀' First Floor Cantilever ၁၀၅'×၆၀' Third Floor ၁၀၁' ၆"×၆၀' Head Roofing Area (arch for 2 Volume) ၁၅၀'×၆၀'

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၃-၅-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

MYANMAR MICROFINANCE BANK
MMB
MYANMAR MICROFINANCE BANK
မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်

မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်၏ စင်ရှောင်းဘဏ်ခွဲကို(၂၅.၄.၂၀၁၄) နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဘဏ်လုပ်ငန်းကိစ္စအဝဝကိုဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

စမ်းချောင်းဘဏ်ခွဲ
အမှတ်(၂၅၉) ဦးဝိစာရလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Tel: (၀၁)၂၃၀၆၀၅၁၊ ၂၃၀၆၀၅၁၊ ၂၃၀၆၀၅၂၊ ၂၃၀၆၀၅၃၊ ၂၃၀၆၀၅၄၊
Fax: (၀၁)၂၃၀၆၀၅၅၊ ၂၃၀၆၀၅၆။

မြန်မာနှစ်သစ်ကူးအခါသမယတွင် မိတ်ပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း
MMB Bank မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Mr. Rice လာပြီ
စပါးသီးသန့် အထွက်တိုး အော်ဂဲနစ်မြေဩဇာ

ကျပ်သိန်း(၃၅၀၀)ဖြင့် အမြန်ရောင်းမည်
ရွှေပြည်သာ [illegible] (၈၀X၁၈၀)
မြေဖြူ [illegible] - ဖုန်း-၀၉-၄၉၂၅၅၃၀၁

တိုက်ခန်းရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)
ပါရမီအိမ်ယာ (၂) လွှာ၊ ပါရမီစိန်ဂေဟာအနီး (ပါရမီလမ်း)
1250sqft (30'x40') အခန်း ၄ ခန်းပါ AC 3 [illegible]
ပါကင်၊ ပြင်ပြီး သိန်း 1800 (ညှိနှိုင်း)
ph : 09 73019461, 095156122

မြန်မာဝီနီ Taxi (၄)စီးငှားရန်ရှိသည်။
စပေါ် ၂သိန်း/တစ်လ ၂သိန်း
ဆက်သွယ်ရန်
ဖုန်း-၀၁-၈၅၀၀၃၅၊ ၂၀၉-၄၉၂၈၂၈၃၊ ၀၉-၄၂၀၆၅၄၃၉

MBE မှ တည်ထောင်ထားသော BCB Centre တွင်
Business Management Course Part (2)
သင်တန်းကို မေလ (၁၀) ရက်နေ့တွင် ဖွင့်လှစ်မည်။
[illegible]
• Economics • Introduction to Business Law
• International Business Management • Human Resource Management • Business Communication • Industrial Management, • Financial Management
• သင်တန်းချိန် - ညနေ ၅း၀၀ နာရီမှ ၈း၀၀ နာရီ (စနေ၊ တနင်္ဂနွေ)
Ph: 01 538531, 01 505972, E-mail: bcbcentre009@gmail.com

ဦးကျော်ဇေယျ
လူ၏ကိုယ်နှင့်အသက်ကို
ထိခိုက်စေသောပြစ်မှုများ
စာအုပ်ဆိုင်များတွင်ပေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၅၈၃၅

EAGLE GUEST HOUSE
ရန်ကုန်မြို့လယ်ခေါင်၊ ရွှေတိဂုံဘုရားသို့ [illegible]
EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာဇာနည်လမ်း(ဘုန်းကြီးလမ်း)၊ [illegible]
[illegible]
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀ ၄၃၆၇၃
၁၀၀၀၀ ကျပ် ၂၀၀၀၀ ကျပ်

ဝန်ထမ်း အမြန်အလိုရှိသည်
၁။	Photographer	[illegible]	(၃)ဦး
၂။	Videographer	[illegible]	(၃)ဦး
၃။	Graphic designer	[illegible]	(၃)ဦး
၄။	Video editing	[illegible]	(၂)ဦး
၅။	[illegible]	[illegible]	(၁)ဦး
၆။	[illegible]	[illegible]	(၃)ဦး
၇။	[illegible]	[illegible]	(၃)ဦး
၈။	[illegible]	[illegible]	(၂)ဦး
၉။	[illegible]	[illegible]	(၁)ဦး
၁၀။	[illegible]	[illegible]	(၁၀)ဦး
၁၁။	Food Reflexology ဝန်ထမ်း	[illegible]	(၁၀)ဦး
၁၂။	[illegible]	[illegible]	(၁၀)ဦး
၁၃။	Body Scrub ဝန်ထမ်း	[illegible]	(၁၀)ဦး

aroma (Zulu Studio)

မြောင်းမြဆရာအတတ်သင်
ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ

၁-၅-၂၀၁၄ရက် နံနက် ၈နာရီမှ ၁၁နာရီ
ကမ္ဘာအေးစေတီဂေါပကအဖွဲ့ရုံး

ဆက်သွယ်ရန်
ဦးစိုးသိန်း ဖုန်း-၀၉-၂၅၀၀၁၃၆၂၆
ဦးလှမြွေး ဖုန်း-၀၉-၃၁၅၃၅၂၂၈
ဦးလွင်ပင် ဖုန်း-၀၉-၇၃၀၁၀၃၈၉

ချင်းပြည်နယ်အတွင်း နေ့စားလပေးမူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမ ရာထူးများတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။**
(ခ) **Ph.D ဘွဲ့ရသူများ (အသက် ၄၀ အောက်)**
(ဂ) **MA/M.Sc ဘွဲ့ရသူများ (အသက် ၃၅ နှစ်နှင့်အောက်)**
(ဃ) **B.A/B.Sc ဘွဲ့ရသူများ (အသက် ၃၀ နှင့်အောက်)**
(င) **တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (အသက် ၂၅ နှစ်အောက်)**

၂။ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ချင်းပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ် မိတ္တူ(သို့) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ ခုနှစ် ဇွန် ၁ ရက် နောက်ဆုံးထားတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်ဖြင့် တွက်ချက်သည်။)

၄။ ချင်းပြည်နယ်အတွင်း နေထိုင်လျက်ရှိသောသူများ၊ ချင်းပြည်နယ်မှ တခြားဒေသသို့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းသားသမီးများကိုသာ ဦးစားပေးရွေး ချယ်ခန့်အပ်ပေးမည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ချင်းပြည်နယ်၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၂-၄-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၁၅-၅-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ၁၇-၅-၂၀၁၄ ရက်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်။

၇။ ၂၁-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၂၃-၅-၂၀၁၄ ရက် နံနက် ၉ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ရွှေပြည်သိမ်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၆-၂၇၊ (၃၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဧပြီလ(၂၆၊ ၂၇)ရက်တွင် ဦးအေး(ဒုသာ)ပြည် ၃၄-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေကျပ် ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ရယူလို ကိုယ်တိုင် လာရောက်လှူဒါန်းခြင်း၊ ဘဏ်မှတဆင့် ထည့်သွင်းလှူဒါန်းခြင်း လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေပုံတိုင်ကမ္ဘာ့ဘဏ် KBZBank(AccountNo.00730200701690301) နှင့် အခြားဘဏ်များ အခွင့်အရေးသိရှိလိုပါက (၁၂/ရကန(သ)၀၀၀၀၀၅)၊ ဖုန်း-၀၉ ၅၁၀ ၂၁၃၇၊ ၀၁-၅၅၁၃၃၃ သို့ဆက်သွယ်ပါ။

[illegible]

AGD BANK
Asia Green Development Bank Limited.

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏

ဈေးချိုဘဏ်ခွဲငယ် ကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် တွင် ၂၅.၄.၂၀၁၄ (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတွက်တကွ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

ဈေးချိုဘဏ်ခွဲငယ်

(၂၆)လမ်းနှင့် (၈၅)လမ်းထောင့်၊ ဈေးချိုပလာဇာ၊ ပထမထပ်၏အဝိုက်ဘက်အခြမ်း၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း – (၀၂) ၈၆၃၀၁၊ ၈၆၃၀၂၊ ၈၆၃၀၃
ဖက်စ် – (၀၂) ၈၆၃၀၄၊ ၈၆၃၁၁

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါရွာရှိ မနူဟာဘုရားကြီး ထီးတော်များအသစ်ပြုလုပ် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် စေတီရံများ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ခေါ်ယူပြုလုပ်မည်ဖြစ်ပါသည်။

လုပ်ငန်းလုပ်ကိုင်လိုသူများ ရွှေရည်မီ ရွှေဆိုင်းနမူနာနှင့်အတူ အိတ်ပိတ်တင်ဒါ တင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) တင်ဒါလျှောက်လွှာ စတင်လက်ခံမည့်ရက် - ၂၄-၄-၂၀၁၄ ရက်
(၂) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၁-၅-၂၀၁၄ ရက် ညနေ ၄ နာရီ
(၃) တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၀-၅-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ

မနူဟာဘုရားဂေါပကအဖွဲ့
မြင်းကပါရွာ၊ ညောင်ဦးမြို့နယ်
ဖုန်း-၀၆၁-၆၅၄၀၁၊ ၀၉-၆၅၀၂၇၉၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အမှတ် ၁၅၁၊ မြေညီထပ် ခေါင်းရင်းခန်း၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေ ၁၃½ ပေ × ပေ ၆၀ အခန်းတစ်ခန်းကို လက်ရှိပိုင်ဆိုင်သူ ဦးမျိုးမြင့် ၃/ဘအန(နိုင်)၀၄၂၉၇၄ ထံမှ ၀ယ်ယူရန် သဘောတူသဖြင့် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက် ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းကြူ
၁၂/လသန(နိုင်)၀၀၂၈၆၃
အမှတ် ၉၉၊ ၁၀၁၊ သုံးလွှာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၇၀၀၄၃၃

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်(ဆ)ရပ်ကွက်ရှိ [illegible] အမှတ်(၁၀)နေ ဦး[illegible] (၁၂/သဃက(နိုင်)[illegible]) [illegible] သတိပေးကြော်ငြာချက်

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉(စက်မှု ဇုန်)၊ မြေကွက်အမှတ်-၅၃/၁၊ ဧရိယာ ၆ ဒသမ ၂၈၉ဧကရှိ နှစ် ၆၀မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရား၀င်မခွဲစိတ်ရသေးသည့် မြေကွက်ကြီး၏ မြောက်ဘက်အခြမ်းရှိ ဧရိယာ ၄ ဒသမ ၀၈၉ဧကခန့်ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးဝင်းအောင်နှင့် ဒေါ်နန်းမွှေးကြိုင်တို့ထံမှ ၅-၃-၂၀၁၄ ရက်တွင် ချုပ်ဆိုခဲ့သည့် ရန်ကုန်စက်မှုဇုန်မြေကွက်နှင့် ပေလီမြေကွက်လဲလှယ်ခြင်း နှစ်ဖက်သဘောတူကတိစာချုပ်အရ လက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချသူ ဦးမော်မော် ၁၂/ရကန(နိုင်)၀၁၆၄၀၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရား၀င်အရောင်းအ၀ယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇) B.A,(Law),LL.B
ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇) B.A,(Law),LL.B

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၅၃၅၊ လမ်းသွယ်(၂)၊ ၃/ခ ရပ်ကွက်ရှိ အိမ်အပါအ၀င်မြေကွက် ပေ(၃၀×၆၀)ကို လက်၀ယ်ထားရှိပိုင်ဆိုင်သူထံမှ ကျွန်မ ဒေါ်ခင်မိုးဆွေ ၁၂/သကတ(နိုင်)၁၃၇၆၄၀က အပြီးအပိုင်၀ယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအ၀ယ်ကို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံလာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မိုးဆွေ
၁၂/သကတ(နိုင်)၁၃၇၆၄၀
ဖုန်း-၀၉-၄၅၀၀၀၃၁၁၂၊ ၀၉-၄၃၁၉၇၆၄၀

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

တာလီ စိန်ရွှေရတနာဆိုင်

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀)အထိ

ကျွန်ုပ်တို့ဆိုင်မှ ဒင်္ဂါးရွှေ၊ ခဲပုံရွှေ ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မပြောင်းစေရ မနိမ့်စေရ လုံးဝလုံးဝအာမခံပါသည်။

ကျွန်ုပ်တို့ဆိုင်မှ ဝယ်သော စိန်ထည်များကို နာလည်တတ်ကျွမ်းသူမှ ကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

ကျွန်ုပ်တို့ဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနှုတ်ပါ)

အီတလီ White Gold ပစ္စည်းများ+နန်းကြိုးတံ အဝေါက်လက်စွပ်၊ လက်ကောက်များ(လဲလှယ်နိုင်)ကိုလည်း ရောင်းချနေပါသည်။

စိန်ထည် ရွှေထည်များကို ပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845

May 2, 2014 တွင်ဖွင့်လှစ်မည့် University Bridging Foundation Course အတွက် ကျောင်းသူ/ကျောင်းသားများအား လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering
နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ခေတ်စားနေသော Civil Engineering ဘာသာရပ်

ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering course များကို အင်္ဂလန်နိုင်ငံမှ Edexcel ... Ph.D, Master of Engineering ... Engineer ... (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ ... English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။

... University Bridging Foundation Course ကိုစတင်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ F2 အခန်းအမှတ် (၄၅၊ ၄၆၊ ၄၇၊ ၄၈) ... ရန်ကုန်မြို့။

09 250 555 558 ,09 250 555 559, 09 255 71 72 30 , 09 255 71 72 40, 09 558 5558, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec

ဗွီ တန်းခွဲ လက်ခံပြီ
ကြည်စိုး L.C
Sat, Sun
09 510 4041
09 30359456

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၆၇၉၊ မြေကွက်တည်နေရာအမှတ်၆၇၉၊ဘယသကြန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်စန်းရင်၊ ဒေါ်တင်မြင့်၊ ဦးမောင်အုန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်အုန်းကွယ်လွန်သဖြင့် ဒေါ်လှထွေး ၁၂/ဥကတ (နိုင်) ဝ၈၄၅၆၄က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၄င်းကိုယ်စားနှင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စန်းရင်တို့ ကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ် ၇၈၃၄(၁၄-၃-၁၄)နှင့် ၇၈၃၃ (၁၄-၃-၁၄)ရရှိသူ GP ဦးရှုပ ၁၂/ပဇတ (နိုင်)ဝဝဝ၆ဝ၇က ပါဝါပေးသူ သက်ရှိထင်ရှား ရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၄၆၃၃(၂၆-၃-၁၄)ကို တင်ပြပြီး ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်မြင့်ထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ်-၃၁၄၃(၃၁-၁-၁၄)ရရှိသူ SP ဦးသန်းနိုင်စိုး ၁၂/ဥကတ(နိုင်)၁၆၆၄ဝ၁က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ-၄၉၅၉(၂၆-၃-၁၄)ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂-ဘီ)၊ (က+ခ)၊ ဉာဏရပ်ကွက်၊ မန္တလေးလမ်း၊ မြေကွက်အမှတ်(ယခင်-၂၂၅)(ယခု-၁/၂၃)ဟု ခေါ်တွင်သော ဧရိယာ $\frac{၁၀၆}{၁၀၀}$ x $\frac{၂၀၀}{၂၁၄}$ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဦး(ခ)ဦးယုလွင် ၁၂/ဗဟန(နိုင်) ဝ၇၄၇၅၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူ-	လွှဲအပ်ညွှန်ကြားချက်အရ-	
ဒေါ်ထွေးထွေးစိန်	ဒေါ်သန်းသန်းဆွေ	ဒေါ်ခိုင်နှယ်ဦး
၁/မညန(နိုင်) ဝ၇၄၁၃၂	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
အမှတ် (D/2)၊ သာယာရွှေပြည်လမ်း၊	စဉ် (၄၆၄၈)	စဉ် (၃၁၉၂၅)
တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊	အမှတ် (၈၅)၊ စိန်ပန်းမြိုင်လမ်း၊ ပုလဲ(၁)ရပ်ကွက်၊	
ရန်ကုန်တိုင်းဒေသကြီး	မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	
	ဖုန်း-ဝ၉-၅ဝ၄၉၂၅၉	

DUAL TECH Vocational Training Centre
အင်္ဂလန် ... (၆လ/၁နှစ်)
Mechanical
Electrical
Electronic
Air-Con & Refrigeration
Double Diploma in (EP & EC)
Civil (Construction)
M & E (MP & EP)
5% Off
Foundation
Air-Con & Refri, ... DUAL TECH
(၁လ/ ၂လ)
Controls
TV,VCD,DVD,EVD
Engineering Civil (Construction)
1 ... 01 8550596, 09 73020803
2 ... 09 73243776, 0973069682
3 ... 09 420313718

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်(၇၂/၉၆၄က) အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဦးထွန်းစီ(CE-081257)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၉၆၄/က)၊ စွယ်တော်လမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် မြေကွက်နှင့် နေအိမ်အားလက်ရှိပိုင်ဆိုင်သူ ဦးသက်နိုင်စိုး ၁၂/ကတတ(နိုင်)ဝဝ၄၂၄၅၅၏ ကိုယ်စားရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြမြစိမ်း ၁၂/လမတ(နိုင်)ဝ၁၈၉၁၅ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဘုန်မောင်(LL.B) **(စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း**(LL.B) **(စဉ်-၂၇ဝ၇၅)**
'လင်း'အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဗိုလ်ချုပ်ရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-ဝ၁-၅၅၁၆၅၉၊ ဝ၉-၅၁၁၈ဝဝ၇၊ ဝ၉-၄ဝ၂၅၉၄၃၄၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁၅၁၊ မြေကွက်အမှတ် ၁၃ဝ၃၊ အကျယ်ပေ(၄ဝ×၆ဝ)ရှိပါမစ်မြေသည် ဦးငွေသိန်း အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ၁ဝ-၃-၂ဝဝ၉ရက်က ဦးငွေသိန်းကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်ခင်ဝေ ၁၂/မဂတ(နိုင်)ဝဝ၇၈၇၅က အမွေဆက်ခံပိုင်ဆိုင်ပြီး မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝေ၏ညွှန်ကြားချက်အရ-
စလင်း-ဦးအောင်သိန်း(LL.B) **ဒေါ်မေမီလှိုင်**(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေများ
Master Law and Group.
ဖုန်း-ဝ၉-၅၄ဝ၁၉၄ဝ၊ ဝ၉-၄၉ဝ၃၂၈၄၆၊ ဝ၉-၄၂၈၂၂၇၃၁၃

LCCI Level- I, II &III
UK ...
Dual Tech ... certificate ...
18.5.14
10.5.2014 ထိ 10% Off
1. Sat,Sun (7-9) am
2. Mon,Fri (5-7) pm
DUAL TECH တိုက်(၂၈/၂) ...
(01) 855 0596, 09 73020803

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄ဝ)၊ မြေကွက်အမှတ်(၉၁)၊ အကျယ်အဝန်း ပေ(၄ဝ x ၆ဝ)ရှိ ဦးစောခင်မောင် အမည်ပေါက် နှစ်(၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အနက်မှ အကျယ်အဝန်းပေ(၂ဝ x ၆ဝ)အား ဆက်စပ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုဝန်ခံလာသူ ဒေါ်သူဇာလွင် ၁၂/သဃက(နိုင်)ဝဝ၂၇၅၃ က ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ဖြူဆွေ ၁၂/ဥကတ(နိုင်)၁၄ဝ၅၈၄ က ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်သူ - LL.B
အထက်တန်းရှေ့နေ (စဉ်-၂၅၈၃၂)
အမှတ်(၁၉၃)၊ အင်းဝ (၂ဝ)လမ်း၊ (၆) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-ဝ၉-၄၂ဝဝ၇၄၇၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ မြေကွက်အမှတ် ၇၆၊ ဦးအုန်းလွင်လမ်းရှိ အကျယ်အဝန်း ပေ(၄ဝ x ၆ဝ) ဦးဆွမ်လွတ်အိုင်ဇက် အမည်ပေါက် နှစ် (၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးမိုဟာမက်ရဖီစ်ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းရွှေ B.A, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ (၄၆၂၅)၊ တိုက် (၁၆၂)၊ အခန်း (၃)၊
ကမာကြည်လမ်း၊ သုဝဏ္ဏ၊ ၂၉ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်

ဝန်ထမ်းအမြန်အလိုရှိသည်
HORIZONS GALLERY
BRANN & HERRY CO;LTD
၁။ Junior Enginner ကျား/မ (၄) ဦး
BE (civil) သို့မဟုတ် AGTI (civil)
၂။ Store Keeper ကျား/မ (၂) ဦး
၃။ Accountant ကျား/မ (၂) ဦး
Bcom သို့မဟုတ် LCCI(Level 3)
၄။ ကျား/မ (၁) ဦး
၅။ sale Manager ကျား/မ (၂) ဦး
CV Form

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆နောက်၊ မြေကွက်အမှတ် ၄၆/က၊ မြေကွက်တည်နေရာအမှတ် ၄၆/က၊ ဇမ္ဗူသီရိ ၂လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်သိန်း အမည်ပေါက် နှစ်၆ဝဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်မြင့် ၁၂/သကတ(နိုင်) ၁ဝ၂၆ဝ၅က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလိမ္မာ စာမှာရှိ